

# ပိတ်ပင်ခံ အသံများ

## မြန်မာနိုင်ငံ၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အခြေအနေ

အသံ
(နိုဝင်ဘာ - ၂၀၂၄)

# ပိတ်ပင်ခံ အသံများ

## မြန်မာနိုင်ငံ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အခြေအနေ

www.athanmyanmar.org

၁။ နိဒါန်း 5
၁.၁။ သုတေသန နောက်ခံအကြောင်းအရာနှင့် ထည့်သွင်းစဉ်းစားရမည့် ပြဿနာများ 5
၁.၂။ သုတေသနနည်းနာ 8
၂။ ငြိမ်းချမ်းစွာစုဝေးခွင့် 9
၂.၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ၎င်း၏နိုင်ငံတကာစံချိန်စံနှုန်းများ 9
၂.၂။ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းများအပေါ် အင်အားသုံးဖြိုခွဲမှု 10
၂.၃။ အကြမ်းမဖက် အာဏာဖီဆန်လှုပ်ရှားမှု (Civil Disobedience Movement – CDM) 13
၂.၄။ အကြမ်းဖက် စစ်အာဏာသိမ်းမှုကို ထောက်ခံသည့် တန်ပြန်ဆန္ဒပြမှုများ 15
၂.၅။ ဆန္ဒထုတ်ဖော်မှုများကြောင့် ပြင်းပြင်းထန်ထန် နှိပ်စက်ခံခဲ့ရသည့် အမျိုးသမီးများနှင့် LGBTQIA+ များ 16
၂.၆။ ဆန္ဒပြလှုပ်ရှားမှုများတွင် သံဃာတော်များနှင့် ဘာသာရေးခေါင်းဆောင်များ၏ ပါဝင်မှု 19
၂.၇။ မိသားစုဝင်များအား ဓားစာခံအဖြစ် ဖမ်းဆီးထောင်ချခြင်း 21
၂.၈။ ထောင်တွင်း ဆန္ဒပြမှုနှင့် ဖြိုခွင်းခံရမှုနှင့် ဖိနှိပ်မှုများ 22
၂.၉။ အကြမ်းဖက်ဖိနှိပ်မှုများအပေါ် ပြည်သူလူထု၏တုန့်ပြန်မှုများ 25
၂.၁၀။ လွတ်မြောက်နယ်မြေများအတွင်းမှ ဆန္ဒပြထုတ်ဖော်ပြောဆိုမှုများ 28
၃။ ဖိနှိပ်စောင့်ကြည့်ရေး ယန္တရားများတည်ဆောက်ခြင်း 31
၃.၁။ စောင့်ကြည့်ရေး နည်းဗျူဟာများ 31
၃.၂။ ဥပဒေများကို အလွဲသုံးစားပြုလုပ်ခြင်း 33
၃.၃။ စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းနှင့် ပြည်သူများ၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် 34
၄။ တွေ့ဆုံမေးမြန်းခြင်း – မြေပြင်မှ စကားသံ 37
၅။ သတင်းမီဒီယာလွတ်လပ်ခွင့် 41
၅.၁။ မြန်မာပြည်၏ သတင်းလွတ်လပ်ခွင့် အခြေအနေ 41
၅.၁ (က)။ ကျား/မဖမ်းဆီးခံရသူအရေအတွက် 42
၅.၁ (ခ)။ နှစ်အလိုက်ဖမ်းဆီးထိန်းသိမ်းခံရသည့် သတင်းထောက်ဦးရေ 42
၅.၁ (ဂ)။ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပြန်လည်လွတ်မြောက်လာသည့် သတင်းသမားဦးရေ 43
၅.၁ (ဃ)။ ဒေသအလိုက် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် သတင်းသမားများစာရင်း 43
၅.၁ (င)။ ဒေသအလိုက် ဆက်လက်ဖမ်းဆီးထိန်းသိမ်းခံနေရဆဲ သတင်းသမားများစာရင်း 44
၅.၁ (စ)။ နှစ်အလိုက်အမိန့်ချခံရသည့် သတင်းထောက်အရေအတွက် 45
၅.၁ (ဆ)။ ဖမ်းဝရမ်းထုတ်ခံထားရသည့် အရေအတွက် 46

၅.၁ (ဇ)။ အသက်ဆုံးရှုံးခဲ့ရသည့် သတင်းသမားများအရေးအတွက် 47

၅.၂။ သတင်းမီဒီယာလွတ်လပ်ခွင့်ကို ချိုးဖောက်နေသည့် အဓိကဥပဒေများ 48

၅.၂ (က)။ သတင်းသမားများကို အရေးယူရာတွင် အဓိက အသုံးပြုခဲ့သည့် ဥပဒေပုဒ်မများ 49

၅.၂ (ခ)။ စစ်အာဏာသိမ်းပြီးနောက် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခံရသည့် မီဒီယာနှင့် သတင်းဌာနများ 50

၅.၂ (ဂ)။ စစ်အာဏာသိမ်းပြီးနောက် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခံလိုက်ရသည့် ပုံနှိပ်တိုက်များ 51

၅.၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မများကို အသုံးပြု၍ ကန့်သတ်ဖိနှိပ် အရေးယူမှု 51

၅.၄။ ညှင်းပမ်းနှိပ်စက်မှု ဒဏ်ရာများကြောင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးသူ ဖေမောင်စိမ်းသေဆုံးရခြင်း 53

၅.၅။ အကြမ်းဖက်စစ်တပ်မှ နေအိမ်ဝင်စီးပစ်သတ်ခြင်းများ 53

၅.၆။ သတင်းမီဒီယာနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်များ 54

၅.၇။ ဖားကန့်အခြေစိုက်သတင်းထောက်နှစ်ဦးကို ကချင်လွတ်မြောက်ရေးတပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းခြင်း 55

၆။ တွေ့ဆုံမေးမြန်းခြင်း – သတင်းထောက်တဦး၏စကားသံ 57

၇။ လွတ်လပ်စွာပြောဆိုခွင့် 61

၇.၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်ကာလအတွင်း ကန့်သတ်ခံခဲ့ရသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် 61

၇.၂။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ 63

၇.၃။ ထင်ရှားသောအမှုများ/ထူးခြားသောအမှုများ 64

၇.၃ (က)။ စစ်အုပ်စုကို သရော်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဟောင်း ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံရ 64

၇.၃ (ခ)။ သီတဂူဆရာတော်အား ဝေဖန်သည့်ပြည်သူများအား ဖမ်းဆီးအရေးယူရန် ရန်လှုံ့ဆော်ခြင်း 65

၇.၃ (ဂ)။ ရုပ်ရှင်ဝေဖန်သောကြောင့် ၅၀၅–က ဖြင့် အမှုဖွင့်ခံရခြင်း 66

၇.၃ (ဃ)။ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နိုင်ငံရေးသမားနှင့် လူမှုရေးတက်ကြွလှုပ်ရှားသူ ဖမ်းဆီးခံရမှု 66

၇.၃ (င)။ စစ်တပ်ကိုဝေဖန်သဖြင့် အသက်မပြည့် သူကလေးသူငယ်များအား ဖမ်းဆီးထိန်းသိမ်းအမိန့်ချခြင်း 67

၇.၄။ ညီနောင်မဟာမိတ်သုံးဖွဲ့၏ အီလက်ထရွန်းနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအား ကိုးကားတုန့်ပြန်ချက် 67

၈။ နိဂုံး 69

၈.၁။ အစီရင်ခံစာ၏ ဆွေးနွေးချက်များ 69

၈.၂။ ထည့်သွင်းစဉ်းစားအကောင်အထည်ဖော်ရန် အကြံပြုချက်များ 71

# ၁။ နိဒါန်း

## ၁.၁။ သုတေသန နောက်ခံအကြောင်းအရာနှင့် ထည့်သွင်းစဉ်းစားရမည့် ပြဿနာများ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် အခြေခံအကျဆုံးသော လူ့ရပိုင်ခွင့်တခု အနေဖြင့်သာမက တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာမှုရှိသည့် ဒီမိုကရက်တစ် လူ့အသိုင်းအဝန်းတခုကို အောင်မြင်စွာ တည်ဆောက်နိုင်ရန်အတွက်လည်း မရှိမဖြစ် လိုအပ်သည့် နိုင်ငံရေးတန်ဖိုးတခုဖြစ်သည်ဟု မြန်မာလူထုက နားလည်ထားကြသည် (အသံ၊၂၀၂၃၊ နိုဝင်ဘာ၊ စာ ၁၁–၁၆)[1]။ "လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်"ဟုဆိုရာ၌ မိမိကိုယ်တိုင် လက်ခံ ယုံကြည်ထားသော အယူအဆများ၊ အတွေးအခေါ်များအပြင် ရရှိလာသော အချက်အလက်များနှင့် သတင်းများကို အခြေခံ၍ ပြန်လည်မျှဝေခြင်းများပါဝင်သည် (Gunatilleke၊ ၂၀၂၀၊ စာ ၉၂)[2]။ ထိုကဲ့သို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံး၍ မိမိတို့၏ ထင်မြင်ယူဆချက်များကို မျှဝေရာတွင်လည်း နှုတ်ဖြင့် ထုတ်ဖော်ပြောဆို၍ ဖြစ်စေ၊ စာဖြင့် ရေးသား၍ဖြစ်စေ၊ အနုပညာပုံစံ တခုခုကို အသုံးပြု၍ဖြစ်စေ၊ သို့မဟုတ် တခြား မီဒီယာ တခုခုကို အသုံးပြု၍ဖြစ်စေ မျှဝေခွင့်ရှိသည့်အကြောင်းကို အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာအချုပ် အပိုဒ် (၁၉) တွင် ရေးသားထားသည်။

ဤအခြေခံအကျဆုံးသော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟူသည့် လူ့ရပိုင်ခွင့်ကို မြန်မာ့လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးစနစ်များက မည်မျှ ကာကွယ်ပေးသနည်း။ ဖြည့်ဆည်းပေးသနည်း၊ မြင့်တင်ပေးနေသနည်း၊ စသည့်မေးခွန်းများသည် မြန်မာနိုင်ငံနှင့်ဆက်စပ်၍ ထည့်သွင်းစဉ်းစားရန် လိုအပ်လျက်ရှိသည်။ ဤသို့မေးမြန်းဆွေးနွေးရန် လိုအပ်ရခြင်းအကြောင်းရင်းတခုမှာ ၂၀၂၁ ခုနှစ်တွင်အကြမ်းဖက်စစ်တပ်သည် ရွေးကောက်ခံအရပ်သားအစိုးရထံမှ တကြော့ပြန်အာဏာသိမ်းရန် စတင်ကြိုးပမ်းသည့် အချိန်မှစ၍ လွတ်လပ်စွာထုတ်ဖော်ဆိုခွင့်ကို တနိုင်ငံလုံးအတိုင်းအတာဖြင့် ပို၍စနစ်တကျ ဖိနှိပ်ကန့်သတ်ရန် ကြိုးပမ်းလျက်ရှိသည့်အတူ၊၂၀၂၁ ခုနှစ် မတိုင်မီ နှစ်ကာလများအတွင်းတွင်လည်း မြန်မာပြည်သူလူထုအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပြည့်ပြည့်ဝဝ ရရှိခဲ့ခြင်း ရှိမရှိဆိုသည့် အချက်ကို ထင်ဟပ်စေလို၍ဖြစ်သည်။

---

[1] အသံ (၂၀၂၃၊ နိုဝင်ဘာ) "တိမ်ကောပျောက်ကွယ်နေသော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် မြန်မာပြည်အာဏာသိမ်းမှုအပြီး ၂–နှစ်ကျော်ကာလအတွင်းမှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အခြေအနေ"
https://athanmyanmar.org/myanmar-and-its-vanishing-freedom-of-expressionthe-situation-of-freedom-of-expression-after-twoyears-of-the-military-coup/

[2] Gunatilleke (၂၀၂၀၊ စာ ၉၂) "Justifying Limitations on the Freedom of Expression"
https://doi.org/10.1007/s12142-020-00608-8

ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတည်ဆောက်ရာတွင် ပြည်သူလူထု၏ ပါဝင်မှုမှာ အရေးကြီးလှပြီး ထိုကဲ့သို့ ပါဝင်နိုင်ရန်အတွက် ၎င်းတို့၏ ထင်မြင်ယူဆချက်များ၊ ယုံကြည်ချက်များနှင့် သိရှိနားလည်ထားသည့် အချက်အလက်များကို လွတ်လပ်စွာ ရေးသားထုတ်ဖော်မျှဝေနိုင်ရန် အာမခံချက် ရှိရန်လိုအပ်သည်။ အထူးသဖြင့် ၂၀၂၁ ခုနှစ် လူထုနွေဦးတော်လှန်ရေးမှသည် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ်တခုကို တည်ဆောက်ရန် ရည်သန်အားခဲထားသည့်အတွက် ထိုနိုင်ငံသစ်တည်ဆောက်ရန် လိုအပ်သည့် နိုင်ငံရေးစံတန်ဖိုးများနှင့် ဒီမိုကရေစီစံနှုန်းများကို ယခုအချိန်ကတည်းကပင် ပြုစုပျိုးထောင် မြှင့်တင်ရန် အရေးကြီးလှသည်။ ထိုမှသာလျှင် မျှော်လင့်ထားကြသည့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်း တရပ်ကို အောင်မြင်စွာ တည်ဆောက်နိုင်မည်ဖြစ်ပြီး ဤလူထုနွေဦးတော်လှန်ရေးတွင် ပါဝင်ခဲ့ကြသည့် ပြည်သူလူထုတို့၏ ပါဝင်မှုများ၊ ပေးဆပ်အနစ်နာခံမှုများ အဟောသိကံဖြစ်ခြင်းမှ ရှောင်ကြဥ်နိုင်မည်ဖြစ်သည်။

ဤအစီရင်ခံစာတွင် ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အချိန်ကာလအထိ အကြမ်းဖက်စစ်တပ်၏ မတရားအာဏာသိမ်းမှုကို မြန်မာပြည်သူ လူထုတရပ်လုံးကမည်ကဲ့သို့ ဆန့်ကျင်ခဲ့ကြသနည်း(သို့မဟုတ်) မည်ကဲ့သို့ ဆက်လက်ဆန့်ကျင် ပါဝင်တိုက်ပွဲဝင် နေကြသနည်း ဆိုသည့်မေးခွန်းကို အခြေခံထားသည်။ ထို့အပြင် မြန်မာလူထု က စစ်တပ် ကို ဆက်လက် တိုက်ပွဲဝင်နေသည့် အကြောင်းအရင်းများ နှင့် ၎င်းတို့ မျှော်မှန်းသည့် နိုင်ငံရေး စံတန်ဖိုး၊ နိုင်ငံရေးစနစ်နှင့် ရည်မှန်းချက်များကိုလည်း လေ့လာ တင်ပြထားသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းမှု မတိုင်မီကတည်းက တည်ရှိနေခဲ့ပြီး၊ စစ်တပ်နှင့် ၎င်းတို့ အသိုင်းအဝိုင်းများသာ လွှမ်းမိုးချုပ်ကိုင်ထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေလက်အောက်ရှိ နိုင်ငံရေးအခင်းအကျင်းကိုလည်း တော်လှန်ပြည်သူတို့က လက်ခံလိုခြင်း အလျှင်းမရှိပါ။ ထို့ကြောင့် အာဏာရှင်စနစ်မှန်သမျှ မြန်မာနိုင်ငံမှ ချုပ်ငြိမ်းပျောက်ကွယ်သွားရန်အတွက် ပြည်သူလူထုက တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ မြန်မာနိုင်ငံသစ်ကို ပြန်လည်တည်ဆောက်ရာတွင်လည်း ဆန္ဒပြပြည်သူလူထုက လူ့ရပိုင်ခွင့်များ၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရက်တစ် လူ့အသိုင်းအဝန်းတခုကို အကောင်အထည်ဖော်တည်ဆောက်ရန်အတွက် တောင်းဆိုခဲ့ကြသည်။

ထိုသို့ ဒီမိုကရက်တစ်အသိုင်းအဝန်းတခုကို အောင်မြင်စွာတည်ဆောက်နိုင်ရန်မှာ လူသားတိုင်း သာတူညီမျှမှုရှိခြင်း၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် သတင်းအချက်အလက်များကို လက်ခံရရှိပိုင်ခွင့်ရှိခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ပြန်လည်ရေးသားမျှဝေခွင့်ရှိခြင်းများအပြင် အသင်းအပင်းဖွဲ့စည်းထူထောင်ပိုင်ခွင့်များရှိခြင်း စသည့် ဒီမိုကရေစီ အခြေခံစံတန်ဖိုးများကို လေးစားလိုက်နာခြင်း၊ ကာကွယ်ပေးခြင်းနှင့် မြှင့်တင်ပေးခြင်းများကို အကောင်အထည်ဖော်ရန် လိုအပ်လျှက်ရှိသည်။

ဤသို့လုပ်ဆောင်နိုင်ရန်အတွက် ထည့်သွင်းမေးမြန်းရန် လိုအပ်သည့် အချို့သောမေးခွန်းများမှာ မြန်မာနိုင်ငံအတွင်းတွင် မည်သို့သော် ဒီမိုကရေစီစံတန်ဖိုးများက ရှင်သန်ပြီး မည်သည့် စံတန်ဖိုးများက

ကန့်သတ်ဖိနှိပ်ခံနေရသနည်း။ ၎င်းစံတန်ဖိုး အခွင့်အရေးများက မည်သည့် ပုံစံများဖြင့် ထိန်းချုပ်ခံကန့်သတ်ခံနေရသနည်း။ မည်သူတို့က ချိုးဖောက်ခံနေကြရပြီး၊ မည်သူတို့က ကန့်သတ်ထိန်းချုပ်ရန် ကြိုးပမ်းလုပ်ဆောင်နေကြသနည်း။ စသည့်မေးခွန်းများသည် ဖက်ဒရယ်ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတခု ပြန်လည်တည်ဆောက်ရန်အတွက် ထည့်သွင်းစဉ်းစားရန်လိုအပ်သည့် မေးခွန်းများဖြစ်သည်။ ဤအစီရင်ခံစာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှုထောင့်မှ မြန်မာပြည်သူလူထုသည် ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဘယ်မျှ ကျင့်သုံး၍ အကြမ်းဖက်စစ်အာဏာသိမ်းမှုကို နည်းလမ်းအမျိုးမျိုး အသုံးပြုခဲ့သည့် ဆန့်ကျင်လှုပ်ရှားမှုများ၊ ၎င်းတို့ လိုလားသည့် အနာဂတ်တိုင်းပြည်သစ် ဖော်ဆောင်အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လှုပ်ရှားမှုများတွင် ဆက်လက်ပါဝင် ထောက်ပံ့မှုများနှင့်၊ ၎င်းတို့၏ နိုင်ငံရေးမျှော်မှန်းချက်များကို လေ့လာသုံးသပ် ရေးသားတင်ပြသွားဖြစ်ဖြစ်သည်။

## ၁.၂။ သုတေသနနည်းနာ

ဤအစီရင်ခံစာပြုစုရေးသားရာတွင် သတင်းမီဒီယာအဖွဲ့အစည်းများ၏ သတင်းရေးသား ထုတ်ပြန်ချက်များကို အသံအဖွဲ့မှ နေ့စဉ်စောင့်ကြည့် ကောက်ယူထားသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်သက်ဆိုင်သည့် အချက်အလက်များအပေါ်တွင် အခြေခံ၍ ရေးသားထားသည်။ အချက်အလက်များကို ကောက်ယူရာ၌ နေ့စဉ်စောင့်ကြည့်ခဲ့သည့် သတင်းမီဒီယာများမှာ ပြည်တွင်းအခြေစိုက် နိုင်ငံတကာသတင်းမီဒီယာများ၊ ပြည်ပရောက် မြန်မာ့သတင်းမီဒီယာများသာမက [ဒေသန္တရ] ပြည်နယ်အဆင့် (သို့) မြို့နယ်အဆင့် ဒေသအခြေစိုက် သတင်းမီဒီယာများ၏ သတင်းရေးသားထုတ်ပြန်ချက်များကိုပါ နေ့စဉ်စောင့်ကြည့်၍ စနစ်တကျ စိစစ်ကောက်ယူခဲ့သည်။ သတင်းရေးသားဖော်ပြချက်များမှ ကောက်ယူရရှိသည့် အချက်အလက်များကို ပြန်လည်အတည်ပြုရန် သို့မဟုတ် ဖြည့်စွက်ရန် လိုအပ်လာသည့်အခါများတွင် သက်ဆိုင်ရာ သတင်းထောက်များနှင့်သော်လည်းကောင်း၊ အသံအဖွဲ့၏ ဒေသခံမိတ်ဖက်အဖွဲ့အစည်းများနှင့် သော်လည်းကောင်း ဆက်သွယ်မေးမြန်းအတည်ပြုခဲ့သည်။

# ၂။ ငြိမ်းချမ်းစွာစုဝေးခွင့်

## ၂.၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ၎င်း၏နိုင်ငံတကာစံချိန်စံနှုန်းများ

အပြည်ပြည်ဆိုင်ရာပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပိုဒ် (၂၁) အရ "ငြိမ်းချမ်းစွာစုဝေးခွင့်ကို အသိအမှတ်ပြုရမည်" ဟု အတိအလင်းဖော်ပြထားသည်။ "ငြိမ်းချမ်းစွာစုဝေးခွင့်"သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဆက်စပ်နေသည့် လူ့ရပိုင်ခွင့်တခုဖြစ်ပြီး ICCPR အပါအဝင် နိုင်ငံတကာသဘောတူစာချုပ်များတွင် ကာကွယ်ပြဋ္ဌာန်းထားသည်။ ဤလူ့ရပိုင်ခွင့်သည် ပြည်သူလူထုတရပ်လုံးပူပေါင်းပါဝင်သည့် စီမံ၊ အုပ်ချုပ်ရေးယန္တရားတခုကောင်းမွန်စွာလည်ပတ်နိုင်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး အမှန်တကယ် အခရာကျသော ရပိုင်ခွင့်တရပ်ဖြစ်သည်မှာ ငြင်းဆိုဖွယ်မရှိနိုင်ပါ။ ထိုလူ့ရပိုင်ခွင့်များအား အစိုးရတရပ်အနေဖြင့် လေးစားလိုက်နာရန်၊ ကာကွယ်ရန်၊ ဖြည့်ဆည်းပေးရန် စသည့် ၎င်းတို့၏တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ပါက လူထုအပေါ် ဖိနှိပ်သည့် လက္ခဏာတရပ်ဟု ခေါ်ဝေါ်နိုင်သည်။




ပုံစာ – ရန်ကုန်မြို့လည်မှ ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတခု (ရန်ကုန်၊ ဖေဖော်ဝါရီ ၂၁၊ ၂၀၂၁)

ငြိမ်းချမ်းစွာစုဝေးခြင်းဆိုသည်မှာ မိမိပတ်ဝန်းကျင် (မြေပြင်)တွင် ဖြစ်စေ၊ အွန်လိုင်းဆိုရှယ်မီဒီယာများပေါ်၌ဖြစ်စေ၊ မိမိကိုယ်ပိုင်နေရာ (သို့မဟုတ်) အများပြည်သူဆိုင်ရာနေရာတွင် ဘုံသဘောတူရည်ရွယ်ချက်တခုအတွက် အကြမ်းမဖက်သော စုဝေးခြင်းကို ဆိုလိုသည်။ ငြိမ်းချမ်းစွာစုဝေးခွင့်တွင် ပုံသဏ္ဍာန်မျိုးစုံအမျိုးမျိုးရှိသည်။ ၎င်းတို့မှာ ဆန္ဒထုတ်ဖော်ခြင်း၊ ကန့်ကွက်ဆန္ဒပြခြင်း၊ အစာငတ်ခံဆန္ဒပြခြင်း၊ စီတန်းလမ်းလျှောက်ခြင်း၊ အစည်းအဝေးများ၊ သပိတ်အမျိုးမျိုး (ဆီမီးထွန်းလမ်းလျှောက်သပိတ်၊ ထိုင်သပိတ်)၊ လူစုလူဝေးပြုလုပ်ခြင်း၊ အွန်လိုင်းပေါ်မှ စုရုံးခြင်းနှင့် ရုတ်တရက်ပေါ်ပေါက်လာသောလူစုလူဝေးစုဖွဲ့မှုတို့ပါဝင်သည်။ မှတ်ချက်အနေဖြင့် အထက်ဖော်ပြပါ စုဝေးမှုများ၌ပါဝင်ကြသူများ (သို့) ဆန္ဒပြပွဲတွင်ပါဝင်ကြသူများမှ အကြမ်းဖက်မှု တစုံတခုအား ကျယ်ကျယ်ပြန့်ပြန့်၊ ပြင်းပြင်းထန်ထန်ကျူးလွန်လာပါက ထိုစုဝေးမှုအား မငြိမ်းချမ်းသော စုဝေးမှုဟု ယူဆနိုင်ကြောင်း ICCPR ၏ အထွေထွေမှတ်ချက် ၃၇ (General Comment 37) တွင် ဖော်ပြထားသည်။

"၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှု" ဟူသည့် အခြေအမြစ်မရှိသည့် အကြောင်းပြချက်၊ စွပ်စွဲချက်များဖြင့် (၂၀၂၁) ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် စစ်အာဏာရှင်မင်းအောင်လှိုင်ဦးဆောင်သည့် အကြမ်းဖက်စစ်တပ်မှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်အပါအဝင် အရပ်သားအစိုးရ အဖွဲ့ဝင်များ၊ နိုင်ငံရေးသမားများနှင့်တက်ကြွလှုပ်ရှားသူများအား မတရားဖမ်းဆီးထိန်းသိမ်းပြီးနောက် နိုင်ငံ့အာဏာအား အဓမ္မနည်းဖြင့်သိမ်းယူခဲ့သည်။ ထိုအချိန်မှ စတင်၍ မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့ပြ၊ ကျေးလက်၊ နယ်စပ်ဒေသများနှင့်ပြည်ပရောက် မြန်မာနိုင်ငံသားပေါင်း သိန်းသန်းချီ ၎င်းမတရားအာဏာသိမ်းမှုအား ဆန့်ကျင်ကြောင်းနည်းလမ်းမျိုးစုံဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

## ၂.၂။ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းများအပေါ် အင်အားသုံးဖြိုခွဲမှု

အကြမ်းဖက်စစ်တပ်၏ မတရားအာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်သည့် ပထမဦးဆုံးသောလှုပ်ရှားမှုအဖြစ် သံပုံးတီးကမ်ပိန်းကို (၂၀၂၁) ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂) ရက်နေ့တွင် မြန်မာနိုင်ငံတဝှမ်းလုံး၌ စတင်ဖော်ဆောင်ခဲ့ကြပြီး ဖဲကြိုးနီကမ်ပိန်းများလည်း အစိုးရဆိုင်ရာဌာနဆိုင်ရာအသီးသီးရှိ ပြည်သူ့ဝန်ထမ်းများမှနေ၍ ဖေဖော်ဝါရီလ၊ (၃) ရက်နေ့တွင် စတင်လှုပ်ရှားခဲ့ကြသည်။ ထို့နောက် ဖေဖော်ဝါရီလ၊ (၄) ရက်နေ့တွင် ဒေါက်တာတေဇာဆန်းဦးဆောင်သည့် မန္တလေးမြို့မှ ဆန္ဒပြမှုအပြင် ရန်ကုန်၊ တနင်္သာရီတိုင်းတို့မှစ၍ နိုင်ငံအဝှမ်း သန်းနှင့်ချီသည့် ပြည်သူများမှ စစ်အာဏာရှင်ဆန့်ကျင်သည့် ဆန္ဒပြပွဲများ၊ ကမ်ပိန်းများနှင့် လူထုလှုပ်ရှားမှုများအား နည်းအမျိုးမျိုးဖြင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြသည် (RFA Burmese၊ ၂၀၂၁၊ ဖေဖော်ဝါရီ ၄)[3]။ ထိုကဲ့သို့သော လူထုလှုပ်ရှားမှုများ အရှိန်တခုဖြင့် နေရာဒေသအသီးသီး၌ ပေါ်ပေါက်လာသည်နှင့်တပြိုင်နက် အကြမ်းဖက်စစ်တပ်မှ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ကြသည့်

---

[3] RFA Burmese (၂၀၂၁၊ ဖေဖော်ဝါရီ ၄)စစ်အာဏာသိမ်းပြီးနောက် မန္တလေးမြို့မှာ ပထမဆုံးအကြိမ် လမ်းပေါ်ထွက်ဆန္ဒပြ https://www.facebook.com/watch/?v=239829681128124

လက်နက်မဲ့ပြည်သူများအား ရက်စက်သော နည်းမျိုးစုံဖြင့် အကြမ်းဖက်ဖြိုခွင်းမှုများ ကျူးလွန်လာခဲ့ကြသည်။ နောက်ပိုင်းတွင် ငြိမ်းချမ်းစွာ စုဝေးဆန္ဒထုတ်ဖော်ပြသနေကြသည့် ပြည်သူလူထုကို မတရားဖမ်းဆီးရိုက်နှက်ခြင်းများအပါအဝင် စစ်လက်နက်များအသုံးပြု၍ ကျည်အစစ်များနှင့်ပင် "ခေတ်ကိုပြောင်းချင် ခေါင်းကိုပစ်" ဟုဆိုကာ ဆန္ဒပြပြည်သူများကို ရက်ရက်စက်စက် ပစ်ခတ်ဖြိုခွင်းခြင်းများကို ပေါ်ပေါ်ထင်ထင် ကျူးလွန်လာခဲ့သည် (ဥညာ၊ ၂၀၂၂၊ ဇူလိုင် ၁၈)[4]။

သံပုံးတီးကမ်ပိန်းသည် တနိုင်ငံလုံးအတိုင်းအတာဖြင့် နေ့စဉ် မြန်မာစံတော်ချိန် ည (၈) နာရီ အချိန်တိုင်း ပြည်သူများမှ မိမိတို့နေထိုင်ရာ နေအိမ်ထဲမှ သံပုံးတီး၍ စစ်အာဏာရှင်ဆန့်ကျင်ကြောင်း ကြွေးကြော်သံများဟစ်အော်ခြင်းနှင့် လမ်းမများပေါ်ရှိ ယာဉ်ကြီး၊ ယာဉ်ငယ်များမှ ဟွန်းတီးခြင်းများအား တစုတစည်းတည်းပြုလုပ်သော အရှိန်အဟုန်ကောင်းသည့် စစ်အာဏာရှင်ဆန့်ကျင်ရေး ကမ်ပိန်းတခုဖြစ်ခဲ့သည်။ မြန်မာပြည်သူလူထု၏ ဒီမိုကရေစီတောင်းဆိုသံအား နိုင်ငံတကာသို့ ပဲ့တင်ထပ်စေပြီး အလွန်အားကောင်းခဲ့သည့် လူထုလှုပ်ရှားမှုကြီးတခုဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ပြည်သူများ၏ ငြိမ်းချမ်းစွာ သံပုံးတီးဆန္ဒထုတ်ဖော်မှုသည် အကြမ်းဖက်စစ်တပ်အတွက် နားမခံနိုင်စရာ လှုပ်ရှားမှုတခုဖြစ်စေခဲ့ပြီး သံပုံးတီးသူများအား ဖမ်းဆီးအရေးယူခြင်းများပြုလုပ်လာသည်။ သံပုံးတီးကမ်ပိန်းတွင် ပါဝင်ခြင်းကြောင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ဧရာဝတီနှင့် ချင်းပြည်နယ်များတွင် ထောင်ချ အရေးယူခံရသူများရှိခဲ့ပြီး၊ ရပ်ကွက်နှင့် ကျေးရွာများရှိ အုပ်ချုပ်ရေးမှူး (သို့) ရဲနှင့် စစ်သားများမှ အတင်းအကြပ် ခေါ်ယူစစ်ဆေးခြင်း၊ ခံဝန်ဖြင့် ပြန်လွှတ်ပေးခြင်းများစွာသော ဖြစ်စဉ်များ ရှိခဲ့သည်။ တနိုင်ငံလုံးအတိုင်းအတာအရ အရှိန်အဟုန်အလွန်ကောင်းခဲ့သည့် သံပုံးတီးကမ်ပိန်း၌ ပါဝင်သူများ များပြားလှသောကြောင့် ဖမ်းဆီးအရေးယူရန် မလွယ်ကူလှသည့်အတွက် သံပုံးတီးကမ်ပိန်းတွင် ပါဝင်သူများအား ခြိမ်းခြောက်ရန် အကြမ်းဖက်စစ်တပ်၏ လက်အောက်ခံ ရဲနှင့်စစ်သားများမှ အုပ်စုလိုက် ရပ်၊ရွာများအတွင်း ဝင်ရောက်ဆဲဆို၍ သေနတ်ပစ်ဖောက်ခြင်းသော်လည်းကောင်း၊ သံပုံးတီးသည့် အိမ်များသို့ အတင်းအဓမ္မ ဝင်ရောက်ဖမ်းဆီးခြင်းသော်လည်းကောင်း ပြုလုပ်ပြီး သံပုံးတီးကမ်ပိန်းအား ဖိနှိပ်ခဲ့သည်။

ဖေဖော်ဝါရီလ (၆) ရက်နေ့နောက်ပိုင်းတွင် နိုင်ငံအနှံ့ လူငယ်များဦးဆောင်သည့် လူစုလူဝေးဖြင့် ဆန္ဒထုတ်ဖော်ပွဲများ တစတစထွက်ပေါ်လာခဲ့ပြီး ဖေဖော်ဝါရီလ (၈) ရက်နေ့၊ နေပြည်တော်မှ ဆန္ဒပြပွဲတခုကို အကြမ်းဖက်စစ်တပ်လက်အောက်ခံတပ်သားများမှ ရေကားများအသုံးပြုကာ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နေသည့် ပြည်သူများအား စတင်ဖြိုခွင်းခဲ့ပြီး ထို့နောက် နေပြည်တော် သပြေကုန်းအဝိုင်း ဆန္ဒပြလူစုအား အကြမ်းဖက်စစ်တပ်လက်အောက်ခံ ရဲတပ်သားများမှ ကျည်အစစ်အသုံးပြု၍ စတင်ပစ်ခတ်ဖြိုခွဲခဲ့သည် (RFA Burmese၊ ၂၀၂၁၊ ဖေဖော်ဝါရီ ၉)[5]။ ထိုပစ်ခတ်မှုကြောင့် သတင်းထောက်တဦးအပါအဝင်

[4] ဥညာ (၂၀၂၂၊ ဇူလိုင် ၁၈) "ချန်ထားမရတဲ့ လောကီအစီအရင် အားပြိုင်မှုများ"
https://burma.irrawaddy.com/opinion/viewpoint/2022/07/18/253249.html

[5] RFA Burmese (၂၀၂၁၊ ဖေဖော်ဝါရီ ၉) "နေပြည်တော်ဆန္ဒပြပွဲ ရဲကပစ်ခတ်လို့ လူငယ်နှစ်ယောက် အသက်အန္တရာယ်စိုးရိမ်ရ"
https://www.facebook.com/rfaburmese/posts/10160800900073128

ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူ (၅) ဦးထက်မနည်း ထိခိုက်ဒါဏ်ရာရခဲ့ပြီး အသက် (၂၆) နှစ်အရွယ် ကိုဝင်းထက်မိုးမှာ လက်ဖျံတွင် ကျည်ထိမှန်ခဲ့ပြီး အသက် (၂၃) နှစ်အရွယ် ကိုဆိုဝေမှာ ရင်ဘတ်ထုတ်ချင်းပေါက် ကျဉ်ဆံဒါဏ်ရာနှင့် အသက် (၂၀) နှစ်အရွယ် မမြသွဲ့သွဲ့ခိုင်မှာ ဦးခေါင်းကျည်ထိမှန်ခဲ့ကြသည် (Myanmar Now၊ ၂၀၂၁၊ ဖေဖော်ဝါရီ ၉)[6]။ မမြသွဲ့သွဲ့ခိုင်သည် ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ဖော်ပြပါဦးခေါင်းကျည်ထိမှန်သည့်ဒါဏ်ရာဖြင့် (Brain Death) ဦးနှောက်သေဆုံးသွားခဲ့ပြီး အသက်ဆုံးရှုံးခဲ့ရသည်။ တဖက်တွင်လည်း မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်တပ်မှ မတရားအာဏာသိမ်းယူပြီးနောက် ပထမဆုံးထွက်ပေါ်ခဲ့ကြသည့် ဆန္ဒပြသူများထဲမှ မန္တလေးမြို့တွင် မတရားအာဏာသိမ်းမှုအား ဆန့်ကျင်ဆန္ဒထုတ်ဖော်ခဲ့ကြသော ရတနာပုံတက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ကိုမင်းညီညီထွန်း၊ ကိုရဲဝင်းထွန်း၊ ကိုပြည့်စုံအောင်နှင့် ကိုစောဥက္ကာဦးတို့ကို ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ (၁၉) နှင့် သဘာဝဘေးအန္တရာယ် စီမံဥပဒေပုဒ်မ (၂၅) တို့ ဖြင့် အကြမ်းဖက်စစ်တပ်က အဓမ္မဖမ်းဆီးအရေးယူခဲ့သည်။




ပုံစာ – ရန်ကုန်မြို့လယ် မှ ဆန္ဒပြပြည်သူတဦး ရိုက်နှက်ခံရပြီးနောက် အချုပ်ကားပေါ်တွင် တွေ့ရစဉ်။ (မတ် ၁၁၊ ၂၀၂၁)

နောက်ပိုင်းကာလများတွင် လူထုသည် တရားမျှတမှုမရှိသည့် အကြမ်းဖက်စစ်တပ်၏ လုပ်ရပ်များအပေါ် မကျေနပ်မှုများ ပိုမိုတိုးပွား လာခဲ့ပြီး လမ်းမများထက်၌ လူပေါင်းသိန်းသန်းချီ ကာ မတရား စစ်အာဏာသိမ်းမှုအား ဆန့်ကျင် ဆန္ဒပြ ခဲ့ကြသည်။ လူထု၏ဆန္ဒပြမှုများ အရှိန်အဟုန်ဖြင့် ပိုမိုအားကောင်းလာသည် နှင့်အမျှ အကြမ်းဖက်စစ်တပ်၏ လက်အောက်ခံ များဖြစ်ကြသည့် ရဲနှင့် စစ်သားများမှ နိုင်ငံအဝှမ်း ဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်ကြသည့် ပြည်သူများအား အတင်းအဓမ္မ ရိုက်နှက် ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြနေသည့်

[6] Myanmar Now (၂၀၂၁၊ ဖေဖော်ဝါရီ ၉) "နေပြည်တော်မြို့တော်ခန်းမရှေ့တွင် အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြ" https://www.facebook.com/myanmarnownews/posts/2016313908516337

လူအုပ်ထဲသို့ ရေပိုက်ဖြင့် (အရှိန်ပြင်း) ထိုး၍ဖြိုခွင်းခြင်း၊ အသံဗုံးနှင့် မျက်ရည်ယိုဗုံးများအသုံးပြု၍ လူစုခွဲခြင်း၊ စစ်ကား (သို့) အိမ်စီးကားများဖြင့် ဆန္ဒပြလူစုအတွင်းသို့ ဦးတည်မောင်းနှင်၍ ဝင်ရောက်စီးနင်းဖြိုခွင်းခြင်း၊ ဆန္ဒပြလူအုပ်စုအား သေနတ်ဖြင့် ပစ်ခတ်ဖြိုခွင်းရာတွင် ရာဘာကျည်များအပြင် ကျည်အစစ်များဖြင့် အသုံးပြု၍ ရက်ရက်စက်စက် ပစ်ခတ်ဖြိုခွင်းခြင်းများကို ဆက်လက်ကျူးလွန်ခဲ့သည်။ တက်ကြွလှုပ်ရှားသူများ၊ လူငယ်များနှင့် သပိတ်ခေါင်းဆောင်များအား စနစ်တကျ ထောက်လှမ်းစုံစမ်းခြင်း၊ နေရာဌာနရပ်ကွက်အသီးသီးတွင် သတင်းပေးများထားရှိပြီး အစဉ်တစိုက် မြေလှန်ရှာဖွေ၍ ရိုက်နှက်ဖမ်းဆီးခြင်းနှင့် ဖိနှိပ်ခြင်းများကြောင့် လမ်းမများပေါ်ရှိ လူထုလှုပ်ရှားမှုများသည် အနည်းငယ်မျှ အားလျော့သွားသည့်အနေအထားသို့ ရောက်ခဲ့သော်လည်း အကြမ်းဖက်စစ်တပ်အား ဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်မှုများ (၂၀၂၁) ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကာ (၂၀၂၄) ခုနှစ်၊ အောက်တိုဘာလ (ယနေ့) ထိ ပြည်သူများထံမှ ဆက်လက်ပေါ်ထွက်နေဆဲဖြစ်သည်။

၂၀၂၁ ခုနှစ်၊ မတ်လ အတွင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သည့် လက်နက်မဲ့ ပြည်သူများအား အကြမ်းဖက်စစ်တပ်၏ လက်အောက်ခံ ရဲနှင့် စစ်သားများမှ ဖမ်းဆီး၊ သတ်ဖြတ်ခြင်းများကို အများဆုံး (အဆုံးစွန်) ကျူးလွန်ခဲ့ပြီး ဆန္ဒပြပွဲများအား အကြမ်းဖက်ဖြိုခွင်းခြင်းကြောင့် သေဆုံးခဲ့ရမှုများသည် မတ်လ၌ အများဆုံးဖြစ်ပြီး ထိုတလတည်းအတွင်း ပြည်သူအနည်းဆုံး (၅၂၀) နှင့်အထက် မတရား အသက်ပေးခဲ့ရသည် (အသံ၊ ၂၀၂၂ အောက်တိုဘာ)[7]။ သို့သော်လည်း ဧပြီလဆန်းပိုင်းထိ သန်းနှင့်ချီသော ပြည်သူလူထု၏ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပွဲများ၊ သပိတ်များနှင့် စစ်အာဏာရှင်ဆန့်ကျင်သည့် ကမ်ပိန်းများကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ခဲ့ကြသည်။ မတ်လနှောင်းပိုင်းတွင် မြို့နယ်များရှိ အထိုင်သပိတ်များ အားလုံးနီးပါး အကြမ်းဖက်စစ်တပ်၏ လူမဆန်စွာဖြိုခွင်းခံခဲ့ရပြီးနောက်ပိုင်း မြို့ပြပြောက်ကျားသပိတ်များနှင့် မြေပြင်နှင့် အွန်လိုင်းကမ်ပိန်းများကို စတင်ပုံဖော်လာခဲ့ကြသည်။ ပဋိပက္ခဖြစ်စဉ်များကို စောင့်ကြည့်မှတ်တမ်းတင်နေသော Armed Conflict Location & Event Data (ACLED) ၏ မှတ်တမ်းများအရ ကမ္ဘာအနှံ့အပြားနိုင်ငံများမှ အကြမ်းဖက်ဖြိုခွင်းခံရမှုဖြစ်စဉ် စုစုပေါင်း၏ ၆၀% သည် စစ်အာဏာသိမ်းမှုများနောက်ပိုင်းတွင်သာ ဖြစ်ပွားလေ့ရှိကြောင်း ထုတ်ပြန်ထားသည် (ACLED၊ ၂၀၂၁၊ အောက်တိုဘာ)[8]။

## ၂.၃။ အကြမ်းမဖက် အာဏာဖီဆန်လှုပ်ရှားမှု (Civil Disobedience Movement – CDM)

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းမှုအား ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုများနှင့် သံပုံးတီးသပိတ်များမှာ အားကောင်းခဲ့သည့်နည်းတူ တဖက်တွင်လည်း

[7] အသံ (၂၀၂၂၊ အောက်တိုဘာ) "ထိခိုက်ရှုံးဆုံးခဲ့ရမှုများထဲမှ အပိုင်းအစများ" https://athanmyanmar.org/wp-content/uploads/2023/08/Protest-2022-Athan-Bur.pdf

[8] ACLED (၂၀၂၁၊ အောက်တိုဘာ ၂၁) "Deadly Demonstrations: Fatalities from State Engagement on the Rise" https://acleddata.com/2021/10/21/deadly-demonstrations/

နိုင်ငံ့ဝန်ထမ်းများမှ (အစိုးရဝန်ထမ်းများ) ဦးဆောင်အကောင်အထည်ဖော်ဆောင်သော အမိန့်ဖီဆန်သည့် အကြမ်းမဖက်အာဏာဖီဆန်လှုပ်ရှားမှု (Civil Disobedience Movement – CDM)သည်လည်း အလွန်မှအားကောင်းခဲ့သည်ကို တွေ့ရှိရသည်။ အစိုးရဌာနများဖြစ်သည့် ကျန်းမာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ပညာရေး၊ စည်ပင်နှင့် ဘဏ်လုပ်ငန်းဌာနများအပြင် အခြားသော ဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းအများစုသည် အကြမ်းဖက်စစ်တပ်၏ အမိန့်အားမနာခံပဲ "ရုံးမတက်နဲ့ ရုန်းထွက်" ဆိုသည့် ဆောင်ပုဒ်အားလက်ကိုင်ထား၍ အုပ်ချုပ်ရေးယန္တရားကြီးတခုလုံးရပ်တန့်စေရန် တိုက်ပွဲဝင်ခဲ့ကြသည်။ ထို CDM လှုပ်ရှားမှု၏ အားကောင်းခဲ့မှုမှာ ယနေ့အချိန်ထိတိုင်အောင် အကြမ်းဖက်စစ်တပ်လက်အောက်မှ အုပ်ချုပ်ရေးယန္တရားမှာ (ပုံမှန်) ပြန်လည်လည်ပတ်နိုင်ခြင်းပင်မရှိသည်ကို တွေ့နိုင်သည်။



ပုံစာ – အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်လာသည့် ပညာရေးတက္ကသိုလ်ဝန်ထမ်းများ (ရန်ကုန်၊ ဖေဖော်ဝါရီ ၆၊ ၂၀၂၁)

ဌာနအသီးသီးမှ များစွာသောအစိုးရဝန်ထမ်းများသည် CDM လှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်လာခဲ့ပြီးနောက်ပိုင်း (၂၀၂၁) ခုနှစ်၊ မတ်လ အစောပိုင်းကာလများမှစတင်ကာ အကြမ်းဖက်စစ်တပ်မှ ၎င်းလှုပ်ရှားမှုတွင် ပါဝင်ပတ်သတ်သူများအား မတရားအမှုဖွင့် တရားစွဲဆိုခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅–က နှင့် ၁၈၈)၊ အလုပ်ဖြုတ်ခြင်း၊ အကြမ်းဖက်ဖမ်းဆီးထောင်ချခြင်းနှင့် ဝရမ်းထုတ်ခြင်းများအား ပေါ်ပေါ်ထင်ထင်လုပ်ဆောင်လုပ်ခဲ့သည်။ ထင်ရှားသည့် ဖြစ်စဉ်တခုမှာ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မလ္လကုန်း မီးရထားစက်ခေါင်းစက်ရုံဝင်းထဲ၌ နေထိုင်ကြသော CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဝန်ထမ်းများအား ၂၀၂၁ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် အကြမ်းဖက်စစ်တပ်လက်အောက်ခံ ရဲနှင့်စစ်သားများမှ အင်အားအလုံးအရင်းဖြင့် အကြမ်းဖက်ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အကြမ်းဖက်စစ်တပ်မှ မတရားအာဏာသိမ်းပြီးနောက် စစ်သားများနှင့် ၎င်းတို့အားထောက်ခံသူ အရပ်သား "ပျူစောထီး" ဆိုသူများအား လက်နက်ကိုင်ဆောင်စေကာ နိုင်ငံအဝှမ်းရှိ ကျေးရွာနှင့် မြို့များအနှံ့ ဖြန့်ကျက်ထားပြီး အကြမ်းဖက်အာဏာသိမ်းမှုအား ဆန့်ကျင်သည့် လူငယ်ခေါင်းဆောင်များနှင့် ဆန္ဒပြပွဲများတွင် ပါဝင်သည့်ပြည်သူများနှင့် CDM လှုပ်ရှားမှုတွင် ပါဝင်သူများအား ဖမ်းဆီး၊ သတ်ဖြတ်စေသည့်အတွက် အများစုမှာ ၎င်းတို့၏ ပိုင်ဆိုင်မှု အိုး၊ အိမ်များစွန့်ခွာကာ အသက်လု ထွက်ပြေးတိမ်းရှောင်နေကြရသည်။ CDM လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်သူများအား အကြမ်းဖက်စစ်တပ်မှ (Blacklist) စာရင်းပြုစုထားပြီး တိုင်းတပါးသို့ တရားဝင်ထွက်ခွာခြင်းမရှိနိုင်ရန် နိုင်ငံကူးလတ်မှတ်များ (Passport) ထုတ်ပေးခြင်းအား ရပ်ဆိုင်းထားသည်။ သည့်အပြင် အကြမ်းဖက်စစ်တပ်သည် ၎င်းတို့မှသင်္ကာမကင်းသည့် မည်သူ့ကိုမဆို နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်ရုံးများအတွင်း၌ပင် ရဲနှင့် စစ်သားများမှချက်ချင်း ခေါ်ယူစစ်ဆေး၍ ဖမ်းဆီးမှုများ လုပ်ဆောင်လေ့ရှိသည်။

## ၂.၄။ အကြမ်းဖက် စစ်အာဏာသိမ်းမှုကို ထောက်ခံသည့် တန်ပြန်ဆန္ဒပြမှုများ

အကြမ်းဖက်စစ်တပ်အား ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုနှင့် ဆန္ဒပြပွဲများရှိသကဲ့သို့ အာဏာသိမ်းခြင်းအား ထောက်ခံကြသည့် လူစုလူဝေးပြုလုပ်ခြင်းများ၊ ဆန္ဒထုတ်ဖော်မှုများကိုလည်း တွေ့ရှိရသည်။ ထိုကဲ့သို့ အာဏာသိမ်းခြင်းအား ထောက်ခံသော လူထုလှုပ်ရှားမှုများကိုမူ စစ်တပ်ထောက်ခံသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် အမျိုးသားရေးအစွန်းရောက်သူများဟု ပြည်သူလူထုအများစုမှ သတ်မှတ်ထားကြသည့် အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေး (မဘသ) အသင်းဝင် များမှ ဦးဆောင်ပြုလုပ်လေ့ရှိသည်။ လေ့လာတွေ့ရှိချက်များအရ အကြမ်းဖက်စစ်တပ် အာဏာသိမ်းခြင်းအားထောက်ခံသော ဆန္ဒပြပွဲများသည် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သည့် အမူအကျင့်၊ ပြုမူဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ဆူပူအကြမ်းဖက်မှု ပုံစံဆောင်သော လှုပ်ရှားမှုများဘက်သို့ တွေ့ရှိရသည်။ ၂၀၂၁၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမရှေ့တွင် စစ်တပ်အာဏာသိမ်းမှုထောက်ခံသည့် ဆန္ဒပြပွဲအား သွားရောက်သတင်းရယူကြသည့် သတင်းထောက် ၂ ဦးကို စစ်တပ်ထောက်ခံသူ လူအုပ်စုမှ ဝိုင်းရိုက်နှက်ခဲ့၍ သတင်းထောက်တဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည် (အဂ္ဂနွန်၊ ၂၀၂၁၊ ဖေဖော်ဝါရီ ၁)[9]။ စစ်တပ်ထောက်ခံသော ဆန္ဒပြသူအများစုသည် တုတ်၊ ဓား၊ လေးခွများ ကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်လေ့ရှိကြပြီး ၎င်းတို့အား တန်ပြန်ဆန္ဒပြသည့်သဘောဆောင်သောပြည်သူများကို ကိုင်စွဲလာသည့် လက်နက်များဖြင့် အကြမ်းဖက်တိုက်ခိုက်လေ့ရှိသည် (ဧရာဝတီ၊ ၂၀၂၁၊ ဖေဖော်ဝါရီ ၂၆)[10]။ ရဲနှင့် စစ်သားများကလည်း ၎င်းတို့အား အရေးယူမှု မရှိသည့်အပြင် စစ်တပ်ထောက်ခံသူတို့ဆန္ဒပြရာ လမ်းတလျှောက် လုံခြုံရေးယူပေးလေ့ရှိသည်။

---

[9] အဂ္ဂနွန် (၂၀၂၁၊ ဖေဖော်ဝါရီ ၁) "အာဏာသိမ်းထောက်ခံဆန္ဒပြပွဲ သတင်းယူသူ သတင်းသမားနှစ်ဦး ရိုက်နှက်ခံရ" https://burmese.voanews.com/a/journalists-attacked-myanmar-politics/5759585.html

[10] ဧရာဝတီ (၂၀၂၁၊ ဖေဖော်ဝါရီ ၂၆) "အကြမ်းဖက် တိုက်ခိုက်လုယက်မှု ကျူးလွန်ခဲ့တဲ့ တပ်ထောက်ခံသူတွေရဲ့ ဆန္ဒပြပွဲ" https://burma.irrawaddy.com/news/2021/02/26/238625.html

ဧရာဝတီသတင်းဌာန၏ (၂၀၂၁၊ ဖေဖော်ဝါရီ ၂၅)[11] သတင်းထုတ်ပြန်ချက်အရ အဆိုပါ စစ်တပ်ထောက်ခံသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အနိုင်ရ NLD ပါတီကို ကန့်ကွက် ရှုံ့ချကြောင်း နှင့် စစ်တပ်ကို ထောက်ခံကြောင်း ဖော်ထုတ်လေ့ရှိကြသည်။ လူဦးရေ ရာနှင့်ချီပါဝင်တတ်ပြီး စစ်တပ်အလံနှင့် မြန်မာနိုင်ငံအလံများကို ကိုင်ဆောင်ထားကာ ဆန္ဒပြလှုပ်ရှားလေ့ရှိကြကြသည့်အပြင် ၎င်းတို့၏လုပ်ရပ်ကို မလိုလားသည့် ပြည်သူများကို အော်ဟစ်ဆဲဆိုခြင်း၊ ကားမှန်ရိုက်ခွဲခြင်းများနှင့် အခြားရမ်းကားသည့်လုပ်ရပ်များကို ကျူးလွန်လေ့ရှိကြသည်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ပြုလုပ်ခဲ့သော ရန်ကုန်မြို့လည်မှ တပ်ထောက်ခံပွဲ တခုတွင် တပ်ထောက်ခံသူများနှင့် အခြား ပြည်သူများ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ဓါးထိုးမှုဖြစ်ပွားခဲ့သောကြောင့် လူ ၁၀ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

နောက်ပိုင်းကာလများတွင် စစ်တပ်ထောက်ခံသူတို့သည် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအား ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒထုတ်ဖော်မှုများကို ဘာသာရေးနှင့် လူမျိုးရေးဘက်သို့ ဦးတည်၍ ပြည်သူများအကြား ပဋိပက္ခဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ဆောင်လာကြခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။ ထိုကဲ့သို့ ဆန္ဒပြ၊ လူစုလူဝေးပြုလုပ်ချိန်များတွင် ဆန္ဒထုတ်ဖော်သည့် တည်နေရာပတ်ဝန်းကျင်နှင့် လမ်းတောက်လျှောက်၌ အကြမ်းဖက်စစ်တပ်လက်အောက်ခံ ရဲနှင့် စစ်သားတို့မှ စစ်လက်နက်များကိုင်ဆောင်ကာ ပေါ်ပေါ်ထင်ထင်ပင် ဝန်းရံအကာအကွယ်ပေးလာခဲ့သည် (RFA Burmese၊ ၂၀၂၄၊ ဩဂုတ် ၆)[12]။

## ၂.၅။ ဆန္ဒထုတ်ဖော်မှုများကြောင့် ပြင်းပြင်းထန်ထန် နှိပ်စက်ခံခဲ့ရသည့် အမျိုးသမီးများနှင့် LGBTQIA+ များ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းမှုအား တရားဝင်ထုတ်ပြန်ကြေငြာပြီးသည့်နောက် အစပြု၍အုပ်မြစ်တည်ခဲ့သည့် မြန်မာ့နွေဦးတော်လှန်ရေးသည် အချိန်ကာလအားဖြင့် ၃ နှစ်ကျော် ၄ နှစ် နီးပါးသို့ ကူးပြောင်းလာခဲ့သည့်တိုင် ကဏ္ဍမျိုးစုံမှ မြန်မာနိုင်ငံသားများသည် ယနေ့အချိန်ထိ တတ်စွမ်းသည့်တာဝန်ကိုယ်စီယူကာ ဆက်လက် တိုက်ပွဲဝင်နေကြဆဲဖြစ်သည်မှာ အငြင်းပွားဖွယ်ရာမရှိပေ။ ထိုထဲတွင် နောက်မဆုပ်တမ်း ရဲရင့်စွာ ဦးဆောင်ခဲ့ကြပြီး ပါဝင်ခဲ့ကြသည့် နယ်ပယ်အသီးသီးမှ အမျိုးသမီးများနှင့် LGBTQIA+ တို့၏ကဏ္ဍအား ချန်လှပ်ထားရန်မှာလည်း လုံးလုံးမျှမဖြစ်နိုင်ချေ။

---

[11] ဧရာဝတီ (၂၀၂၁၊ ဖေဖော်ဝါရီ ၂၅) "ရမ်းကားရိုင်းစိုင်းသော တပ်ထောက်ခံပွဲများ ဦးခင်ရီ စီစဉ်" https://burma.irrawaddy.com/news/2021/12/22/248308.html

[12] RFA Burmese (၂၀၂၄၊ ဩဂုတ် ၆) "လားရှိုး ရမခ သိမ်းပိုက်ခံရပြီးနောက် စစ်တပ်ထောက်ခံသူတွေ MNDAA ကို ဆန္ဒပြ" https://www.rfa.org/burmese/news/protest-against-mndaa-08062024072748.html

မြန်မာနိုင်ငံမှ LGBTQIA+ များ၏ အကြမ်းဖက်စစ်တပ်အာဏာသိမ်းမှု ဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်မှုများသည်ကမ္ဘာ့အလည်တွင် အပြုသဘောဆောင်ပြီး တီထွင်ဖန်တီးမှုအားကောင်းသည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ သရုပ်ပြကွက်များကြောင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ခံအားပေးမှုများ ပိုမိုရရှိခဲ့သည့်အတွက် အကြမ်းဖက်စစ်တပ်က အာရုံစိုက်၍ ဖိနှိပ်မှုများသာ၍ကျူးလွန်လာကြောင်း လေ့လာတွေ့ရှိရသည်။ LGBTQIA+ အခွင့်အရေးတက်ကြွလှုပ်ရှားသူ တဦးဖြစ်သည့် စူးရှရှင်းသန့်အား အကြမ်းဖက်စစ်တပ်လက်အောက်ခံများမှ ဆိုင်ကယ်စီးနေစဉ် ကားဖြင့်တိုက်၍ဖမ်းဆီးခဲ့သည် (ဘီဘီစီမြန်မာ၊ ၂၀၂၁၊ အောက်တိုဘာ ၃၀)[13]။ ထို့နောက် ၎င်းအား မန္တလေးမြို့ရဲစခန်း၌ပင် သစ်ပင်ပေါ်တွင်ချည်နှောင်ပြီး ဇောက်ထိုးဆွဲထား၍ ရိုက်နှက်စစ်ဆေးမှုများပြုကျင့်ခဲ့ကြသည်။

ထို့အပြင် စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များသို့ ပို့ဆောင်ခံရသည့် လိင်စိတ်ခံယူမှုကွဲပြားသူ LGBTQIA+ များနှင့် အမျိုးသမီးများသည် ထောင်ဝန်ထမ်းများနှင့် အကြမ်းဖက်စစ်တပ်လက်အောက်ခံများ၏ ဆဲဆိုကြိမ်းမောင်းခြင်း၊ ရိုက်နှက်သတ်ပုတ်ခြင်း၊ ကန်ကျောက်ခြင်းများအပြင် ရည်ရွယ်ချက်ရှိရှိဖြင့် မဖွယ်မရာ ရင်သားများကိုင်ခံရခြင်း၊ မိန်းမကိုယ်ထဲလက်နှိုက်စစ်ခြင်းခံရခြင်း အစရှိသည့် လိင်အမြတ်ထုတ်မှုများစွာအား အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် စည်းလွတ်ဘောင်လွတ် လူမဆန်စွာ ကျူးလွန်ခံနေကြရလေသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ ထုတ်ပြန်ကြေညာချက်အရ မန္တလေးနန်းတွင်းစစ်ကြောရေးစခန်းတွင် ဗကသကျောင်းသူတဦးအား အကြမ်းဖက်စစ်တပ်လက်အောက်ခံတပ်သားများမှ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်ခြင်းခံရပြီး တိုက်ပိတ်နှိပ်စက်ထားသည်ဟု ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် တရားဝင်ထုတ်ပြန်ခဲ့သည် (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ၂၀၂၂)[14]။ ၎င်းထုတ်ပြန်ကြေညာချက်တွင် စစ်ကြောရေးစခန်းများ၌ အမျိုးသမီးများအပြင် အမျိုးသားများပင်လျှင် အကြမ်းဖက်စစ်တပ်လက်အောက်ခံ ရဲနှင့် စစ်သားများ၏ အဓမ္မပြုကျင့်ခံရပြီး၊ ဆေးကုသခွင့်မရကြောင်းလေ့လာတွေ့ရှိရသည်။

၂၀၂၁ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင် မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီးမှ အမျိုးသမီးများဦးဆောင်ခဲ့ကာ ပြုလုပ်ခဲ့ကြသည့် ထဘီသပိတ် (ထဘီအလံလွှင့်ထူပြီး အကြမ်းဖက်စစ်တပ်အား ဆန့်ကျင်ဆန္ဒပြသောလှုပ်ရှားမှု)သည် နွေဦးတော်လှန်ရေးတွင် မြန်မာအမျိုးသမီးတို့၏ အခန်းကဏ္ဍအား အထင်းသားပေါ်လွင်စေပြီး ၎င်းတို့၏ ရဲစွမ်းသတ္တိအားတွေ့မြင်နိုင်သည် (ဧရာဝတီ၊ ၂၀၂၁၊ မတ် ၈)[15]။ တဆက်တည်းမှာပင် ထဘီ

[13] ဘီဘီစီမြန်မာ (၂၀၂၁၊ အောက်တိုဘာ ၃၀) "LGBT တယောက်ရဲ့ စစ်ကြောရေးငရဲခန်း"
https://www.bbc.com/burmese/59102742

[14] ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (၂၀၂၂၊ ဖေဖော်ဝါရီ ၁၉) "အဖမ်းဆီးခံ အမျိုးသမီးရဲဘော်များ၏ စစ်ကြောရေးနှင့်ထောင်တွင်း လိင်ပိုင်းဆိုင်ရာစော်ကားခံရမှုများနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်"
https://www.facebook.com/abfsu.cec/photos/a.113631383508735/487029066168963/?_rdr

[15] ဧရာဝတီ (၂၀၂၁၊ မတ် ၈) "စစ်အာဏာရှင် ဆန့်ကျင်ရေး အမျိုးသမီးတို့၏ ထဘီအလံထူ သပိတ်တိုက်ပွဲ"
https://burma.irrawaddy.com/news/2021/03/08/239157.html

(အမျိုးသမီးဝတ်လုံချည်) အား ဘုန်းနိမ့်စေသည်ဟူသည့် ရှေးရိုးစွဲ အတွေးအခေါ်ကိုပါ ထိုသပိတ်လှုပ်ရှားမှုဖြင့် အတိုင်းအတာတခုအထိ တော်လှန်နိုင်ခဲ့သည် (အသံ၊ ၂၀၂၂၊ အောက်တိုဘာ)[16]။ အကြမ်းဖက်စစ်တပ်လက်အောက်ခံများ၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်ပေးခဲ့ရသည့် များစွာသောပြည်သူများထဲမှ ပထမဦးဆုံး အသက်ပေးသွားခဲ့ရသူမှာ အမျိုးသမီးငယ်တဦးဖြစ်သည်။ အသက် ၂၀ နှစ် အရွယ် မမြသွဲ့သွဲ့ခိုင်သည် ဖေဖော်ဝါရီလ ၉ ရက်နေ့ နေပြည်တော်မြို့လယ်၊ သပြေကုန်းအဝိုင်း၌ ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲတွင် အကြမ်းဖက်စစ်တပ်လက်အောက်ခံ ရဲတဦး၏ ပစ်ခတ်မှုကြောင့် ဦးခေါင်းအား ပြင်းထန်စွာ ထိမှန်၍ ဦးနှောက်သေခြင်း (Brain Dead) ဖြစ်ကာ အသက်သေဆုံးခဲ့သည်။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် မန္တလေးမြို့ ဆန္ဒပြပွဲတခုတွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသည့် အသက် ၁၉ နှစ် အရွယ် မကြယ်စင်သည်လည်း အကြမ်းဖက်စစ်တပ်လက်အောက်ခံများ၏ ပစ်ခတ်ဖြိုခွင်းမှုများကြောင့် ဦးခေါင်းတည့်တည့် ကျည်ဆံထိမှန်ကာ အသက်ပေးခဲ့ရသည်။




ပုံစာ – အမျိုးသမီး တဦး ဆန္ဒပြနေစဉ် (ရန်ကုန်၊ မတ် ၁၄၊ ၂၀၂၁)

အကြမ်းဖက်စစ်တပ်သည် မြန်မာပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ဖိနှိပ်ခြင်းများနှင့် အကြမ်းဖက်မှုများသည် စကားလုံးများဖြင့်ပင် ဖော်ပြ၍မရနိုင်ပေ။ ဆန္ဒထုတ်ဖော်ပြသသည့် သပိတ်များတွင် အကြမ်းဖက်ဖြိုခွင်းပြီး ရိုက်နှက်ဖမ်းဆီးခံရသည့် လက်နက်မဲ့ပြည်သူများသည် အကြမ်းဖက်စစ်တပ်၏ မတရားဖမ်းဆီးခံကြရပြီး စစ်ကြောရေးစခန်းများသို့ ပို့ဆောင်ခံကြရပြီး ထိုမှတဆင့် ကြီးလေးသည့် ဥပဒေပုဒ်မများဖြင့် တရားစွဲဆိုခံကြရသည်။ ထိုကဲ့သို့ စစ်ကြောရေးစခန်းများသို့

---

[16] အသံ (၂၀၂၂၊ အောက်တိုဘာ) "ထိခိုက်ရှုံးဆုံးခဲ့ရမှုများထဲမှ အပိုင်းအစများ" https://athanmyanmar.org/wp-content/uploads/2023/08/Protest-2022-Athan-Bur.pdf

ပို့ဆောင်ခံကြရသည့် အပြစ်မဲ့ပြည်သူများသည် စစ်ကြောရေးတွင် စစ်တပ်လက်အောက်ခံ ရဲနှင့် စစ်သားများ၏ ဥပဒေမဲ့ရက်စက်စွာ ညှင်ပန်းနှိပ်စက်မှုများကို အလူးအလဲ ခံစားကြရပြန်လေသည်။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသား အမျိုးသမီးများ (နိုင်ကျဉ်း)နှင့် LGBTQIA+ များသည် အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် ရဲနှင့် စစ်သားများ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ခံရသည့် ဖြစ်စဉ်များစွာရှိနေကြောင်း လေ့လာတွေ့ရှိရသည် (မိုးဦး၊ ၂၀၂၂၊ ဇန်နဝါရီ ၁၆)[17]။

အာဏာသိမ်းပြီးနောက်ပိုင်းတွင် နိုင်ငံရေးအမှုများဖြင့် ထိန်းသိမ်းခံထားရသည့် အမျိုးသမီးများအနက် ကိုယ်ဝန်ဆောင်အမျိုးသမီးများအပြင် အသက်အရွယ်အားဖြင့် (၂) နှစ် မှ အသက် (၇၀) အရွယ်အထိပါဝင်သည်။ အခြားနိုင်ငံရေးအကျဉ်းသားများနည်းတူ အမျိုးသမီး နိုင်ငံရေးအကျဉ်းသူများအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ မရရှိပါ (သတင်းနှင့်မီဒီယာကွန်ယက်၊ ၂၀၂၄၊ မေ ၃၁)[18]။ ထောင်ဒဏ်အမိန့်ချမှတ်ခံပြီးရသူ အမျိုးသမီး အကျဉ်းသူများအနေဖြင့် လစဉ်သုံးဂွမ်းထုပ် (၁)ထုပ်စီသာရရှိပြီး တရားရင်ဆိုင်နေဆဲ အမျိုးသမီးများအနေဖြင့် ဂွမ်းထုပ်များ မရရှိသဖြင့် မျှဝေသုံးစွဲကြရကြောင်း ပြန်လွတ်လာသူများ၏ အတွေ့အကြုံအရ သိရှိရသည်။

အချိန်ကြာမြင့်လာသည်နှင့်အမျှ နိုင်ငံရေးအကျဉ်းသားများအပေါ် အကျဉ်းထောင်များက ပိုမိုတင်းကြပ်လာပြီး ဖိနှိပ်မှုများပိုမိုဆိုးရွားလာသည်။ မန္တလေးအိုးဘိုထောင်တွင်း ဆန္ဒပြသူ နိုင်ကျဉ်း အမျိုးသမီးများကို ထောင်အာဏာပိုင်များက လှျပ်စစ်ကျင်စက်၊ သံတုတ်အပါအဝင် တုတ်များဖြင့် ရိုက်နှက်ခဲ့သဖြင့် သွေးထွက်သံယိုဖြစ်မှုများရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူများအား အစာရေစာဖြတ်၊ တိုက်ပိတ်ပြီး ဆေးဝါးကုသခွင့်ပါ ပိတ်ပင်ခဲ့သည်။

## ၂.၆။ ဆန္ဒပြလှုပ်ရှားမှုများတွင် သံဃာတော်များနှင့် ဘာသာရေးခေါင်းဆောင်များ၏ ပါဝင်မှု

အကြမ်းဖက်စစ်တပ်မှ မတရားအာဏာသိမ်းခြင်းအား ဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်မှုများထဲတွင် နယ်ပယ်အသီးသီးမှ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသောအခန်းတွင်ပါဝင်ခဲ့ပြီး မေ့လျော့ချန်လှပ်ထားရန် မဖြစ်နိုင်ချေ။ စစ်အာဏာသိမ်းမှုအား ဆန့်ကျင်ကန့်ကွက်ကြသည့် ဆန္ဒပြမှုများအတွင်း (၂၀၂၁) ခုနှစ်၊ မတ်လ (၈) ရက်နေ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ လွတ်လပ်စွာဆန္ဒထုတ်ဖော်ကြသည့် လူထုအား အကြမ်းဖက်ဖြိုခွင်းရန် တာဆူနေခဲ့သည့် အကြမ်းဖက်စစ်တပ်လက်အောက်ခံ ရဲနှင့် စစ်သားများအား ခရစ်ယာန်မယ်သီလရှင်တပါးမှ

[17] မိုးဦး (၂၀၂၂၊ ဇန်နဝါရီ ၁၆) "အမျိုးသမီးတဦး ရောက်ခဲ့ရသည့် စစ်ကြောရေးရဲခန်း ၃၆ နာရီ" https://myanmar-now.org/mm/news/10110/

[18] သတင်းနှင့်မီဒီယာကွန်ယက် (၂၀၂၄၊ မေ ၃၁) "အမျိုးသမီး နိုင်ကျဉ်းများ လိင်စော်ကားမှုအပါအဝင် အခွင့်အရေး ချိုးဖောက်ခံနေရ" https://www.bnionline.net/mm/news-104806

(အောင်နန်းခရစ်ယာန်ဘုရားကျောင်းမှ Sister အန်းရိုဇာနုတောင်) ဖြို့ခွဲမှုမပြုလုပ်ရန် လူထုရှေ့ထွက်ဒူးထောက်၍ပင်တောင်းပန်ခဲ့သည့် ဖြစ်စဉ်မှာထင်ရှားလှသည်။

ထို့အတူ မြန်မာ့ခေါင်းဆောင်တော်လှန်ရေးတလျှောက်တွင် သံဃာတော်များ၏အခန်းကဏ္ဍသည်လည်း အရေးကြီးသည့်အခန်းမှ ပါဝင်ဆဲဖြစ်သည့်အတွက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ အနုပညာရှင်များကဲ့သို့ ရဟန်းသံဃာတော်များသည်လည်း အကြမ်းဖက်စစ်တပ်၏ အာရုံစိုက်ခြင်းကိုခံရလေ့ရှိပြီး ဘုရားကျောင်းများနှင့် ဘုန်းကြီးကျောင်းများအား ဝင်ရောက်စီးနင်းကာ ပစ်ခတ်ဖမ်းဆီးခြင်းများစွာကို ကျူးလွန်လျှက်ရှိသည်။ ထို့ကြောင့် ရဟန်းသံဃာတော်များသည် အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ကျောင်းဆောင်များအတွင်း ညဉ့်နက်သန်းခေါင်ချိန်များ၌ ဝင်ရောက်ဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် ထောင်သွင်းအကျဉ်းချခြင်းများ ခံရသည့် ဖြစ်စဉ်အများအပြားရှိခဲ့သည် (Myanmar Now၊ ၂၀၂၁၊ ဇူလိုင် ၂၆)[19]။ မြဝတီဆရာတော် အရှင်အရိယာဝံသာဘိဝံသ၊ အရှင်သောဘိတ (အလင်္ကာကြယ်)နှင့် ရွှေညဝါဆရာတော်တို့အား အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းရန်ကြိုးစားခဲ့သည့် (၂၀၂၁) ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့၌ ဖမ်းဆီးခံခဲ့ကြရသည်။ အမျိုး၊ ဘာသာ၊ သာသနာအား စောင့်ရှောက်သည်ဟု ကြွေးကြော်လေ့ရှိသည့် အာဏာသိမ်းအကြမ်းဖက်စစ်တပ်သည် ၎င်းတို့အား ဆန့်ကျင်သည့် ကြီး၊ လတ်၊ ငယ်မရွေး မည်သည့်လူပုဂ္ဂိုလ်မျိုးကိုမဆို ရက်စက်စွာနှိပ်စက် သတ်ဖြတ်ရန်ဝန်လေးခဲ့ခြင်းမရှိခဲ့ပေ။

၂၀၂၄ခုနှစ် ဇွန်လ ၁၉ရက်နေ့တွင်လည်း မန္တလေးတိုင်း၊ ငါန်းဇွန်-မြို့သာလမ်း တနေရာ၌ အကြမ်းဖက်စစ်တပ်၏ တပ်သားများသည် ပဲခူးမြို့၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၏ နာယကဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ စီးနင်းလာသည့်ကားကို သေနတ်ဖြင့် တရစပ်ပစ်ခဲ့သည့်အတွက် ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည်။ ထိုသို့ ရက်ရက်စက်စက် ပစ်သတ်ခံခဲ့ရသည့် ဖြစ်ရပ်မှန်ကို ဆရာတော်ကြီးနှင့် အတူလာပါသည့် ကန်သုံးဆင့်ကျောင်း ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသမှ မိန့်ကြားခဲ့ခြင်းဖြစ်သည် (ဘီဘီစီမြန်မာ၊ ၂၀၂၄၊ ဇွန် ၂၀)[20]။ သို့သော် စစ်တပ်မှ သတင်းထုတ်ပြန်ရာ၌ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားနေစဉ် ဆရာတော် ၂ ပါးပါလာသည့်ကားကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုခံခဲ့ရသည်ဟု ၎င်းတို့၏ ကျူးလွန်မှုကို ဖုံးကွယ်ကာ လိမ်လည်သတင်းထုတ်ပြန်ခဲ့သည်။ ထိုသတင်းကြောင့် သံဃာထုကြား လှုပ်လှုပ်ခတ်ခတ်ဖြစ်စေခဲ့သည်။ ထိုကဲ့သို့ ဆရာတော်အားပစ်ခတ်သတ်ဖြတ်မှုအပေါ် လိမ်လည်ငြင်းဆိုမှု အပါအဝင် အာဏာသိမ်းပြီးနောက် ရဟန်းသံဃာတော်များကို အကြောင်းမဲ့ ဖမ်းဆီး၊ ညှဉ်းပန်း၊ သတ်ဖြတ်ခြင်းများကြောင့် အကြမ်းဖက်စစ်တပ်ကို ဆန့်ကျင်သည့်အနေဖြင့် ချောင်းဦးမြို့နယ်ရှိ သံဃာတော်များ စုပေါင်းပြီး ဇွန်လ ၂၃ရက်နေ့တွင် "ပတ္တနိက္ကုဇ္ဇန ကံဆောင်သပိတ်"ကို စတင်ပြုလုပ်ခဲ့သည်။

[19] Myanmar Now (၂၀၂၁၊ ဇူလိုင် ၂၆) "အကြမ်းဖက်စစ်တပ်ပါးစပ်က ဘုရားဘုရား၊ လက်က ကားရားကားရား" https://myanmar-now.org/mm/news/7584/

[20] ဘီဘီစီမြန်မာ (၂၀၂၄၊ ဇွန် ၂၀) "စစ်တပ်ရဲ့ ပစ်ခတ်မှုကြောင့်ပျံလွန်တော်မူခဲ့တဲ့ ဝင်းနိမ္မိတာရုံဆရာတော်ကြီး" https://www.bbc.com/burmese/articles/cx99zey9jx4o

ဇူလိုင်လ ၂၆ ရက်နေ့အထိ မြို့နယ်ပေါင်း ၂၄ မြို့နယ်ရှိသံဃာတော်များ ပါဝင်သပိတ်မှောက်လာကြသည်ကို တွေ့ရသည် (မူးအိန်ဂျယ်လ်၊ ၂၀၂၄၊ ဇွန် ၂၄)[21]။ အသံအဖွဲ့၏ ကောက်ယူထားသော အချက်အလက်များအရ ထင်ရှားသောသံဃာများပါဝင်သည့် အွန်လိုင်းလှုပ်ရှားမှုအနေဖြင့် "အာဏာရှင်/အစ္စမ မလိုလား မြတ်ဗုဒ္ဓသား တော်များသပိတ် အင်အားစု"မှ သံဃာတော်များဦးဆောင်ကာ (၂၀၂၄)ခုနှစ်၊ ဇန်နဝါရီ (၁) ရက်နေ့တွင် စစ်အာဏာရှင်တော်လှန်ရေးလှုပ်ရှားမှုကမ်းပိန်ကို စတင်ပြုလုပ်ခဲ့ပြီး မေလ (၁၁) ရက်နေ့အထိ (၅) လတာကာလအတွင်း အကြိမ်ပေါင်း (၉၂) ပြုလုပ်ခဲ့သည်ကိုလည်းတွေ့ရသည်။

## ၂.၇။ မိသားစုဝင်များအား ဓားစာခံအဖြစ် ဖမ်းဆီးထောင်ချခြင်း

အာဏာသိမ်းမှုအားဆန့်ကျင်သည့် လူထုဆန္ဒဖော်ထုတ်မှုများအားကောင်းလာသည်နှင့်အမျှ ဦးဆောင်တက်ကြွလှုပ်ရှားသူများနှင့် သပိတ်ခေါင်းဆောင်များအား အကြမ်းဖက်စစ်တပ် လက်အောက်ခံ ရဲနှင့် စစ်သားများက တရားဝင်ဖမ်းဝရမ်းမရှိပဲ ရှောင်တခင် ဝင်ရောက်ဖမ်းဆီးလေ့ရှိသည်။ အကြမ်းဖက်စစ်တပ်၏ ယခင်ကတည်းက ပြုလုပ်လေ့ရှိသည့် နည်းလမ်း (လုပ်ထုံးလုပ်နည်းများ)အား ခန့်မှန်းမိသည့် အတွေ့အကြုံရှိ တက်ကြွလှုပ်ရှားသူအချို့သည် နေအိမ်နှင့် မိသားစုဝင်များအား ခေတ္တယာယီစွန့်ခွာ၍ ကြိုတင်တိမ်းရှောင်ကြသည်။ ထိုသို့ဖြင့် အကြမ်းဖက်စစ်တပ်၏ လက်အောက်မှ လွတ်မြောက်လာသည့် လူဦးရေ အရေအတွက်မြင့်တက်လာသည်အား သတိထားမိခဲ့သည့် စစ်တပ်သည် ၎င်းတို့၏ နည်းဗျူဟာများအား တမျိုးတဖုံပြောင်းလဲပြင်ဆင်လာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

အကြမ်းဖက်စစ်တပ်လက်အောက်ခံများသည် ၎င်းတို့ပစ်မှတ်ထားသည့် သပိတ်ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးရမိခြင်းမရှိပါက ထိုသူနှင့် ပတ်သက်ဆက်နွယ်သည့် မိသားစုဝင်များ[22]အား ဓားစာခံအဖြစ် မတရားဖမ်းဆီးပြီး အကြပ်ကိုင်သည့်ပုံစံမျိုးပြောင်းလဲ လုပ်ဆောင်လာခဲ့သည်။ မန္တလေးတိုင်း၊ မိုးကုတ်မြို့ သပိတ်ခေါင်းဆောင် ကိုစိုးဌေးအား ဖမ်းမိခြင်းမရှိသည့်အတွက် ကိုစိုးဌေး၏ ဇနီးနှင့် အသက် (၅)နှစ်နှင့် (၁၈)နှစ်အရွယ် သမီးနှစ်ဦးဖြစ်သည့် မသိမ့်စန္ဒီစိုးနှင့် မစုထက်ဝိုင်းတို့ကို အကြမ်းဖက်စစ်တပ်လက်အောက်ခံများမှ ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့်ဖြစ်စဉ်သည် အကြမ်းဖက်စစ်တပ်၏ လူမဆန်သည့်လုပ်ရပ်များအား အထင်းသားပေါ်လွင်စေခဲ့သည် (DVB၊ ၂၀၂၁၊ ဇူလိုင် ၁)။ ထို့အပြင် တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်မှ သပိတ်ကော်မတီဝင် ကိုမင်းလွင်ဦးနှင့် ဗကသဉက္ကဋ္ဌဟောင်း ကိုကျော်ကိုကိုတို့သည်လည်း အလားတူဖြစ်စဉ်မျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ ကိုမင်းလွင်ဦး၏ ဖခင်အား အကြမ်းဖက်စစ်တပ်လက်အောက်ခံများမှ ၎င်း၏နေအိမ်တွင် အင်အားအလုံးအရင်းနှင့် ရိုက်နှက်ဖမ်းဆီးခဲ့ပြီး (၂) လနီးပါးအကြာထိ မိသားစုဝင်များနှင့် တွေ့ခွင့်မပေးပဲ လောင်းလုံးရဲစခန်း၌ ချုပ်နှောင်ထားခဲ့ပြီးနောက်

---

[21] မူးအိန်ဂျယ်လ် (၂၀၂၄၊ ဇွန် ၂၄) "ချောင်းဦးက သံဃာတွေနဲ့အတူ မြောင်နယ်က သံဃာတွေ သပိတ်မှာ ပူးပေါင်းပါဝင်လာ" https://www.facebook.com/100070473873342/posts/522407500118375

[22] DVB (၂၀၂၁၊ ဇူလိုင် ၁) "မိုးကုတ် သပိတ်ခေါင်းဆောင်၏ ၅ နှစ်အရွယ် သမီးလေး ပြန်လွတ်" https://burmese.dvb.no/post/472748

နိုင်ငံတော်အကြည်ညိုပျက်စေမှုပုဒ်မ ၅၀၅-က ဖြင့်တရားစွဲဆိုခဲ့ပြီး မတရားအမိန့်ချခံခဲ့ရသည် (DVB၊ ၂၀၂၃၊ ဩဂုတ် ၂၇)[23]။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) ဥက္ကဋ္ဌဟောင်း ကိုကျော်ကျော်ကို၏ ဖခင်ဖြစ်သူ ဦးကျော်အေး(ဖြစနှစ်)မှာလည်း အကြမ်းဖက်မှုလုပ်ငန်းများ လုပ်ဆောင်နေသူဟုစွပ်စွဲခံရကာ နေရပ်လိပ်စာအတိအကျနှင့် အကြမ်းဖက်စစ်တပ်၏ဝါဒဖြန့် တယ်လီဂရမ်ချန်နယ်များတွင် ဖော်ပြခံခဲ့ရသည်။ ထိုကဲ့သို့ တယ်လီဂရမ်ချန်နယ်များတွင် သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၌ နေထိုင်လျက်ရှိသည့် ဦးကျော်အေးအား လာရောက်ဖမ်းဆီးသွားပြီး နိုင်ငံတော်အကြည်ညိုပျက်စေမှုပုဒ်မ ၅၀၅-ကဖြင့် တရားစွဲဆိုခံရပြန်သည်။ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ (GSC) အဖွဲ့ဝင်ဖြစ်သူ ကိုကျော်ကိုကိုသည် (၂၀၂၁၊ မတ်လ ၃ ရက်) နေ့က တာမွေမြို့နယ် GSC သပိတ်စစ်ကြောင်းအား အကြမ်းဖက်စစ်တပ်လက်အောက်ခံများ ဖြိုခွင်းစဉ် ရိုက်နှက်ဖမ်းဆီးခံရပြီးမှ ပြန်လည်လွတ်မြောက်ပြီး နိုင်ငံတော်အကြည်ညိုပျက်စေမှုပုဒ်မ ၅၀၅-ကဖြင့် မတ်လဆန်းပိုင်းကတည်းက ဖမ်းဝရမ်းထုတ်ခံထားရသည်။

## ၂.၈။ ထောင်တွင်း ဆန္ဒပြမှုနှင့် ဖြိုခွင်းခံရမှုနှင့် ဖိနှိပ်မှုများ

မြန်မာပြည်သူလူထုသည် အကြမ်းဖက်စစ်တပ်၏ မတရားအာဏာသိမ်းမှုအား တစိုးတစဉ်းလက်ခံခြင်းမရှိပဲ ယနေ့အချိန်ထိ ၎င်းတို့ကျရာကဏ္ဍ၊ ရောက်ရာအရပ်မှ ဆက်လက်တွန်းလှန်နေကြသည်ကို အတင်းအဓမ္မဖမ်းဆီး၍ အကျဉ်းချခံထားရသည့် ထောင်တွင်းပြည်သူများ၏ ဆန္ဒထုတ်ဖော်မှုများမှ သက်သေတည်နေသည်။ အကြမ်းဖက်စစ်တပ်အားဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်ပွဲများနှင့် ကမ်ပိန်းများကို ပြည်သူများက နိုင်ငံအဝှမ်း ဒေသအနှံ့ဖော်ဆောင်နေသကဲ့သို့ အကျဉ်းထောင်များ၌လည်း နိုင်ငံရေးအကျဉ်းသားများ၏ ဦးဆောင်မှုဖြင့် အာဏာရှင်အားဆန့်ကျင်အံတုသည့် ဆန္ဒထုတ်ဖော်မှုများ တစစထွက်ပေါ်လာခဲ့သည်။

(၂၀၂၁)ခုနှစ် အကြမ်းဖက်စစ်တပ်မှ မြန်မာနိုင်ငံအား အာဏာသိမ်းပြီးနောက် အစောဆုံးထွက်ပေါ်လာခဲ့သည့် ထောင်တွင်းသပိတ်မှာ ၂၀၂၁ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့ အင်းစိန်ထောင်တွင်းမှ ဆန္ဒထုတ်ဖော်မှုဖြစ်ခဲ့သည်။ အကြောင်းရင်းမှာ ထောင်တွင်းအကျဉ်းသားများ အပေါ် ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်းနှင့် အကြမ်းဖက်စစ်တပ်မှ ဇွန်လ (၃၀) ရက်နေ့ လွတ်ငြိမ်းချမ်းသာခွင့်ပေးသော အကျဉ်းသားများထဲတွင် နိုင်ငံရေးအကျဉ်းသားများ မပါဝင်ခြင်းတို့ကြောင့်ဖြစ်သည်ဟု လေ့လာတွေ့ရှိရသည်။ ၎င်းဆန္ဒထုတ်ဖော်မှုတွင် အကျဉ်းသားများမှ သွေးသစ္စာသီချင်းအား သံပြိုင်သီဆို၍ (၁) နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရန်၊ (၂)

[23] DVB (၂၀၂၃၊ ဩဂုတ် ၂၇) "ထားဝယ်သပိတ်ကော်မတီဝင် ၁ ဦး၏ ဖခင်ကို ထောင် ၂ နှစ် ချ"
https://burmese.dvb.no/post/611903

ထောင်တွင်း ဆေးကုသခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်၊ (၃) တင်းကြပ်လွန်းသည့် ထောင်တွင်းစည်းမျဉ်းများအား ဖြေလျှော့ပေးရန်ဆိုသည့် အချက် (၃) ချက်အား အဓိကထားတောင်းဆိုခဲ့ကြသည်။ နောက်ဆက်တွဲအနေဖြင့် ထောင်တွင်းဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခဲ့သူများမှာ အကြမ်းဖက်စစ်တပ်လက်အောက်ခံ ရဲနှင့် စစ်သားများမှ ရိုက်နှက်ဖြိုခွင်းခြင်း ခံခဲ့ကြရပြီး ဦးဆောင်ပါဝင်ခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် ဗဟိုအမှုဆောင်အဖွဲ့ဝင် ကိုဇော်ထက်နိုင် (ခ) ဆစ်နိုင်နှင့် အခြားနိုင်ငံရေးအကျဉ်းသား (၂၀) မှာလည်း တိုက်ပိတ်အပြစ်ပေးခံခဲ့ရသည် (ဧရာဝတီ၊ ၂၀၂၁၊ ဇူလိုင် ၂၆)[24]။

ထောင်တွင်းဖမ်းဆီးချုပ်နှောင်ခံထားရသည့် အကျဉ်းသားများ၏ အခွင့်အရေးများနှင့် ပတ်သက်လျှင် အစာငတ်ခံ ဆန္ဒပြခြင်းသည် အမြင့်ဆုံးအဆင့်တောင်းဆိုမှု တခုဖြစ်ပြီး စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထိုကဲ့သို့ ထောင်းတွင်းဆန္ဒထုတ်ဖော်မှုများကို ခပ်စိပ်စိပ်မြင်တွေ့လာရသည်။ ၂၀၂၂၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၆) ရက်နေ့အထိ အာဟာရဖြတ် အစာငတ်ခံဆန္ဒထုတ်ဖော်ခြင်း (Hunger Strike)တွင် နိုင်ငံရေးအကျဉ်းသား (၂၀၀) ခန့်ပါဝင်ခဲ့ပြီး အကျဉ်းထောင်များမှပေးသည့် အစားအသောက်များအား မစားပဲ အစာငတ်ခံဆန္ဒပြခဲ့ကြသည်။ (၁၂) ရက်နေ့၌လည်း ထားဝယ်အကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားများမှ ဒုတိယအကြိမ် အစာငတ်ခံဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ၂၀၂၂၊ ဇွန်လ ၈ ရက်နေ့တွင် ရန်ကုန်၊ အင်းစိန်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများသည် အစာငတ်ခံဆန္ဒပြခဲ့ကြပြီး ၁၃ ရက်နေ့တွင် ထိုဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ခဲ့ကြသူများထဲမှ နိုင်ငံရေးအကျဉ်းသား ၁၁ ဦး အား အကျဉ်းထောင်အာဏာပိုင်များက ရိုက်နှက်ကာ တိုက်ပိတ်ခဲ့ကြောင်း သိရသည်။ လေ့လာတွေ့ရှိချက်များအရ အကျဉ်းသား ၂ ဦးမှာ ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့သည့်တိုင် ဆေးကုသခွင့်မရရှိကြပေ (ဧရာဝတီ၊ ၂၀၂၂၊ ဇွန် ၁၃)[25]။

၂၀၂၄ခုနှစ်၊ အစောပိုင်း ဖေဖော်ဝါရီလ (၆) ရက်နေ့မှစတင်၍ မွန်ပြည်နယ်၊ ကျိုက်မရောဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား (၅၀) ကျော်ခန့်မှလည်း အစာငတ်ခံဆန္ဒပြခဲ့ကြပြီး ၂၃ ဦးအား ထောင်အာဏာပိုင်များက တိုက်ပိတ်အကျဉ်းချခဲ့သည် (သံလွင်တိုင်းမ်၊ ၂၀၂၄၊ ဖေဖော်ဝါရီ ၁၁)[26]။ အစာငတ်ခံဆန္ဒထုတ်ဖော်ခဲ့ရသည့် အကြောင်းရင်းမှာမူ ဇန်နဝါရီလ (၂၈) ရက်နေ့၌ အဆိုပါကျိုက်မရောထောင်အား အကြမ်းဖက်စစ်တပ်၏တပ်ဖွဲ့ဝင်များမှ လူအင်အားအလုံးအရင်းဖြင့် ဝင်ရောက်ရှာဖွေမှုများပြုလုပ်ခဲ့ပြီးနောက် နိုင်ငံရေးအကျဉ်းသား (၂) ဦးထံမှ လက်ကိုင်ဖုန်းတွေ့ရှိသည်ဟုဆိုကာ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ထိုနိုင်ငံရေးအကျဉ်းသားနှစ်ဦးအား ဖမ်းဆီးရိုက်နှက်၍ တိုက်ပိတ်ခဲ့သောကြောင့်ဖြစ်သည်။ အစာငတ်ခံဆန္ဒပြခဲ့ကြသည့် နိုင်ငံရေးအကျဉ်းသားများထဲမှ ၆ ဦးသည်

---

[24] ဧရာဝတီ (၂၀၂၁၊ ဇူလိုင် ၂၆) "အကျဉ်းထောင်များ အတွင်း ကိုဗစ်ကြောင့် သေဆုံးသူ ၉ ဦး ရှိလာ" https://burma.irrawaddy.com/news/2021/07/26/244527

[25] ဧရာဝတီ (၂၀၂၂၊ ဇွန် ၁၃) "အင်းစိန်ထောင်တွင် နိုင်ငံရေးအကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံနေရ" https://burma.irrawaddy.com/news/2022/06/13/252517.html

[26] သံလွင်တိုင်းမ် (၂၀၂၄၊ ဖေဖော်ဝါရီ ၁၁) "ကျိုက်မရောထောင်မှာ အစာငတ်ခံဆန္ဒပြနေတဲ့ နိုင်ငံရေးအကျဉ်းသား ၂၃ ဦး ထပ်မံတိုက်ပိတ်ခံရ" https://www.facebook.com/100077424451291/posts/439908991933246

အာဟာရပြတ်တောက်သွားပြီးနောက် အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနကြောင့် ထောင်တွင်းဆေးရုံ၌ အရေးပေါ် ဆေးကုသမှုခံယူနေရသည်ဟု တဆက်တည်းသိရသည်။ နောက်ထပ်ထင်ရှားသည့်ဖြစ်ရပ်တခုမှာ အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးနောက်မဟုတ်မမှန်သည့်အမှုများဖွင့်၍ မန္တလေး၊ အိုးဘိုထောင်တွင် အကျဉ်းချခံထားရသည့် သွေးကင်ဆာရောဂါသည် မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကို မသေဆုံးမီ (၂) ရက်အလိုမှသာ မန္တလေးဆေးရုံ၊ အထူးကြပ်မတ်ဆောင် (ICU) သို့ ပို့ဆောင်ဆေးကုသခွင့်ခံယူစေသည့် ကိစ္စဖြစ်သည် (ဘီဘီစီမြန်မာ၊ ၂၀၂၄၊ အောက်တိုဘာ ၇)[27]။ ဒေါက်တာဇော်မြင့်မောင်အား မသေဆုံးမီသတိလစ်မေ့မြောနေသည့် အချိန်ရောက်မှသာ "လူမှုရေးအရ ငဲ့ညှာတဲ့အနေနဲ့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးလိုက်တယ်" ဟု ၎င်း၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကို ဆေးရုံတွင် လာရောက် ဖတ်ကြားသွားသည့်အကြောင်းကို RFA Burmese သတင်းဌာန၏ ရေးသားချက်အရ သိရှိရသည်(RFA Burmese၊ ၂၀၂၄၊ အောက်တိုဘာ ၆)[28]။

နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် အကျဉ်းသားများအခွင့်အရေး ဆောင်ရွက်နေသူများ၏ ပြောကြားချက်များအရ ထောင်အာဏာပိုင်များနှင့်အရာရှိများသည် ထောင်တွင်းဆန္ဒပြပွဲများအား ပစ်ခတ်ဖြိုခွင်းခြင်းများနှင့် ဖိနှိပ်အရေးယူခြင်းများကို ရည်ရွယ်ချက်ရှိရှိ ပြုလုပ်လျက်ရှိသည်ကိုတွေ့ရသည်။ ဧရာဝတီတိုင်း၊ ပုသိမ်အကျဉ်းထောင်တွင် “ပြန်လည်စုရုံးနှစ်ခြောက်လုံးသပိတ်” ၌ ပူးပေါင်းပါဝင်ခဲ့ကြသည့် နိုင်ငံရေးအကျဉ်းသား ငါးဦးသည်လည်း ထောင်တွင်းထုတ်ဖော်ဆန္ဒပြမှုကြောင့် တိုက်ပိတ်နှိပ်စက်ခံခဲ့ရသည် (ခင်ငြိမ်းချမ်း၊ ၂၀၂၂၊ ဖေဖော်ဝါရီ ၂၃)[29]။ ၂၀၂၂၊ ဧပြီလ ၃ ရက်နေ့တွင်လည်း မုံရွာအကျဉ်းထောင်တွင်း အကြမ်းဖက်စစ်တပ်အားဆန့်ကျင်သည့် ကြွေးကြော်ဆန္ဒပြမှုကြောင့် ထောင်အာဏာပိုင်များနှင့် စစ်သားများမှ ပစ်ခတ်ဖြိုခွင်းမှုခဲ့ပြီး ထိုပစ်ခတ်မှုကြောင့် အကျဉ်းသား တဦး သေဆုံးခဲ့ရပြီး၊ ငါးဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည် (DVB၊ ၂၀၂၃၊ ဧပြီ ၃)[30]။ ထိုသို့ ဖြစ်ပွားခဲ့ပြီးနောက် ဧပြီလ ၇ ရက်နေ့၌ ၎င်းမုံရွာအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားတချို့အား တောင်းဆိုမှုများ မလုပ်နိုင်အောင် လူစုခွဲသည့်အနေဖြင့် မြင်းခြံနှင့် မြစ်ကြီးနားအကျဉ်းထောင်များသို့ ပြောင်းရွှေ့ခဲ့သည်ဟု နောက်ဆက်တွဲအဖြစ်သိရသည် (RFA Burmese၊

---

[27] ဘီဘီစီမြန်မာ (၂၀၂၄၊ အောက်တိုဘာ ၇) “ဒေါက်တာဇော်မြင့်မောင်ရဲ့ ဈာပနကို အောက်တိုဘာ ၈ ရက် မှာ ပြုလုပ်မယ်” https://www.bbc.com/burmese/articles/cn5z63pp401o

[28] RFA Burmese (၂၀၂၄၊ အောက်တိုဘာ ၆) “မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကွယ်လွန်” https://www.rfa.org/burmese/news/nld-dr-zaw-myint-maung-10062024180603.html

[29] ခင်ငြိမ်းချမ်း (၂၀၂၂၊ ဖေဖော်ဝါရီ ၂၃) “ပုသိမ်ထောင်တွင် ၂ ခြောက်လုံးနေ့ ဆန္ဒပြသူ ၅ ဦး တိုက်ပိတ်ခံရ” https://myanmar-now.org/mm/news/10550/

[30] DVB (၂၀၂၃၊ ဧပြီ ၃) “မုံရွာအကျဉ်းထောင်တွင်း ပစ်ခတ်မှုကြောင့် ၁ ဦး သေဆုံး၊ ၅ ဦးဒဏ်ရာရ” https://burmese.dvb.no/post/525709

၂၀၂၂၊ ဧပြီ ၈)[31]။ ထိုနည်းတူ ဘားအံအကျဉ်းထောင်တွင်လည်း မေလ (၈) ရက်နေ့၌ နိုင်ငံရေးအကျဉ်းသား (၆၀) ကျော်အား ဟံသာဝတီထောင်သို့ အတင်းအဓမ္မပြောင်းရွှေ့ခံရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည့် နိုင်ကျဉ်းလူငယ် (၁၇) ဦးအား တိုက်ပိတ်ခဲ့ပြန်သည် (မြေလတ်အသံ၊ ၂၀၂၂၊ ဇူလိုင် ၁၀[32]။ ဧရာဝတီ၊ ၂၀၂၂၊ မေ ၁၁[33])။ ၎င်းဘားအံအကျဉ်းထောင် ဆန္ဒပြပွဲတွင် နောက်ထပ် အကျဉ်းသား(၄)ဦးမှာလည်း ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့သည် တဆက်တည်းလေ့လာတွေ့ရှိခဲ့သည်။

ထို့အပြင် အကြမ်းဖက်စစ်တပ်သည် ထောင်တွင်းဆန္ဒထုတ်ဖော်မှုဖြစ်စဉ်များတွင် ပါဝင်ပူးပေါင်းကြသော အကျဉ်းသားများအား (ယခင်)မတရားအစွဲခံထားရသည့် ၎င်းတို့၏ မူလပြစ်မှု(ပုဒ်မ)များအပြင် အခြားသော ပြစ်မှုများနှင့်တပါတည်းထပ်တိုး တရားစွဲ၊ အမှုဖွင့်ခြင်းများကိုလည်း လုပ်ဆောင်လာခဲ့သည်။ တွေ့ရှိချက်များအရ နိုင်ငံရေးအကျဉ်းသား ဝေယံဖြိုး (ခ) ရာစု သေဆုံးခဲ့ရပြီး လူပေါင်း (၇၀) ခန့် ဒဏ်ရာရခဲ့သည့် ၂၀၂၃ ခုနှစ်၊ ပုသိမ်အကျဉ်းထောင်ဆန္ဒပြမှု ဖြစ်စဉ်အား သာဓကအဖြစ်လေ့လာနိုင်သည်။ ပုသိမ်အကျဉ်းထောင်တွင်းဆန္ဒထုတ်ဖော်မှု၏ နောက်ဆက်တွဲအဖြစ် အကြမ်းဖက်စစ်တပ်မှ နိုင်ငံရေးအကျဉ်းသား (၆၃) ဦးအား ပြည်သူ့ပိုင်ပစ္စည်း ပျက်စီးစေမှု၊ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား နာကျင်စေမှုများဖြင့် ထောင်ဒဏ် သုံးနှစ်ထပ်တိုးချမှတ်ခဲ့သည် (ဧရာဝတီ၊ ၂၀၂၃၊ စက်တင်ဘာ ၂၇)[34]။ ဖော်ပြပါ နိုင်ငံရေးအကျဉ်းသား ၆၃ ဦးအနက် ၁၆ ဦးအား ရာဇသတ်ကြီးဥပဒေပုဒ်မ – ၃၃၂ အရ ထောင်ဒဏ်သုံးနှစ်အပြင် ရာဇသတ်ကြီးဥပဒေပုဒ်မ–၃၃၃ အရ ထောင်ဒဏ်သုံးနှစ် စုစုပေါင်းပေါင်း ခြောက်နှစ်စီ ချမှတ်ခဲ့သည်ကိုတွေ့ရသည်။

## ၂.၉။ အကြမ်းဖက်ဖိနှိပ်မှုများအပေါ် ပြည်သူလူထု၏တုန့်ပြန်မှုများ

အကြမ်းဖက်စစ်တပ်မှ ရက်စက်သောနည်းလမ်းမျိုးစုံဖြင့် ပြည်သူများအား အဆုံးစွန်ဖိနှိပ်၊ ဖမ်းဆီး၊ သတ်ဖြတ်နေစေကာမူ မြန်မာပြည်သူလူထု၏ ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ရလိုစိတ်မှာ အမြဲသာလွန်၍ ပြင်းထန်နေကြောင်း ယနေ့အချိန်ထိ စဉ်ဆက်မပြတ်ထွက်ပေါ်နေဆဲဖြစ်သည့် သပိတ်စစ်ကြောင်းများမှာ သက်သေပင်ဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ အစောပိုင်းကာလများတွင် မြို့ပြ၊ ကျေးလက်မကျန် ဒေသအသီးသီးမှ ပြည်သူများမှဦးဆောင်၍ သပိတ်များဖော်ဆောင်လာခဲ့ပြီးနောက်ပိုင်း အကြမ်းဖက်စစ်တပ်၏ ဥပဒေမဲ့ ဖြိုခွင်း၊ ပစ်ခတ်မှုများကြောင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ အစောပိုင်း၌ မြို့ကြီးများပေါ်မှ

[31] RFA Burmese (၂၀၂၂၊ ဧပြီ ၈) "ပစ်ခတ်မှုဖြစ်ခဲ့တဲ့ မုံရွာထောင်က အကျဉ်းသားအချို့ကို ရွှေ့ပြောင်း" https://www.rfa.org/burmese/news/monya-prisoners-move-04082022060748.html

[32] မြေလတ်အသံ (၂၀၂၂၊ ဇူလိုင် ၁၀) "ဘားအံထောင်က နိုင်ကျဉ်း ၅၀ကျော်နဲ့ တိုက်ပိတ်ခံရသူ ၈ဦးကို သာယာဝတီထောင်ကိုပြောင်းရွှေ့" https://www.myaelattathan.org

[33] ဧရာဝတီ (၂၀၂၂၊ မေ ၁၁) "ဘားအံထောင်ဆူပူမှု အကျဉ်းသား ၄ ဦး ဒဏ်ရာပြင်းထန်၊ ၁၇ ဦး တိုက်ပိတ်ခံရ" https://burma.irrawaddy.com/news/2022/05/11/251799.html

[34] ဧရာဝတီ (၂၀၂၃၊ စက်တင်ဘာ ၂၇) "ပုသိမ်ထောင်ဆူပူမှု၌ ပါဝင်သူ ၆၃ ဦးကို ပြစ်ဒဏ်များထပ်တိုးချ" https://burma.irrawaddy.com/news/2023/09/27/374769.html

အကြမ်းဖက်စစ်တပ်ဆန့်ကျင်သော ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သည့်သပိတ်များမှာ ယခင်ထက် နည်းပါးလာခဲ့သည်။ အကြမ်းဖက်စစ်တပ်သည် ငြိမ်းချမ်းစွာ ဒီမိုကရေစီနည်းလမ်းတကျ၊ လူ့ရပိုင်ခွင့်တရပ်ဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စည်တန်းလှည့်လည်ခွင့်ကို ကျင့်သုံးကြသော ပြည်သူလူထုအပေါ် ဖြိုခွင်းမှုများသည် သမားရိုးကျလူ့ရပိုင်ခွင့်(လူ့အခွင့်အရေး) ချိုးဖောက်မှု ဖြစ်စဉ်ဖြစ်ရပ်များထက် ကျော်လွန်၍ အကြမ်းဖက်၊ ဖိနှိပ်ခဲ့သည်။ သာဓကအနေဖြင့် ချင်းပြည်နယ်၊ ထန်တလန်မြို့အား မီးရှို့သည့်ဖြစ်ရပ်၊ ကရင်နီပြည်နယ်၊ ဖရူဆိုမြို့အစုလိုက်အပြုံလိုက် မီးရှို့သတ်ခံရမှုဖြစ်စဉ်၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မှ အနန့်ပါကျေးရွာ လေကြောင်းတိုက်ခိုက်ခံရမှု ဖြစ်စဉ်၊ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ လေကြောင်းတိုက်ခိုက်ခံရမှု ဖြစ်စဉ်နှင့် ဘုတလင်၊ စီပါရွာ လူသတ်မှုဖြစ်စဉ်များအား လေ့လာခြင်းဖြင့် အကြမ်းဖက်စစ်တပ်၏ ရက်စက်၊ ယုတ်မာမှုများအား အထင်းသားမြင်တွေ့နိုင်သည်။

မြန်မာပြည်သူလူထုသည် ထိုကာလအတောအတွင်း၌ ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားအခြားသော နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်များဖြစ်ကြသည့် အိမ်နီးချင်းနိုင်ငံများထံမှ အကူအညီများအား တောင်းခံခဲ့ကြသည့်တိုင် အပြုသဘောဆောင်သည့် ထိရောက်သည့် အကူအညီများပင် မရရှိခဲ့ပါ။ သို့သော်လည်း အကြမ်းဖက်စစ်တပ်ဆန့်ကျင်သည့် ကမ်ပိန်းများနှင့် သပိတ်များအား ပြည်သူများနှင့် သပိတ်ကော်မတီများမှ ဦးဆောင်၍ ယနေ့အချိန်ထိ တောက်လျှောက်ဖော်ဆောင်လျက်ရှိပြီး ရန်ကုန်၊ မန္တလေးကဲ့သို့ အကြမ်းဖက်စပ်တပ်ထိန်းချုပ်ထားသည့် မြို့ကြီးများပေါ်၌ အကြမ်းဖက်စစ်တပ်၏ ပြောင်းလဲအသုံးပြုလာသည့် နည်းဗျူဟာများနှင့် ဖြိုခွင်း၊ ဖိနှိပ်မှုများကြောင့် တော်လှန်ပြည်သူများမှလည်း နောက်ပိုင်းတွင် မြို့ပြပြောက်ကျားသပိတ်များကို အသားပေး ရွေးချယ်ဖော်ဆောင်လာခဲ့သည်။ အကြမ်းဖက်စစ်တပ်သည် ၎င်းတို့အားဆန့်ကျင်သော လူထုလှုပ်ရှားမှုများ၌ ပူးပေါင်းပါဝင်ကြသည့် ပြည်သူများအား ရက်စက်စွာ ရိုက်နှက်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများ ကျူးလွန်လာခဲ့ရုံသာမက မြို့ပြပြောက်ကျားသပိတ်များကိုလည်း ထိုနည်းတူစွာ စစ်လက်နက်များဖြင့် ပစ်ခတ်ခြင်း၊ အိမ်စီးကား (သို့) စစ်ကားများဖြင့် တိုက်၍ဖြိုခွင်းမှုများကိုလည်း ဆက်တိုက်ကျူးလွန်လာခဲ့သည်။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက်နေ့ မုံရွာမြို့မှ “နှစ်ခြောက်လုံး စည်ကားသပိတ်” ဖြစ်စဉ်[35]နှင့် ကြည့်မြင်တိုင်၊ ပန်းပင်ကြီးလမ်း ဖြစ်စဉ်[36] များအား လေ့လာနိုင်ပြီး အလားတူဖြစ်စဉ်များစွာကိုလည်း အကြမ်းဖက်စစ်တပ်မှ ကျူးလွန်နေဆဲဖြစ်သည်။

စဉ်ဆက်မပြတ် ထွက်ပေါ်လာသည့် မြို့ပြပြောက်ကျားသပိတ်များအား အကြမ်းဖက်စစ်တပ်မှ ယာဉ်ကြီး၊ ယာဉ်ငယ်များအသုံးပြု၍ တိုက်ခိုက်ဖြိုခွင်းခြင်းများအပြင် စောင့်ကြည့်ရေးကင်မရာများ (CCTV)၊

[35] DVB (၂၀၂၂၊ ဖေဖော်ဝါရီ ၂၂) “ပြန်လည်စုရုံး ၂ ခြောက်လုံး” မုံရွာသပိတ်ကို စစ်ကောင်စီတပ်က ကားဖြင့်တိုက် အကြမ်းဖက်ဖြိုခွင်း” https://www.dvb.no/post/518388

[36] Myanmar Now (၂၀၂၁၊ ဒီဇင်ဘာ ၆) “စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်မှုသက်သေ၊ ပန်းပင်ကြီးလမ်းဖြစ်စဉ်” https://myanmar-now.org/mm/news/9560/

အကြမ်းဖက်စစ်တပ်လက်အောက်ခံ ယာဉ်ထိန်းရဲများနှင့် သတင်းပေးများမှတဆင့် ပြောက်ကျားသပိတ်များဖော်ဆောင်ရာတွင် အသုံးပြုခဲ့ကြသည့် ယာဉ်များတွင်ပါရှိသည့် နံပါတ်များအား မှတ်တမ်းယူကာ နောက်ယောင်ခံလိုက်ခြင်းနှင့်၊ ဧည့်စာရင်းစစ်ခြင်းဟု အကြောင်းပြကာ ပါဝင်သူများ၏နေအိမ်များသို့ ဝင်ရောက်စီးနင်း၍ ရိုက်နှက်၊ ဖမ်းဆီးခြင်းများကို တောက်လျှောက်ကျူးလွန်လာခဲ့သည်။ ထို့အပြင် အကြမ်းဖက်စစ်တပ်သည် ပြည်သူလူထုနှင့် ပြောက်ကျားသပိတ်ဖော်ဆောင်သူများကြား ဒွိဟများပေါ်ပေါက်လာစေရန်နှင့် စည်းလုံးမှုပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် ပြောက်ကျားသပိတ်ဖော်ဆောင်ခဲ့သည့် ပတ်ဝန်းကျင်အနီးအနားမှ လမ်း၊ ရပ်ကွက်အတွင်း နေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ ရိုက်နှက်စစ်ဆေးခြင်း၊ ဖမ်းဆီးထောင်ချခြင်းများအပြင် ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများနှင့် ဈေးဆိုင်ခန်းများအား ဖျက်ဆီးလာခဲ့ကြသည် (အက်စတာဂျေ၊ ၂၀၂၂၊ ဇူလိုင် ၁)[37]။

အကြမ်းဖက်စစ်တပ်ဆန့်ကျင်ရေး ဆန္ဒထုတ်ဖော်မှုများတွင် လူထု၏ပါဝင်မှုအား လေ့လာသုံးသပ်ရာတွင် (၁) လူထု၏ထောက်ခံမှုနှင့် (၂) ပူးပေါင်းပါဝင်မှုဟူ၍ နှစ်မျိုးတွေ့ရှိရသည်။ အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယနေ့အချိန်ထိ အကြမ်းဖက်စစ်တပ်ဆန့်ကျင်တော်လှန်ရေးတွင် လူထု၏ထောက်ခံမှုမှာ စိုးစဉ်းမျှ လျော့နည်းသွားခြင်းမရှိသော်လည်း အထက်တွင်ဖော်ပြခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် လူထု၏ ပူးပေါင်းပါဝင်မှုမှာ ယခင်အစောပိုင်းကာလများထက် အားပျော့လျော့ လာခဲ့သည်မှာ တော်လှန်ရေး၏ (၄) နှစ်တာကာလအတွင်း ထင်သာမြင်သာရှိလှသည်။ ထို့ကြောင့်ပင် ပြောက်ကျားသပိတ်များ မြို့ပေါ်ဒေသအများစုတွင် စတင်ထွက်ပေါ်လာခဲ့သည့် အစောပိုင်းကာလများ၌ လူထု၏ ကြိုဆိုခြင်း၊ အားပေးခြင်းများနှင့် ဖေးမကူညီမှုများစွာ ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်စစ်တပ်၏ ဖိနှိပ်မှုများကြောင့် လူထု၏ပူးပေါင်းပါဝင်မှုသည် သိသိသာသာပင် လျော့နည်းလာခဲ့သည်။

လူ့ရပိုင်ခွင့် (ခ) လူ့အခွင့်အရေးအား ညက်ညက်ကြေသည့်တိုင်အောင် (အလုံးစုံ ပျက်သုန်းသည်အထိ) ဥပဒေမဲ့စွာ ချိုးဖောက်နေသည့် အကြမ်းဖက်စစ်တပ်ကို သက်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများအား အားကိုးအားထားပြုကာ အရေးယူရန်တောင်းဆိုခဲ့သော်လည်း လက်တွေ့တွင် ကမ္ဘာပေါ်မှ “လူ့အခွင့်အရေး”ဟု တရပ်စပ်အော်နေခဲ့ကြသည့် နိုင်ငံကြီးများ၏ မျက်နှာလွှဲခဲပစ်၊ လျစ်လျူရှုမှုကိုသာ မြန်မာနိုင်ငံသားများ ရရှိခဲ့ကြရသည်။ မြန်မာပြည်သူလူထုသည် အုပ်ချုပ်သူအာဏာရှင်များအား အကြမ်းမဖက်သောနည်း (non violence action)ဖြင့် တွန်းလှန်ရန်မှာ ဖြစ်နိုင်စွမ်းမရှိသည်ကို တဖြည်းဖြည်းရိပ်မိလာခဲ့သည့်နောက် ပြည်သူအများစုသည် ယခင်ခေတ်အဆက်ဆက်တတည်းက (နှစ်ပေါင်း ၇၀ ကျော်) အာဏာရှင်များအားတော်လှန်နေခဲ့ကြသည့် (နီးစပ်ရာ) ဒေသအသီးသီးမှ တိုင်းရင်းသားလက်နက်ကိုင်

[37] အက်စတာဂျေ (၂၀၂၂၊ ဇူလိုင် ၁) “စစ်တပ်က မီးရှို့ဖျက်ဆီးပြီးနောက် လှည်းတန်းဈေးတွင် လူအသွားအလာနည်းပါး” https://myanmar-now.org/mm/news/11825/

အဖွဲ့များထံ ဝင်ရောက်ပူးပေါင်း၍ အကြမ်းဖက်စစ်တပ်အား ခုခံတော်လှန်လာခဲ့ကြသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အကြမ်းဖက်စစ်တပ်မှ အတင်းအကြပ်ပြဋ္ဌာန်း ထုတ်ပြန်လိုက်သည့် စစ်မှုထမ်းဥပဒေ၏ ရိုက်ခတ်မှုသည်လည်း မြန်မာနိုင်ငံမှလူငယ်များဘဝအတွက် အလွန်တရာအကြပ်ရိုက်စေခဲ့ပြီး အကြမ်းဖက်စစ်တပ်အား အဆုံးစွန်ထိတော်လှန်ရန် နောက်ထပ်တွန်းအားတရပ်ဖြစ်လာခဲ့သည်မှာ ငြင်းဆိုဖွယ်ရာမရှိပေ။

## ၂.၁၀။ လွတ်မြောက်နယ်မြေများအတွင်းမှ ဆန္ဒပြထုတ်ဖော်ပြောဆိုမှုများ

လွတ်မြောက်နယ်မြေများမှ အုပ်ချုပ်ရေးအပိုင်းအား လေ့လာကြည့်မည်ဆိုလျှင် အကြမ်းဖြင်းအားဖြင့် (၁) တိုင်းရင်းသားတပ်များမှ (EROs) ထိန်းချုပ်ထားသည့်နယ်မြေနှင့် (၂) အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government– NUG) လက်အောက်ခံ ကာကွယ်ရေးတပ်များ၏ ထိန်းချုပ်နယ်မြေဟူ၍ အပိုင်း (၂) ပိုင်းခွဲခြားနိုင်သည်။ တိုင်းရင်းသားတပ်များထိန်းချုပ်ထားသည့် ဒေသများ၌ ယခင်ကတည်းက ၎င်းတို့ကိုယ်ပိုင်ပြဋ္ဌာန်းထားပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အုပ်ချုပ်ရေးယန္တရားများ ရှိနှင့်ပြီးဖြစ်သော်လည်း အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်ခံ ကာကွယ်ရေးတပ်များ၏ ထိန်းချုပ်နယ်မြေများ၌မူ ပြည်သူ့ကာကွယ်ရေး (ပကဖ)၊ ပြည်သူ့အုပ်ချုပ်ရေး (ပအဖ)နှင့် ပြည်သူ့လုံခြုံရေး (ပလဖ) – "ပသုံးလုံး" ဟူ၍ တာဝန်အသီးသီးချမှတ်ထားရှိသည်ဟု လေ့လာသိရှိရပြီး အုပ်ချုပ်ရေးပုံစံများ မပီမပြင်နှင့် ရှုပ်ထွေးမှုများရှိနေကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများမှ ထောက်ပြပြောဆိုထားသည်။ ထိုအကြောင်းအရာအား ဘီဘီစီမြန်မာ မှလည်း "၃နှစ်ရာသီ NUG– စစ်ရေးဘဏ္ဍာရေးနယ်မြေစိုးမိုးမှုနဲ့ ပသုံးလုံးပြဿနာ" ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ရေးသားထုတ်ပြန်ထားသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၏ ကာကွယ်ရေးဝန်ကြီးဦးရည်မွန်မှ တော်လှန်ရေးအင်အားစုများ အပြီးအပိုင် သိမ်းပိုက်ထိန်းချုပ်ထားသည့်မြို့နယ် စုစုပေါင်း (၇၅) မြို့နယ်၊ တော်လှန်ရေးအင်အားစုများမှ ဝိုင်းပတ်ထိန်းချုပ်ထားသည့် မြို့နယ်ပေါင်း (၁၀၅) ရှိနေပြီး ရာခိုင်နှုန်းအားဖြင့် တနိုင်ငံလုံး၌ အကြမ်းဖက်စစ်တပ်ထိန်းချုပ်ထားတဲ့မြို့မှာ (၂၈) ရာခိုင်နှုန်းခန့်သာကျန်ရှိတော့သည်ဟု ကြေညာထားသည်။ တိုင်းရင်းသားလက်နက်ကိုင်အင်အားစု (EROs) များနှင့် အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ် အင်အားစုများသည် မြို့ရွာများအား တစထက်တစတိုး၍ သိမ်းပိုက်လာကာ လွတ်မြောက်နယ်မြေများလည်း ပိုမိုကျယ်ပြန့်လာနေသည်။ တိုင်းရင်းသားလက်နက်ကိုင်အင်အားစု (EROs) များနှင့် အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်များ တိုက်ခိုက်၊သိမ်းပိုက်၍ ထိန်းချုပ်ထားသည့် နယ်မြေများ၌ (တနည်းအားဖြင့် အကြမ်းဖက်စစ်တပ်အုပ်ချုပ်ရေး ရပ်ဆိုင်းသွားသည့် လွတ်မြောက်နယ်မြေများ)တွင် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များတည်ဆောက်ခြင်း အပါအဝင် ကျန်းမာရေး၊ ပညာရေး နှင့် လမ်းပန်းဆက်သွယ်ရေး အစရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများအား မည်ကဲ့သို့ ဖော်ဆောင်နေသည်မှာ စိတ်ဝင်စားဖွယ်အလွန်ကောင်းလှသည့် အကြောင်းအရာဖြစ်သည်။ သည့်အပြင် ထိုအကြောင်းအရာများမှာ စိတ်ဝင်စားဖွယ်ကောင်းသကဲ့သို့ လူ့ရပိုင်ခွင့် (လူ့အခွင့်အရေး)နှင့်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကဲ့သို့သော အခြေခံကျသည့် ရပိုင်ခွင့်များနှင့် သက်ဆိုင်သည့် အကြောင်းအရာ၊ အချက်အလက်များသည်လည်း စောင့်ကြည့်လေ့လာသင့်သော ကိစ္စရပ်များဖြစ်သည်။ တော်လှန်ရေးကို မျက်နှာမူရသော အခင်းအကျင်းအတွင်းတွင် တော်လှန်ရေးအင်အားစုများ၏ လူ့ရပိုင်ခွင့် (လူ့အခွင့်အရေး)နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ချိုးဖောက်၍ ကျော်လွန်လုပ်ဆောင်နေခြင်းများအား လွတ်မြောက်နယ်မြေများ၌ မြင်တွေ့နေရသည်။

အသံအဖွဲ့၏ စောင့်ကြည့်လေ့လာချက်များအရ စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်မှ ပြည်သူ့လုံခြုံရေးအဖွဲ့ (ပလဖ) အသစ်ပြောင်းလည်းခန့်အပ်ပေးရန် ကျေးရွာ (၅) ရွာမှ ဒေသခံများပူးပေါင်းပြီး ၂၀၂၄ ခုနှစ်၊ မတ်လ (၈) ရက်နေ့၌ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ နေအိမ်များမီးရှို့ဖျက်ဆီးခံထားရသည့် ပြည်သူများသည် နေထိုင်စားသောက်ရန်ခက်ခဲလာသည့်အတွက် ၂၀၂၄ ခုနှစ်၊ မတ် (၅) ရက်နေ့တွင် ဆားလင်းကြီးမြို့အထွက် စက်မှု (၁) (ယခင်က အကြမ်းဖက်စစ်တပ်အထိုင်ချနေရာ) စက်ရုံအတွင်းရှိ သံတိုသံစများနှင့် အခြားစက်ပစ္စည်းများအား ပြန်လည်ရောင်းချရန် သွားရောက်ယူဆောင်ချိန် ဒေသခံ ပြည်သူ့လုံခြုံရေးအဖွဲ့ (ပလဖ)များ၏ ဖမ်းဆီးခံလိုက်ရပြီး ထိုဖမ်းဆီးခံရသူများအား ပြန်ထုတ်ပေးဖို့တောင်းဆိုသော်လည်း မထုတ်ပေးသည့်အပြင် ဖမ်းဆီးခံထားရသည့် ပြည်သူများအား တွင်းတူးခိုင်းခြင်း၊ တွင်းတူးသည့်အချိန်သီချင်းဆိုသည့် ပြည်သူများအား ရိုက်နှက်ခြင်းများ ကျူးလွန်ခဲ့သည်။ ဖမ်းဆီးခံရတဲ့သူများထဲတွင် (၄) လသားအရွယ် ကလေးနှင့် မိဘများပင်ပါဝင်ပြီး ဖမ်းဆီးထားသည့်ပြည်သူများ လွတ်မြောက်ရန် (၁) ဦးလျှင် ဒဏ်ကြေး (၃) သိန်းကျပ် ပေးဆောင်ရမည်ဟု ကနဦး သိရှိထားသည်။ ပြီးခဲ့သည့် (၂၀၂၃) ခုနှစ် နှစ်ကုန်ပိုင်းလောက်ကလည်း ထိုပြည်သူ့လုံခြုံရေးအဖွဲ့ (ပလဖ)အား ဒေသခံပြည်သူများမှဦးဆောင်၍ ပလဖ အသစ်ပြောင်းပေးရန်ဆန္ဒပြ တောင်းဆိုခဲ့ကြသော်လည်း ပြောင်းလဲပေးခြင်းမျိုးမရှိဟု ဒေသခံများ၏ ပြောဆိုချက်များမှ သိရှိရသည်။



ပုံစာ – ဆားလင်းကြီး ဒေသခံများဆန္ဒပြနေစဉ် (မတ် ၂၀၂၄)

သည့်အပြင် စစ်ကိုင်းတိုင်း၊ ရွှေဦးမြို့နယ် ပကဖမှ ရပ်ကျေး အဖွဲ့ဝင်များအားဖမ်းဆီးသွားသည့်ဖြစ်စဉ်၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တပ်မဟာ– ၇ နယ်မြေ၊ ပန့်ဝါဒေသ ဖရဲကျေးရွာ၌ မြေရှားသတ္တုတူးဖော်နေသည့် လုပ်ငန်းအားကန့်ကွက်ခဲ့သည့် ဒေသခံအမျိုးသမီး (၂၅) ဦးအား (KIA) တပ်ရင်း– (၃၃) မှ ဖမ်းဆီးချုပ်နှောင်ထားသည့်ဖြစ်စဉ်၊ စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်ဖြစ်စဉ်နှင့် အလားတူဖြစ်စဉ်များအားလည်း တွေ့ရှိရသည်။ ထပ်ဆောင်းလေ့လာတွေ့ရှိချက်မှာ လွတ်မြောက်နယ်မြေများတွင် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် ဆိုရှယ်မီဒီယာများပေါ်၌ သတင်းမီဒီယာများ၏ ဖော်ပြခြင်းနည်းပါးလှပြီး၊ နိုင်ငံရေး၊ စစ်ရေး စောင့်ကြည့်လေ့လာသူများအနေဖြင့် (ဒေသခံမဟုတ်လျှင်) ရှင်းလင်းစွာ သိရှိနားလည်နိုင်ရန် ခက်ခဲလှသည်။ အထက်ဖော်ပြပါအကြောင်းအရာများကို လေ့လာသုံးသပ်ကြည့်ခြင်းဖြင့် တော်လှန်ရေးအင်အားစုများအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပါအဝင် လူ့ရပိုင်ခွင့်အပေါ် လေးစားတန်ဖိုးထားရန် လိုအပ်နေသေးကြောင်းထင်ရှားသည်။ တော်လှန်ရေးသည် စစ်အာဏာရှင်ကို တော်လှန်သည့်အပြင် အတွေးအခေါ်တော်လှန်ရေးအထိပါ ရှေးရှုရမည်ဖြစ်ပြီး ပြည်သူလူထု၏ အခြေခံရသင့်ရထိုက်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုလည်း လေးစားလိုက်နာ၍ ကာကွယ်ပေးရန်လိုအပ်ကာ ပြည်သူကို မျက်နှာမူသော တော်လှန်ရေး တရပ်ဖြစ်ရန် လိုအပ်သည်။

# ၃။ ဖိနှိပ်စောင့်ကြည့်ရေး ယန္တရားများတည်ဆောက်ခြင်း

## ၃.၁။ စောင့်ကြည့်ရေး နည်းဗျူဟာများ

အကြမ်းဖက်စစ်တပ်သည် ၎င်းတို့၏လုပ်ရပ်အား လက်မခံပဲဆန့်ကျင်သည့် ပြည်သူများအပေါ် စစ်တပ်တတပ်၏ သွင်ပြင်လက္ခဏာဖြင့် မအပ်စပ်လှသည့်လုပ်ရပ်များ အထိန်းအကွပ်မဲ့စွာ ကျူးလွန်နိုင်ရန် စနစ်တကျပြင်ဆင်လာခဲ့ပြီး ပြည်သူများ၏ လူ့ရပိုင်ခွင့်နှင့် လူ့အခွင့်အရေးများကို ပေါ်ပေါ်ထင်ထင်ပင်ကမ္ဘာသိ အဆုံးစွန်ချိုးဖောက်လာခဲ့သည်။ သုံးနှစ်ကျော် လေးနှစ်တာအတွင်း အကြမ်းဖက်စစ်တပ်မှ စနစ်တကျပြင်ဆင်လာခဲ့သည့် စောင့်ကြည့်ရေးဗျူဟာများ (Surveillance Strategies) များသည် သာမာန်ပြည်သူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများအပြင် ဒီမိုကရေစီနှင့်ဖက်ဒရယ်အရေး လှုပ်ရှားကြသည့် နိုင်ငံရေးအင်အားစုများ၏ လွတ်လွပ်မှုအား ကန့်သတ်၍ လုပ်ဆောင်ချက်များ၊ ပြောဆိုချက်များ၊ ရေးသားထုတ်ပြန်ချက်များနှင့် ၎င်းတို့ကြား ဆက်ဆံလှုပ်ရှားမှုများအား အဓိက အနှောင့်အယှက်ဖြစ်စေပြီး အကြမ်းဖက်စစ်တပ်ဆန့်ကျင်သည့် လှုပ်ရှားမှုများဖော်ဆောင်ရာတွင် အခက်အခဲများစွာနှင့် စိန်ခေါ်မှုများကြုံတွေ့စေသည်။

အကြမ်းဖက်စစ်တပ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အစောပိုင်းကာလများမှစတင်ကာ ၎င်းတို့လုပ်ရပ်အား ဆန့်ကျင်ပုန်ကန်လာမည့် ပြည်သူတဦးတယောက်ချင်းစီအား မျက်ခြေမပြတ်စောင့်ကြည့်၍ ဖိနှိပ်နိုင်ရန်အတွက် စောင့်ကြည့်ရေးဗျူဟာများကို (Surveillance Strategies) တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ပြီး ကနဦးအနေဖြင့် ယခင်စစ်အစိုးရများအဆက်ဆက် အသုံးပြုခဲ့သည့် ပြည်သူများနေထိုင်ရာ ရပ်ကွက်များအတွင်းသို့ ဝင်ရောက်၍ အကြမ်းဖက်စစ်တပ်လက်အောက်ခံများမှ (ရဲ၊ စစ်သားနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး အစရှိသည်တို့) တအိမ်တက် တအိမ်ဆင်း ဧည့်စာရင်းစစ်သည့် စနစ်ပင်ဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ ဧည့်စာရင်းစစ်ခြင်းကြောင့် အကြမ်းဖက်စစ်တပ်၏ ပစ်မှတ်ထားခံရ၍ ရှောင်တိမ်းနေရသည့် ပြည်သူများ၏ တည်နေရာအား ထောက်လှမ်းခြင်း၊ နောက်ယောင်ခံလိုက်ခြင်းနှင့် ဖမ်းဆီးနှိပ်စက်ထောင်ချသည့်ဖြစ်စဉ်များစွာရှိသည်။

ထို့အပြင် အကြမ်းဖက်စစ်တပ်သည် မြို့အဝင်၊အထွက်များ၌ စစ်ဆေးရေးဂိတ်များချထားပြီး ဖြတ်သန်းသွားလာသည့် ခရီးသွားပြည်သူများ၏ ဖုန်း၊ မှတ်ပုံတင်နှင့် အခြားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များ တောင်းယူစစ်ဆေး၍ အမည်ပေါက်တက်ကြွလှုပ်ရှားသူများနှင့် ဖုန်းအတွင်း တော်လှန်ရေးနှင့်ပတ်သက်ဆက်နွယ်သည့် အချက်အလက် လက်ဝယ်ရှိသူများအား ဖမ်းဆီး၊ ထောင်ချသည့်လုပ်ရပ်များစွာကိုလည်း ကြုံတွေ့ကြရသည်။ တဖက်တွင်လည်း အကြမ်းဖက်စစ်တပ်သည် အာဏာသိမ်းသည့်နေ့မှစ၍ ယနေ့အချိန်ထိ ၎င်းတို့အကျအနတည်ဆောက်ထားသည့် ဒစ်ဂျစ်တယ်သတင်းပေးယန္တရားများအနက် တခုဖြစ်သည့် (Telegeram) တယ်လီဂရမ်ချန်နယ်များမှတဆင့်

ဆိုရှယ်မီဒီယာပလက်ဖောင်းများပေါ်ရှိ Public Figures များ၏ လှုပ်ရှားမှုများ၊ နိုင်ငံရေး၊ တော်လှန်ရေးနှင့် ဆက်စပ်သည့် ပို့စ်များ (status)၊ မှတ်ချက်များ (Comment) နှင့် ရေးသားမျှဝေသူများ၏ ပရိုဖိုင်များအား မှတ်တမ်းအဖြစ်ရယူကာ နိုင်ငံသားများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ပိတ်ပင်တားဆီးကာ ဖမ်းဆီး၊ အရေးယူမှုများ ပြုလုပ်လာခဲ့သည်။

စောင့်ကြည့်ရေးနည်းဗျူဟာများအနက် Face Recognition လုပ်ဆောင်နိုင်ပြီး၊ လူလုပ်အသိဉာဏ် (AI) နည်းပညာအသုံးပြုထားသည့် စောင့်ကြည့်ကင်မရာ (CCTV)များအား ထင်ရှားသည့်နေရာအနှံ့နှင့် လမ်းဆုံလမ်းခွများတွင် တပ်ဆင်ထားခြင်းသည် အကြမ်းဖက်စစ်တပ်၏ ထိရောက်မှုရှိသည့် နည်းဗျူဟာတရပ်ဟု သတ်မှတ်နိုင်သည်။ လေ့လာတွေ့ရှိချက်များအရ အကြမ်းဖက်စစ်တပ်သည် ထိုနည်းပညာအား နိုင်ငံအတွင်း တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရန် (၂၀၂၁) ခုနှစ် အစောပိုင်းကာလများမှပင်စတင်ကာ တစတစဖြင့်ဖော်ဆောင်ခဲ့သည်။ ၎င်းစောင့်ကြည့်ကင်မရာ (CCTV) များမှတဆင့် ပြည်သူများ၏ လှုပ်ရှားမှုအလုံးစုံအား စောင့်ကြည့်နေနိုင်ပြီး အကြမ်းဖက်ဖိနှိပ်ခြင်းမှုများအား စနစ်တကျကျူးလွန်လာနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ စောင့်ကြည့်ရေးကင်မရာများမှရရှိလာသည့် မှတ်တမ်းများအားအခြေခံ၍ အကြမ်းဖက်စစ်တပ်ဆန့်ကျင်သည့် ဆန္ဒပြပွဲများ၌ ဦးဆောင်သူ၊ ပါဝင်ပတ်သက်သူများနှင့် ၎င်းတို့အသုံးပြုခဲ့သည့် (သက်သေခံ) ပစ္စည်းများ၊ ယာဥ်ကြီး၊ ယာဥ်ငယ်များအား ခြေရာခံ၍ မတရားဖမ်းဆီး၊ သတ်ဖြတ်၊ ထောင်ချသည့် ဖြစ်စဉ်များစွာသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည်ကို လေ့လာတွေ့ရှိရသည် (အသံ၊ ၂၀၂၃၊ နိုဝင်ဘာ)[38]။ သပိတ်ကော်မတီ အဖွဲ့ဝင်တချို့၏ ပြောကြားချက်များအရ မြို့ပြပြောက်ကျားသပိတ်များ ဖော်ဆောင်ရာ၌ အကြမ်းဖက်စစ်တပ်၏ စောင့်ကြည့်ကင်မရာများသည် သပိတ်တွင်ပူးပေါင်းပါဝင်သူများအဖို့ ရှောင်လွှဲရန်ခက်ခဲလှသည့် စိန်ခေါ်မှုတရပ်ဖြစ်လာခဲ့သည်။

ဖုန်းအော်ပရေတာများမှတဆင့် စောင့်ကြည့်သည့်နည်းဗျူဟာသည်လည်း အကြမ်းဖက်စစ်တပ်၏ နောက်ထပ်ထိရောက်မှုရှိလှသော နည်းဗျူဟာတခုဖြစ်လေသည်။ အကြမ်းဖက်စစ်တပ်မှ တိုင်းပြည်အား အာဏာသိမ်းပြီးနောက် ကျဆင်းလာခဲ့သည့် တယ်လီကွန်းစီးပွားရေးဈေးကွက်အခြေအနေများ၊ အကြမ်းဖက်စစ်တပ်၏ ပြောင်းလဲပြင်ဆင်၍ထုတ်ပြန်လာသည့် ထုတ်ပြန်ချက်များ၊ ဥပဒေများနှင့် ဖိအားများကြောင့် နိုင်ငံအတွင်းမှ ထွက်ခွာရန်တာဆူနေခဲ့ကြသည့် ပြည်တွင်းမှဖုန်းအော်ပရေတာများအားလုံးကို အကြမ်းဖက်စစ်တပ်နှင့် အကြမ်းဖက်စစ်တပ်လက်အောက်ခံ (၎င်းတို့နှင့်အကျိုးတူ စီးပွားရေးသမားများဖြစ်သည့်) ခရိုနီများမှ သိမ်းပိုက်ဝယ်ယူခဲ့ကြသည်။ ဤသို့ဖြင့် ပြည်တွင်းဖုန်းအော်ပရေတာများအားလုံး အကြမ်းဖက်စစ်တပ်လက်အောက်သို့ တဖြည်းဖြည်း ကျရောက်ခဲ့သည်။

---

[38] အသံ (၂၀၂၃၊ နိုဝင်ဘာ) "တိမ်ကောပျောက်ကွယ်နေဆဲဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် မြန်မာပြည်အာဏာသိမ်းမှုအပြီး (၂) နှစ်ကျော်ကာလ အတွင်းမှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ"
https://athanmyanmar.org/wp-content/uploads/2023/11/FOE-MYN-Nov-14.pdf

(၂၀၂၂) ခုနှစ်၊ စက်တင်ဘာလ၊ (၁၉) ရက်နေ့၌ အကြမ်းဖက်စစ်တပ်လက်အောက်ခံ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖုန်းဆင်းကဒ်များအား လက်ဝယ်အသုံးပြုသူမှ ကိုယ်တိုင်မှတ်ပုံတင်ရန်နှင့် ၎င်းတို့သတ်မှတ်ထားသည့် သတ်မှတ်ရက်အတွင်း၌ မှတ်ပုံတင်ခြင်းမရှိပါက ၎င်းဖုန်းဆင်းကဒ်အား ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ လေ့လာတွေ့ရှိချက်များအရ အကြမ်းဖက်စစ်တပ်သည် အော်ပရေတာများမှတဆင့် ဖုန်းပြောဆိုမှုများအား ကြားဖြတ်နားထောင်ခြင်းနှင့် စာတို (SMS) ပေးပို့မှုများအား စောင့်ကြည့်ခြင်းများမှ တော်လှန်ရေးကွန်ရက်များအား ဖော်ထုတ်ခြင်းနှင့် တည်နေရာများ ထောက်လှမ်း၍ ဖမ်းဆီးမှုများ တောက်လျှောက်ကျူးလွန်လာခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည် (အသံ၊ ၂၀၂၃၊ နိုဝင်ဘာ)။

## ၃.၂။ ဥပဒေများကို အလွဲသုံးစားပြုလုပ်ခြင်း

စစ်တပ်မှဥပဒေပိုင်းဆိုင်ရာ အလွဲသုံးစားမှုများပြုလုပ်ခြင်းကို လေ့လာရာတွင် ပြည်သူလူထု၏ အခြေခံလူ့အခွင့်အရေး များဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်များကို ချိုးဖောက်ရန် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်ခြင်းနှင့် မိမိတို့၏ အခွင့်အရေးကို ကျင့်သုံးသူ တနည်းအားဖြင့် လွတ်လပ်စွာထုတ်ဖော်သူ၊ ငြိမ်းချမ်းစွာစုဝေးသူများကို ပြင်းထန်သော ပြစ်ဒဏ်များချမှတ်နိုင်သည့် ပုဒ်မများဖြင့် ထောင်ချအရေးယူခြင်းများ စသည့် အမျိုးအစား(၂)ခု တွေ့ရသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်သည် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဌာန်း သည် ဟုဆိုကာ ပုဒ်မ-၅၀၅-က၊ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို ပြန်လည်ပြင်ဆင်ပြဌာန်းသည့် အပြင် ၅၀၅-က နှင့် ၅၀၅-က (၁)၊ (၂)၊ (၃)ဟူ၍ ထပ်မံပြင်ဆင်ပြဌာန်းခဲ့သည်။ ထိုနောက် ဆန္ဒပြသူများအား ဖမ်းဆီးအရေးယူရာတွင် ပြစ်ဒဏ်နည်းသည့် ငြိမ်းစုစီဥပဒေထက် ပြစ်ဒဏ်ပို၍ ကြီးလေးသော ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူမှု အများအပြား တွေ့ရှိရသည်။ အကြမ်းဖက်စစ်တပ်မှ ဥပဒေများ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများသည် တရားဝင်မှုမရှိဘဲ ထိုတရားမဝင် ဥပဒေများကို ပြည်သူလူထုအား အနိုင်ကျင့်ဖိနှိပ်ရန်သက်သက် အသုံးပြုနေသည်ကို တွေ့ရသည်။

ပို၍ဆိုးသည်မှာ မတရားအာဏာသိမ်းမှုအား လက်ခံခြင်းမရှိပဲဆန့်ကျင်သည့် ပြည်သူလူထုအား ဆက်လက်ထိန်းချုပ်ရန် မဖြစ်နိုင်တော့သည့် အခြေအနေကို ရိပ်မိပြီးသည့်နောက်တွင် အကြမ်းဖက်စစ်တပ်သည် ၎င်းတို့ကိုယ်တိုင်ကိုယ်ကျ ဖျက်ဆီးခဲ့၍ တရားမဝင်တော့သည့် (၂၀၀၈) ဖွဲ့စည်းပုံအား ပြန်လည်ကိုးကား၍ ၂၀၂၁၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၅၊ ၇ နှင့် ၈) များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၂၀) နှင့် အညီ ရပ်ဆိုင်းထားမည်ဟူ၍ ထုတ်ပြန်ခဲ့သည် (Eleven Media၊

၂၀၂၁၊ ဖေဖော်ဝါရီ ၁၃)[39]။ ပြည်သူများ၏ လွတ်လပ်မှုအား အတားအတာတခုအထိ အကာအကွယ်ပေးနိုင်သည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အကာအကွယ်ပေးရေး (နိုင်လွတ်လုံဥပဒေ)အား ရည်ရွယ်ချက်ရှိရှိဖြင့် ပြင်ဆင်ခဲ့ပြန်လေသည်။ ဖော်ပြပါ ဥပဒေပြဌာန်းချက်အား ရပ်ဆိုင်းပြီးနောက် အကြမ်းဖက်စစ်တပ်လက်အောက်ခံ ရဲနှင့် စစ်သားများမှ တက်ကြွလှုပ်ရှားသူ ပြည်သူများ၏ ပိုင်နက်များအတွင်းသို့ ဝရမ်းမပါပဲ ဝင်ရောက်ကာ အတင်းအဓမ္မ ရှာဖွေခြင်း၊ ရိုက်နှက်ဖမ်းဆီးခြင်း၊ ပိုင်ဆိုင်မှုများအား သိမ်းယူ၊ ချိတ်ပိတ်ခြင်း၊ နောက်ယောင်ခံလိုက်ခြင်း၊ ဆက်သွယ်ရေးလိုင်းများအား ကြားဖြတ်ဖမ်းယူနားထောင်ခြင်း၊ ဥပဒေမဲ့စွာ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ ကောက်ယူ၊ သိမ်းဆည်းခြင်းနှင့် မိသားစုဝင်နှင့် ဆွေမျိုးများအား ဓားစာခံအဖြစ်ဖမ်းဆီးခြင်းများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လာခဲ့သည်။

တချိန်တည်းမှာပင် (၂၀၁၆) ခုနှစ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရမှ တရားဝင် ဖျက်သိမ်းခဲ့သည့် ဧည့်စာရင်းဥပဒေအား အကြမ်းဖက်စစ်တပ်မှ မတရားအာဏာသိမ်းယူပြီးသည့်နောက်တွင် ပြန်လည်အသက်ဝင်စေရန် အတင်းအဓမ္မ ကြိုးပမ်းလာခဲ့သည်။ ၎င်းဥပဒအား ပြန်လည်ပြင်ဆင်ပြဌာန်းပြီးသည်နှင့်တပြိုင်နက် မြို့ကြီးပြကြီးများပေါ်တွင် ဧည့်စာရင်းတိုင်ကြားရန် အကြမ်းဖက်စစ်တပ် လက်အောက်ခံများမှ အတင်းအကြပ်တိုက်တွန်းခဲ့ပြီး နောက်ပိုင်းတွင် ကျေးလက်ဒေသများ၌ပါမကျန် ဧည့်စာရင်းတိုင်ကြားရန် အဓမ္မဖိအားပေး ခိုင်းစေခဲ့သည် (Myanmar Now၊ ၂၀၂၁၊ မတ် ၂၂)[40]။ သုံးသပ်ချက်များအရ အထက်တွင်ဖော်ပြခဲ့သည့် ဥပဒေများအား ပြောင်းလဲပြင်ဆင်၍ ပြဌာန်းခဲ့ကြသည့် အဓိကအကြောင်းအရင်းမှာ အကြမ်းဖက်စစ်တပ်၏လုပ်ရပ်များအားဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများကို ၎င်းတို့အနေဖြင့် (အကြမ်းဖက်စစ်တပ်လက်အောက်ခံများ) အချိန်မရွေး ဝင်ရောက်ရှာဖွေကာ ဖမ်းဆီးနိုင်စေမည့် အခြေအနေတရပ်ဖြစ်ပေါ်စေရန် ရည်ရွယ်ခဲ့သည်မှာ သိသာထင်ရှားလှပေသည်။

## ၃.၃။ စစ်မှုထမ်းဥပဒေပြဌာန်းခြင်းနှင့် ပြည်သူများ၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

အကြမ်းဖက်စစ်တပ်တပ်သည် ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဌာန်းခဲ့သော [ပြည်သူ့စစ်မှုထမ်းဥပဒေ]ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ မှစတင်၍ အာဏာတည်စေရမည်ဟု ၎င်းတို့၏လက်အောက်ခံ သတင်းဌာနများတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေတွင် အသက် (၁၈ မှ ၃၅) နှစ်အတွင်း အမျိုးသားများသာမက အသက် (၁၈ မှ ၂၇)နှစ်အတွင်း အမျိုးသမီးများကိုလည်း အကြမ်းဖက်စစ်တပ်မှ ရည်ရွယ်ချက်ရှိရှိ ထည့်သွင်းကာ

---

[39] Eleven Media (၂၀၂၁၊ ဖေဖော်ဝါရီ ၁၃) "နိုင်လွတ်လုံ ဥပဒေပုဒ်မ ၅၊ ၇၊ ၈ တို့ပါ ပြဌာန်းချက်များကို ရပ်ဆိုင်းသော ပြင်ဆင်သည့် ဥပဒေ ပြဌာန်း" https://news-eleven.com/article/204620

[40] Myanmar Now (၂၀၂၁၊ မတ် ၂၂) "ရန်ကုန်မြို့နယ်အချို့တွင် ဧည့်စာရင်းတိုင်ရန် ဖိအားပေးနေ" https://myanmar-now.org/mm/news/6216/

အသက်သွင်းထားသည်။ လူထုကိုဆန့်ကျင်သည့် အာဏာသိမ်းစစ်တပ်လက်အောက်သို့ မဝင်ရောက်လိုသဖြင့် လူငယ်အများအပြား တော်လှန်ရေးတပ်ဖွဲ့များထံ ခိုလှုံကြသလို ပြည်ပနိုင်ငံများသို့ ထွက်ခွာတိမ်းရှောင်နေချိန်တွင် "အမျိုးသားများ ပြည်ပထွက် အလုပ်လုပ်ခွင့်ကို မေလ ၁ ရက်နေ့မှစတင်ပြီး ယာယီရပ်ဆိုင်းလိုက်ကြောင်း" အကြမ်းဖက်စစ်တပ်ခန့် အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ကာ တရားဝင်ပြည်ပထွက်ခွာခွင့်နှင့် နယ်စပ်ဖြတ်ကျော်ခွင့်ကို တင်းတင်းကျပ်ကျပ် ပိတ်ပင်မှုများလုပ်လာခြင်းကြောင့် လူငယ်များအတွက် ရွေးချယ်စရာပျောက်ဆုံးကာ လုံခြုံမှုမရှိခြင်းများ ရင်ဆိုင်နေကြရသည် (အောင်နိုင်၊ စထွန်းအောင်၊ ၂၀၂၄၊ မေ ၂)[41]။

ထိုဥပဒေကို အသက်သွင်းပြီးသည့်နောက် တော်လှန်ရေးတပ်ဖွဲ့များအပါအဝင် စစ်အာဏာရှင်ဆန့်ကျင့်ရေး သပိတ် အင်အားစုများ၊ အရပ်ဖက်အဖွဲ့အစည်းများ[42]၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း[43]များက မတရားသည့်စစ်မှုထမ်းဥပဒေကို ဆန့်ကျင်ကြောင်း ဆန္ဒပြပွဲများနှင့်လှုပ်ရှားမှုများ ဆက်တိုက်လုပ်ဆောင်လာပြီးသည့် နောက်ပိုင်းတွင် စစ်တပ်ထိန်းချုပ်သည့်နယ်မြေများဖြစ်သည့် မန္တလေးအပါအဝင်မြို့အချို့မှာ စစ်မှုထမ်းဥပဒေကိုဆိုထောက်ခံသည့်ပွဲများကို ပျူစောထီးများဦးဆောင်ပြီး ပြည်သူများအားခြိမ်းခြောက်ခေါ်ယူကာ စစ်တပ်လက်အောက်ခံတပ်သားများ လိုက်ပါဝန်းရံ ပြုလုပ်ခဲ့ကြသည်ကိုလည်းတွေ့ရသည် (ပျားကြီး၊ ၂၀၂၄၊ ဖေဖော်ဝါရီ ၁၃)[44]။ နည်းလမ်းမျိုးစုံဖြင့် စစ်မှုထမ်းဥပဒေကိုဆန့်ကျင်သည့် ပြည်သူများ၊ သပိတ်ခေါင်းဆောင်များကို ဖမ်းဆီးအရေးယူမှု များလည်းရှိသည်။ ကောက်ယူရရှိထားသည့် အချက်အလက်များအရ ဧရာဝတီတိုင်း၊ ရေကြည်မြို့နယ်၊ အသုတ်မြို့မှ မခင်လေးမေ ကို ၎င်း၏ လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် မတရားစစ်မှုထမ်းဥပဒေအပေါ် ဝေဖန်ချက်ရေးသားမှုကြောင့် အကြမ်းဖက်စစ်တပ်မှ ဧပြီလ (၂၈) ၊၂၀၂၄ ရက်နေ့တွင် ဖမ်းဆီးကာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(က) ဖြင့် အမှုဖွင့်ခဲ့သည်။ ထို့အပြင် ရန်ကုန်မြို့တွင် "မတရားတဲ့စစ်မှုထမ်းဥပဒေကိုဆန့်ကျင်ကြ" ဆိုသည့် စာသားကို ကိုင်ဆောင်ဆန္ဒပြခဲ့ကြသည့် သပိတ်ခေါင်းဆောင် လူငယ်လေးဦးတို့ကိုလည်း စက်တင်ဘာလတွင် ဖမ်းဆီးအရေးယူခဲ့သည်။ ထို့အပြင် ကန်ကြီးထောင့်တွင်လည်း စစ်မှုထမ်းရန်မဲနှိုက်ရွေးချယ်ရာ၌ မဲပေါက်သည့်

---

[41] အောင်နိုင်၊ စထွန်းအောင် (၂၀၂၄၊ မေ ၂) "အမျိုးသားများ ပြည်ပထွက်အလုပ်လုပ်ခွင့် စစ်ကောင်စီပိတ်ပင်" https://myanmar-now.org/mm/news/51821/

[42] (၂၀၂၄၊ ဖေဖော်ဝါရီ ၂၂) "မြန်မာစစ်တပ်မှ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်သွင်းခြင်းအပေါ် သဘောထားထုတ်ပြန်ချက်-၁/၂၀၂၄" https://progressivevoicemyanmar.org/2024/02/20/conscriptionlawnewmyanmar/

[43] RFA Burmese (၂၀၂၄၊ ဖေဖော်ဝါရီ ၁၉) "စစ်ကောင်စီရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို KNU ကန့်ကွက်" https://www.rfa.org/burmese/news/knu-opposes-militia-law-02192024032638.html

[44] ပျားကြီး (၂၀၂၄၊ ဖေဖော်ဝါရီ ၁၃) "မန္တလေးမှာ စစ်မှုထမ်းဥပဒေ ထောက်ခံပွဲထဲ လိုက်ပါဖို့ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေကိုပါ ခြိမ်းခြောက်ကာ လိုက်ပါခိုင်းနေ" https://www.facebook.com/shwepheemyaynews/posts/pfbid022fSTXDrLQoXfv9H4j8WGtKw2hJv8QkgoxkhEuPdDzmmSWFYThYZZr3E1R3PtEVYol?rdid=hFyeguxGxuLd26pW

ကိုအောင်သူရဦး သည် အကြမ်းဖက်စစ်တပ် အောက်တွင်စစ်မှုမထမ်းလိုသည့်အတွက် အဆိပ်သောက် အဆုံးစီရင်သည့် ကိစ္စရပ်များစွာလည်းရှိခဲ့သည်။ လက်ရှိအချိန်အထိ စစ်မှုထမ်းသင်တန်းခေါ် လာခဲ့သည်မှာ အပတ်စဉ် (၆) အထိ ရောက်ရှိနေပြီးဖြစ်သည်။ စစ်တပ်လက်အောက်ခံ အုပ်ချုပ်ရေးမှူးများက စစ်မှုမထမ်းလိုသည့် လူငယ်များထံမှ ငွေကြေးများ ခြိမ်းခြောက်ကောက်ခံခြင်း၊ အတင်းအဓမ္မဖမ်းဆီးခြင်းများ ပြုလုပ်လျက်ရှိသည်။ အောက်တိုဘာလ ၂၈ရက်နေ့အထိ တပ်သားသစ်များ စုဆောင်းနေသည့် ပြင်ဦးလွင်တွင် စစ်မှုမထမ်းလိုလျှင် လူငယ်တဦး သိန်း(၈၀)ပေးရမည်ဟု သတ်မှတ်ထားသည်ကိုတွေ့ရသည်။

တဖက်တွင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများမှလည်း အကြမ်းဖက်စစ်တပ်နှင့်အပြိုင် တပ်သားစုဆောင်းမှုများ လုပ်ဆောင်လာကြသည်ကိုတွေ့ရသည်။ ဥပမာ၊ လားရှိုးမြို့နယ်အတွင်းရှိ တအာင်းရွာများကို MNDAAမှ ကျေးရွာတရွာလျှင် နှစ်ယောက်စစ်မှုထမ်းရမည့်အကြောင်း၊ အကယ်၍ စစ်မှုထမ်းဆောင်လိုခြင်းမရှိလျှင် တပ်သားတဦးအတွက် တရုတ်ငွေ ယွမ် ၇ ထောင် (ဈေးကွက်ပေါက်ဈေး - ကျပ်သိန်း ၅၀ ကျော်ခန့်) ပေးဆောင်ရမည့်အကြောင်း ဖိအားပေးလုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။ MNDAA မှ တပ်သားသစ်များစုဆောင်းရာတွင် အသက်အရွယ်အာဖြင်း ၁၂ နှစ်မှ ၄၅ နှစ် သတ်မှတ်ထားသည်ကို တွေ့ရှိရပြီး၊ ဤသတ်မှတ်ချက်သည် အသက် ၁၈ နှစ်အောက် ကလေးအရွယ်များကိုပါ စစ်သားအဖြစ် ကောက်ယူနေသည်ကို ထောက်ပြလျက်ရှိသည်။

# ၄။ တွေ့ဆုံမေးမြန်းခြင်း - မြေပြင်မှ စကားသံ

အောက်ဖော်ပြပါ အမေးအဖြေကဏ္ဍသည် အညာဒေသရှိ လူထုတော်လှန်ရေးသပိတ်လှုပ်ရှားမှု အခြေအနေများနှင့်ပတ်သက်၍ ယောလူထုသပိတ်တိုက်ပွဲကော်မတီမှ အဖွဲ့ဝင် ကိုယောနှင့် တွေ့ဆုံမေးမြန်းဆွေးနွေးထားသည်။

**မေး။ ဒီယောလူထုသပိတ်တိုက်ပွဲကော်မတီကို ဘယ်လို ပုံစံမျိုးနဲ့ စပြီးတော့လုပ်ဖြစ်ခဲ့တာလဲဆိုတာကို အကြမ်းဖျင်း စပြီးတော့ ပြောပြလို့ရနိုင်မလား။**

**ဖြေ။** ဒီအာဏာသိမ်းပြီးတော့ ဖေဖော်ဝါရီလ ၈ ရက်နေ့ကစပြီး ကျွန်တော်တို့ ဂန့်ဂေါမြို့ပေါ်တွေမှာ စတင်ဆန္ဒပြတာတွေကို ဆက်တိုက် လုပ်ဆောင်ခဲ့တယ်ပေါ့။ နောက်ပိုင်း စစ်တပ်က အကြမ်းဖက်ဖြိုခွဲတာတွေရှိလာတော့ ကျွန်တော်တို့က သိပ်မလုပ်နိုင်တော့ဘူး။ ချန်ထားခဲ့ရတယ်။ ၂၀၂၁ နှစ်ကုန်ပိုင်းလောက်မှာမှ ဒီယောလူထုသပိတ်တိုက်ပွဲကော်မတီကို ကျွန်တော်တို့ ထပ်ဖွဲ့နိုင်ခဲ့တယ်ပေါ့။ ဒီယောလူထုသပိတ်ကော်မတီက ဂန့်ဂေါ၊ ထီးလင်း၊ ဆော သုံးမြို့နယ်ကို ကိုယ်စားပြုပြီး ဖွဲ့ကြတာပေါ့။ ဒီမတိုင်ခင် အချိန်တွေမှာတော့ သူများတွေနဲ့ အတူပေါင်းပြီး ဒီလမ်းပေါ်ထွက် ဆန္ဒပြတာတို့၊ သပိတ်ထွက်တာတို့ လုပ်ခဲ့တယ်။ ကျွန်တော်တို့ ဦးဆောင်လုပ်ခဲ့တာလည်း ရှိခဲ့ပါတယ်။ ပုံမှန် သပိတ်စစ်ကြောင်းအနေနဲ့ ထွက်ခဲ့တာပေါ့။ စောနကပြောတဲ့ ကိုယ်စားပြုတယ်ဆိုတာက အလုံးစုံကြီး ကိုယ်စားပြုတယ်လို့ ပြောတာမဟုတ်ပါဘူး။ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ သုံးမြို့နယ်ကို လုပ်မယ်ဆိုပြီး ကျွန်တော်တို့ ရည်မှန်းတယ်ပါ့။ ဒီမြို့နယ် သုံးမြို့နယ်ထဲမှာ ကျွန်တော်တို့ သပိတ်တွေထွက်တာမျိုး လုပ်ဆောင်ခဲ့ကြတာ။ ၂၀၂၁၊ ၂၀၂၂ တွေမှာလည်း သပိတ်ထွက်ခဲ့ကြတယ်။

ပြီးတော့ အွန်လိုင်းသပိတ်တွေလည်း ကျွန်တော်တို့ ဆင်နွှဲခဲ့တယ်ဗျ။ GSC က လုပ်ခဲ့တဲ့ ဟာတွေ၊ GSCP က လုပ်တဲ့ Silent သပိတ်တို့၊ အထိမ်းအမှတ်ဖြစ်တဲ့ သတင်းကျွတ်ဆီမီး သပိတ်တို့၊ သကြိန်သပိတ်တို့၊ နောက် ပန်းသပိတ် စတဲ့ သပိတ်တွေလုပ်တဲ့အချိန်တိုင်းမှာလည်း ကျွန်တော်တို့ ပါဝင်ခဲ့၊ လှုပ်ဆော်ခဲ့ကြတယ်ပေါ့။ ဂန့်ဂေါ၊ ထီးလင်း၊ ဆော မြို့နယ်တွေက ပြည်သူလူထုတွေကို ဒီသပိတ်တွေ ကမ်ပိန်းတွေမှာ ပါဝင်လာအောင် စည်းရုံးလှုံ့ဆော်တာမျိုးတွေလည်း လုပ်ဆောင်ခဲ့တယ်။ စစ်ကိုင်းဘက်လည်း ဒီလိုမျိုး လုပ်လို့ရတာလေးတွေ လုပ်ခဲ့တယ်။

အခု ၂၀၂၄ ရောက်တဲ့ အချိန်မှာတော့ ပိုအားကောင်းလာတယ်လို့ ပြောလို့ရတယ်ဗျ။ ဒီ ၂၀၂၄ ခုနှစ်ထဲမှာ အရင်က အတူတူလုပ်ခဲ့ကြတဲ့ လူတွေနဲ့ ပြန်ချိတ်ဆက်မိလာပြီး လူထုအသိပညာပေးလုပ်ငန်းတွေကနေ ပိုပြီး ထိထိရောက်ရောက် စလုပ်လာနိုင်တယ်တယ်ဗျ။ ဘာလို့လဲဆိုတော့ ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အသိပညာပေးဟောပြောတွေ ပိုလုပ်လာနိုင်တယ်လေ။ ဖက်ဒရယ်နဲ့ဆိုင်တဲ့ စာပေတွေကို ဝေတယ်။ လက်ကမ်းစာစောင်တွေကို၊ ဂျာနယ်ကို နေရာတော်တော်များများမှာ ဝေခဲ့တာပေါ့။

**မေး။ ဒီယောလူထုသပိတ်ကော်မတီကို သုံးမြို့နယ်ဖြစ်တဲ့ ဆောရယ်၊ ထီးလင်းရယ်၊ ဂန့်ဂေါ မြို့နယ်တွေကို ကိုယ်စားပြုတဲ့လူ (ဒါမှမဟုတ်) ကိုယ်စားလှယ်တွေကို ဘယ်လိုစတင်စည်းရုံးပြီး လုပ်ဖြစ်သွားတာလဲ။**

**ဖြေ။** ကျွန်တော်တို့က စစချင်းမှာတော့ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမှာရှိတဲ့ ကျွန်တော်တို့နဲ့ နီးစပ်ရာ စိတ်တူကိုယ်တူရှိတဲ့ သူတွေနဲ့ စုဖွဲ့ဆွေးနွေးပြောဆိုပြီးမှ ဒီသုံးမြို့နယ်မှာရှိတဲ့ လူငယ်တွေနဲ့ကော စတင်လှုပ်ရှားခဲ့ကြတာပါ။

**မေး။ ဒီလိုမျိုး ကမ်ပိန်းတွေ၊ ပညာပေးတွေ၊ ပြီးတော့ သပိတ်ဖြစ်မြောက်ရေးတွေ လုပ်တဲ့အခါမှာ ဦးဆောင်လုပ်ကြတော့ရော ဘယ်လိုတွေ ဦးဆောင်ပြီး လုပ်ကိုင်ခဲ့ရတာမျိုးတွေ ရှိလဲ။**

**ဖြေ။** ကျွန်တော်တို့ ယောလူထုကော်မတီကလူတွေ သင်တန်းအရင်ဆုံး ယူလိုက်တယ်ပေါ့ဗျာ။ အဖွဲ့အစည်းတခုခုဆီကနေ ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အသိပညာပေးသင်တန်း ကျွန်တော်တို့ ယူလိုက်တယ်။ ယူလိုက်ပြီးမှ ဒေသခံ ပြည်သူလူထုကို ပြန်ပြီးတော့ ဟောပြောမျှဝေတယ်ပေါ့။ ကြာချိန်အားဖြင့်က နှစ်နာရီစာလောက်ပဲဖြစ်ဖြစ်၊ မနက်ခင်းတပိုင်းလောက်ဖြစ်ဖြစ် ပြန်မျှဝေတယ်။ စာစဉ်တွေ၊ ဖက်ဒရယ်ရေးရာစာပေတွေကို print ထုတ် မိတ္တူတွေပွားပြီးတော့ မျှဝေတာတွေ ရှိတယ်ဗျ။ အဲ့လိုမျိုးလုပ်တာပါ။

**မေး။ သပိတ်တွေ၊ ကမ်ပိန်းတွေ ဖော်ဆောင်တော့မယ်ဆိုရင် ဘယ်လိုမျိုးရည်ရွယ်ချက်တွေနဲ့ အဓိကထားပြီးတော့ လုပ်ဖြစ်တယ် ဆိုတာကိုလည်း မျှဝေပေးပါဦး။**

**ဖြေ။** ကျွန်တော်တို့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ လုံးဝ အကြမ်းဖက်စစ်တပ်ကို ပြည်သူလူထု တရပ်လုံးက ဒါကို လက်မခံဘူးဆိုတာကို ကျွန်တော်တို့က ပြချင်တာပေါ့၊ အကြမ်းဖက်စစ်တပ်ကို လုံးဝအသိအမှတ်မပြုဘူး ဆိုတာကိုသိအောင် ကျွန်တော်တို့က လုပ်ဆောင်တာပေါ့။ အကြမ်းဖက်စစ်တပ်ရဲ့ ယန္တရားမလည်ပတ်နိုင်အောင် သပိတ်မှောက် ဆန္ဒပြကြတာပေ့ါ။ လုပ်တဲ့အချိန်တွေမှာလည်း GSC၊ GSCP တို့က လုပ်တဲ့အချိန်မှာလည်း ပူးပေါင်းတယ်။။ ပန်းသပိတ်၊ အသံတိတ်သပိတ် တို့လိုမျိုးပေါ့။ သူတို့စစ်တပ်က ခိုင်းတဲ့အတိုင်းမလုပ်အောင် ဘယ်မှမထွက်ဘဲနဲ့ ဆန္ဒပြတာပေါ့လေ။ သူတို့ကို လုံးဝလက်မခံဘူးဆိုတာကို သိစေချင်တာမို့ ကျွန်တော်တို့က အဲ့လိုရည်ရွယ်ချက်လေးနဲ့ လုပ်တာပါဗျ။

**မေး။ လက်ရှိအကောင်အထည်ဖော်ခဲ့ကြတဲ့ ကမ်ပိန်းတွေ သပိတ်တွေမှာ ပြည်သူလူထုဘက်ကရော ဘယ်လောက်အထိ ပါဝင်ပြီးတော့ လုပ်ဆောင်ခဲ့ကြလဲ။ လူထုရဲ့ တုန့်ပြန်မှုတွေကကာ ဘယ်လိုရှိလဲ။**

**ဖြေ။** ကျွန်တော်တို့လုပ်တဲ့ ကမ်ပိန်းတွေ သပိတ်တွေမှာဆိုရင်တော့ အမျိုးအစားအပေါ်မူတည်ပြီး ပါဝင်ကြတာများတယ်။ အသံတိတ်သပိတ်တွေမှာဆိုရင် "ဒီနေ့မှာ ဘယ်မှ မထွက်ကြနဲ့" ဆိုလည်း လမ်းပေါ်မှာ

ဘယ်သူမှ မထွက်ကြဘဲ ပူးပေါင်းကြတယ်။ ဒီလိုမျိုးသပိတ်တွေဆိုရင် ပြည်သူတွေက ပါဝင်တယ်ပေါ့ဗျ။ လုံးဝမထွက်ကြဘူးဗျ။ အတိအကျတော့ မပြောနိုင်ဘူးပေမယ့် ရာခိုင်နှုန်းပြည့်နီးပါး အောင်မြင်တယ်လို့ပြောလို့ရတယ်။ နောက်တခု ပန်းသပိတ်တို့လိုမျိုး ကျတော့လည်း social media သုံးနိုင်ကြတဲ့လူငယ်တွေဆိုရင် သိသာတယ်ဗျ။ သူတို့က ပန်းသပိတ်လေးတွေ လုပ်တယ်။ ဆီမီးသပိတ်လေးတွေ လုပ်တယ်။ ပြီးမှ ပုံလေးတွေ ပို့ကြတယ်ပေါ့။

**မေး။ လုပ်ဆောင်အကောင်အထည်ဖော်တဲ့အခါမှာ ဘယ်လို အခက်အခဲစိန်ခေါ်မှုရှိလဲ။**

**ဖြေ။** လုပ်ဆောင်အကောင်အထည်ဖော်တဲ့အခါ မြို့ပေါ်က ပြည်သူတွေဆိုရင်တော့ စိန်ခေါ်မှုရှိမယ်ဗျ။ ရပ်ရွာတွေမှာရှိကြတဲ့ ပြည်သူတွေကျတော့ လက်ရှိအချိန်လိုမျိုးမှာ စိန်ခေါ်မှုမရှိလောက်ဘူးဗျ။ ဘာဖြစ်လဲဆိုတော့ ကျွန်တော်တို့ ဒေသတွေမှာ မြို့တွေကလွဲရင် ရွာတွေမှာက ကိုယ့်ဘက်က တော်လှန်ရေးအဖွဲ့တွေ စိုးမိုးထားတယ်လို့ ပြောလို့ရတယ်။

ကျွန်တော်တို့က ဒီတိုင်း အွန်လိုင်း ကနေပြီးမှ ပန်းသပိတ်တို့ အွန်လိုင်းကနေမှ ဘယ်ရက် ဘယ်ရက်လုပ်မယ်ဆိုပြီး ကြေငြာလိုက်တယ်ဗျ။ အွန်လိုင်းကနေပြီးတော့ နှိုးဆော်တာ များတယ်ဗျ။ ကျွန်တော်တို့အတွက်ကတော့ အဲ့လောက်ကြီး အန္တရာယ် စိန်ခေါ်မှု သိပ်မရှိဘူးပေါ့ဗျ။

**မေး။ လက်ရှိအချိန်ထိ အကောင်အထည်ဖော်နေကြတဲ့ ကမ်ပိန်းတွေ၊ လူထုသပိတ်တွေ၊ ပြောက်ကျားသပိတ်တွေ စတဲ့ လှုပ်ရှားမှုတွေက လက်ရှိ ကျွန်တော်တို့ရဲ့ ပြည်သူ့တော်လှန်ရေးအပေါ်မှာ ဘယ်လောက်အထိ ထိရောက်မှုရှိပြီး ဘယ်လိုမျိုးအကျိုးပြုနေတယ်လို့ ယူဆလို့ရမလဲ။**

**ဖြေ။** ကျွန်တော်တို့ နယ်မှာက မြို့ပေါ်ကလွဲရင် ကျန်တဲ့နေရာတွေက ကိုယ့်ဘက်က စိုးမိုးထားသလိုမျိုးဖြစ်တယ်ဗျာ။ အဲ့ဒီအတွက် ကျွန်တော်တို့ဒေသအနေနဲ့ဆိုရင် ပြည်သူလူထုက လုံးဝဗျာ ဒီကောင်(အကြမ်းဖက်စစ်တပ်)တွေကို လက်မခံဘူး။ လုံးဝကို ဆန့်ကျင်ကြတယ်။ ကျန်တဲ့နေရာပြောရင်တော့ ကျွန်တော်တို့ တွေ့တာက မန္တလေးတို့မှာဆိုရင်တော့ ပြောက်ကျားသပိတ်လုပ်တာတွေ ရှိတယ်။ ပြည်သူလူထုက ဒီလိုမျိုး ပြောက်ကျားသပိတ်တွေလုပ်တော့ တော်လှန်ရေးကို သတိပြန်ထားမိလာစေတယ်။ ဒါမျိုးတွေရှိနေတယ်ဆိုတာ စိတ်ဓာတ်တက်ကြွစေတယ်ဗျာ။ ကျွန်တော်တို့ ဒေသမှာကျတော့ အဲ့လိုကြီး နှိုးဆော်စရာ မလိုတော့ဘူးလို့ထင်တယ်။ ဘာဖြစ်လဲဆိုတော့ ဒေသတခုလုံးက တိုက်ပွဲတွေ ပြင်းထန်ပြီးမှ လုံးဝ conflict zone ကြီး ဖြစ်နေတယ်ဆိုတော့ ပြည်သူလူထုက အားလုံးခံစားနေရတယ်။

**မေး။ တချို့သော အညာဒေသတွေမှာ တွေ့ရတာက ဒီအကြမ်းဖက်စစ်တပ်ကိုပဲ မဟုတ်ဘဲ၊ တခြားသော PDF တွေကို ပြန်ပြီးတော့ လူထုက ဆန္ဒထုတ်ဖော်ပြသတာမျိုးလည်း ကျွန်တော်တို့ သတင်းတွေမှာ ဖတ်ရလို့၊ အဲ့ဒီလိုမျိုးကော ဘယ်လိုတွေ ကြုံတွေ့ရတာ ရှိမလဲ။**

**ဖြေ။** ကျွန်တော်တို့ဘက်တွေမှာ အဲ့လိုဖြစ်စဉ်ဖြစ်ရပ်တွေ ရှိခဲ့တယ်။ ကျွန်တော်တို့ ဂန့်ဂေါ၊ ထီးလင်း၊ ဆောက ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေကို ဆန္ဒပြတာ (၂) မြို့နယ်ရှိပါတယ်။ ဂန့်ဂေါမှာလည်း ဆန္ဒပြတယ်ဗျ။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေကို မကြိုက်လို့ဆန္ဒပြကြတာတွေရှိတယ်။ ထီးလင်းမှာလည်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွေကို မလိုလို့ဆန္ဒပြတာတွေရှိပါတယ်။ တနိုင်ငံလုံးမှာ ကျွန်တော်တို့ ဂန့်ဂေါမြို့နယ် ပထမဆုံး စပြတာလို့ ပြောလို့ရတယ်ဗျ။ ဂန့်ဂေါမှာဆိုရင်တော့ ဆန္ဒပြတာက လွှတ်တော်အမတ်တယောက်ကိုဗျ။ ဘာဖြစ်လို့လဲဆိုတော့ အခါကြီး ရက်ကြီးတရက်ရက်မှာ သူက အစည်းအဝေးပွဲလာလုပ်တယ်ဆိုလား။ အဲ့အချိန်မှာ သူနဲ့အဆင်မပြေတဲ့ ရွာသားတွေကလည်း ဒီလိုအခါကြီး၊ ရက်ကြီးမှာ အဲ့လိုမျိုး ဘုန်းကြီးကျောင်းမှာ လူစုတဲ့အတွက်။ တအိမ်ကို တယောက်လာ ဘာညာနဲ့ အဲ့လိုတွေလည်းပြောတယ်။ အဲ့ဒီအတွက် ဒီဘာသာရေးအရ ဒီလိုအခါကြီးရက်ကြီးမှာ အဲ့လိုမလုပ်သင့်ဘူးဗျာ။ တကယ်တမ်းကတော့လည်း ဒီဖြစ်ရပ်တခုတည်းနဲ့လောက်တော့ မဖြစ်လောက်ဘူးဗျ။ အရင် ကျန်တဲ့ရက်တွေမှာ တခုခုပြဿနာအခံတွေ ရှိခဲ့လို့ကို ဒီနေ့မှာပိုဆိုးပြီးမှ ဖြစ်သွားတယ်လို့ ကျွန်တော်ထင်တယ်။ ဒီလိုအခါကြီးရက်ကြီးမှာ လူစုခေါ်ရုံနဲ့တော့ ဖြစ်စရာအကြောင်းတော့မရှိဘူးပေါ့။

**မေး။ သူတို့ကတော့ ဘယ်လိုတုံ့ပြန်ဖြေရှင်းပေးတာမျိုးတွေ ရှိခဲ့လဲ။**

**ဖြေ။** အဲ့လိုလည်း တုံ့ပြန်တာတော့ မရှိဘူးဗျ။ သူတို့ကို အဲ့လိုဆန္ဒပြတဲ့ လူတွေရှိတယ်။ ဟို နောက်တခုကကျတော့လည်း သူ့ကိုထောက်ခံပါတယ်ဆိုပြီးမှ ထပ်ပြီး ဆန္ဒပြတဲ့ ရွာတွေလည်းရှိတယ်ပေါ့ (ရယ်လျက်)။

**မေး။ ဘာများထပ်ပြီး ဖြည့်စွက်ဆွေးနွေးမှတ်ချက်ပြုချင်တာ ရှိသေးလဲ။**

**ဖြေ။** ခုဏက ဂန့်ဂေါမှာလည်း အဲ့လို ဆန္ဒပြတယ်ဗျ။ ဂန့်ဂေါမြို့နယ်မှာလည်း ဆန္ဒပြတာ ရှိတယ်။ ထီးလင်းမှာလည်း ရှိတယ်။ ထီးလင်းမှာက ဦးမြတ်လင်းဦး။ အဲ့လိုမျိုး လွှတ်တော်အမတ် တယောက်ကို ဆန္ဒပြတာလည်း ရှိတယ်ဗျ။ သူတို့က အုပ်ချုပ်ရေးအဖွဲ့အဝင်တွေ ထင်တယ်ဗျ။ ဒေါ်ယမင်းနိုင်ဆိုလည်း အုပ်ချုပ်ရေးမှာပေါ့။ အရင်ကတော့ သူအုပ်ချုပ်ရေးမှာ တာဝန်ယူတယ်လို့တော့ ကြားတယ်။ ဒါပေမဲ့ အခုနောက်ပိုင်း သူအုပ်ချုပ်ရေးမှာတော့ သူတာဝန်မယူတော့ဘူးလို့ ကြားတယ်။ အခုထီးလင်းမြို့နယ်မှာ ဆန္ဒပြတဲ့ ဦးမြတ်လင်းဦး ကိုကျတော့ ဂန့်ဂေါခရိုင် ပအဖတာဝန်လား မသိဘူး။ အဲ့လိုမျိုး ခန့်ထားတယ်လို့တော့ ကြားတယ်။ သူတို့က အမျိုးသားညီညွတ်ရေးအစိုးရ က ပအဖ တွေပါဗျ။

# ၅။ သတင်းမီဒီယာလွတ်လပ်ခွင့်

## ၅.၁။ မြန်မာပြည်၏ သတင်းလွတ်လပ်ခွင့် အခြေအနေ

နိုင်ငံတနိုင်ငံ၏ ပြည်သူ့ဒီမိုကရေစီတည်ဆောက်ရေး၊ အသွင်ကူးပြောင်းရေးတွင် သတင်းမီဒီယာအခန်းကဏ္ဍသည် လွန်စွာအရေးပါလှသည်။ စတုတ္ထမဏ္ဍိုင်ဟုပင် နားလည်လက်ခံထားကြသည်။ နိုင်ငံအဝှမ်းဖြစ်ပျက်နေသည့် အကြောင်းအရာများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နိုင်ငံရေးဖြစ်စဉ်များကို နယ်မြေအပိုင်းအခြား အကန့်အသတ်မရှိဘဲ သတင်းရယူ လက်ခံပိုင်ခွင့်၊ ဖြန့်ချီခွင့်တို့ကို မီဒီယာကဏ္ဍမှနေ၍ လူထုထံသို့ သတင်းအချက်အလက်များကို သယ်ယူစီးဆင်းနေကြခြင်းဖြစ်သည်။ သတင်းအချက်လက်များ အချိန်နှင့်တပြေးညီ တိကျမှန်ကန်စွာရောက်ရှိနိုင်မှုသည် ယခုကာလအပိုင်းအခြားတွင် လူထုအကျိုးစီးပွားအတွက် များစွာအထောက်အကူဖြစ်စေသည်။ သို့ရာတွင် အကြမ်းဖက်စစ်တပ်သည် ၎င်းတို့၏ စစ်ရာဇဝတ်မှုများနှင့် မတရားဖိနှိပ်မှုများကို ဖုံးကွယ်ဖြတ်တောက်ထားနိုင်ရေးအတွက် သတင်းမီဒီယာလုပ်ငန်းနှင့် သတင်းသမားများအား ရန်သူသဖွယ်သဘောထားဆက်ဆံကာ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို ယနေ့ထိတိုင် လုပ်ဆောင်လျက်ရှိသည်။


သတင်းသမားများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၄၊ မတ်လ (၁၄) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် သတင်းမီဒီယာဥပဒေ၏ အခန်း(၃)၊ ပုဒ်မ (၇) တွင် "သတင်းမီဒီယာသမားတဦးသည် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများပြည်သူဆန္ဒပြရာ နေရာဒေသတို့၌ သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သတင်းရယူစဉ်တွင် (က) လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတရပ်ရပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း၊ သတင်းမှတ်တမ်းစသည့် သတင်းရယူခြင်းနှင့် သက်ဆိုင်သော ကိရိယာများကို သိမ်းယူခံရခြင်းနှင့် ဖျက်ဆီးခံရခြင်းတို့မှ ကင်းလွတ်စေရမည်၊ (ခ) လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများရှိက ယင်းတို့၏ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိစေရမည်" ဟု ရေးသားပြဋ္ဌာန်းထားသည်[45]။ သို့သော် ပကတိလက်ရှိအခြေအနေတွင် ဘေးကင်းလုံခြုံစွာ သတင်းမရယူနိုင်သည့်အပြင် သတင်းထောက်ဖြစ်သည်နှင့်ပင် ဖမ်းဆီးထောင်ချခံနေကြရသည်။ သတင်းသမားများ၏ အခွင့်အရေးများကို ကာကွယ်ပေးဖို့ထက် သတင်းရယူတင်ဆက်ခြင်းများကြောင့် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းချိန်မှစ၍ ယနေ့အချိန်အထိ တနိုင်ငံလုံးတွင် သတင်းထောက်ဦးရေ (၂၁၅) ဦးအထိဖမ်းဆီးခံခဲ့ရပြီးဖြစ်သည်။ ထို့အပြင် အဆိုပါ သတင်းထောက်များသည် ဖမ်းဆီးခံရချိန်တွင် ရိုက်နှက်နှိပ်စက်ခံရခြင်း၊ စစ်ကြောရေးတွင် ညှဉ်းပမ်းနှိပ်စက်ခြင်း၊ ပြစ်မှုပြစ်ဒဏ်မညီသော ရာဇသတ်ကြီးဥပဒေပုဒ်မများ၊ မတရားအသင်း ဆက်သွယ်ရေးဥပဒေပုဒ်မများ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မများ စသည့် ရာဇဝတ်မှုဥပဒေများဖြင့်

[45] သတင်းမီဒီယာဥပဒေ၊ အခန်း (၃)၊ ပုဒ်မ (၇)၊ ၂၀၁၄ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ (၂၀၁၄၊ မတ် ၁၄) https://themimu.info/sites/themimu.info/files/documents/Media_Law_2014_MMR.pdf

တရားစွဲဆိုထောင်ချခံရခြင်း၊ နောက်ဆုံးအသက်သေဆုံးသည်အထိ နှိပ်စက်ကလူပြုခြင်းတို့ကို ကြုံတွေ့ခံစားနေကြရသည်။

## ၅.၁ (က)။ ကျား/မဖမ်းဆီးခံရသူအရေအတွက်

ဖေဖော်ဝါရီလ၊ ၁ ရက်နေ့၊ ၂၀၂၁ ခုနှစ်မှ အောက်တိုဘာလ၊ ၃၁ ရက်နေ့၊ ၂၀၂၄ ခုနှစ်အထိ သတင်းမီဒီယာရပ်ဝန်းတွင် အလုပ်လုပ်ကိုင်နေကြသည့် သတင်းသမားနှင့် ရုံးဝန်ထမ်း အမျိုးသား (၁၈၉) ဦး၊ အမျိုးသမီး (၂၆) ဦး စုစုပေါင်း (၂၁၅) ဦးဖမ်းဆီးခံခဲ့ရသည်။





*ပုံ (၁) - ကျား/မ ဖမ်းဆီးခံရသူအရေအတွက်*

## ၅.၁ (ခ)။ နှစ်အလိုက်ဖမ်းဆီးထိန်းသိမ်းခံရသည့် သတင်းထောက်ဦးရေ

အကြမ်းဖက်စစ်တပ်အောက်တွင် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် သတင်းသမားများ ဖမ်းဆီးဖိနှိပ်ခံလာရသည်မှာ သုံးနှစ်ကျော်မျှရှိလာပြီး ပထမနှစ် ၂၀၂၁ ခုနှစ်၌ (၁၄၈) ဦး၊ ဒုတိယနှစ် ၂၀၂၂ ခုနှစ်တွင် (၄၇) ဦး၊ တတိယနှစ် ၂၀၂၃ ခုနှစ်တွင် (၁၇) ဦးနှင့် ယခုနှစ် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအထိကို (၅) ဦး၊ စုစုပေါင်း (၂၁၇) ဦးအထိ ဖမ်းဆီးခံခဲ့ရပြီးဖြစ်သည် (ပုံ -၁ တွင် ကြည့်ရန်)။ ခြွင်းချက်အနေဖြင့် တဦးတည်း ခုနှစ် နှစ်ခုတွင် ဖမ်းဆီးခံခဲ့ရသည့် ဖြစ်စဉ် နှစ်ခုပါနေသည့်အတွက် စုစုပေါင်း (၂၁၅)ဦးရေထက် နှစ်ဦးပိုနေခြင်းဖြစ်သည်။ အလွတ်တန်းသတင်းထောက် စိုးရာဇာထွန်းသည် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂

ခုနှစ်တွင်လည်းကောင်း၊ CJ Platform မှ သတင်းထောက်စည်သူသည် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင်လည်းကောင်း မတူညီသည့် ခုနှစ်နှစ်ခု၌ ဖမ်းဆီးခံခဲ့ရသောကြောင့်ဖြစ်သည်။




*ပုံ (၂) – နှစ်အလိုက်ဖမ်းဆီးခံရသူပြဇယား*


## ၅.၁ (ဂ)။ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပြန်လည်လွတ်မြောက်လာသည့် သတင်းသမားဦးရေ

စစ်အာဏာသိမ်းပြီးချိန်မှစ၍ မတရားဖမ်းဆီးခံရသည့် သုံးနှစ်ကျော်ကာလအတွင်းတွင် စုစုပေါင်း (၂၁၅) ဦးထဲမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပြန်လည်လွတ်မြောက်လာသူ အမျိုးသား (၁၃၂) ဦး၊ အမျိုးသမီး (၂၂) ဦး စုစုပေါင်း (၁၅၄) ဦးသာလျှင်ရှိခဲ့သည်။

## ၅.၁ (ဃ)။ ဒေသအလိုက် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် သတင်းသမားများစာရင်း

အောက်ဖော်ပြပါ ပုံ (၃) သည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်စဥ်ဖြစ်ပွားပြီးနောက် ပြည်နယ်နှင့် တိုင်းဒေသများအလိုက် ဖမ်းဆီးထိန်းသိမ်းအရေးယူခံခဲ့ရသည့် သတင်းသမားများ (သို့)


သတင်းမီဒီယာအဖွဲ့အစည်းများတွင် သတင်းနှင့်သက်ဆိုင်သည့်လုပ်ငန်းများကို လုပ်ဆောင်နေကြသူများ၏ ဒေသအလိုက် ဖမ်းဆီးခံရမှု စာရင်းဖြစ်သည်။




***ပုံ (၃) - ဒေသအလိုက် ဖမ်းဆီးထိန်းသိမ်းခံထားရသူပြဇယား***

## ၅.၁ (င)။ ဒေသအလိုက် ဆက်လက်ဖမ်းဆီးထိန်းသိမ်းခံနေရဆဲ သတင်းသမားများစာရင်း


အောက်ဖော်ပြထားသည့် ပုံ (၄) သည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ပြည်နယ်နှင့် တိုင်းဒေသများရှိ အကျဉ်းထောင်အသီးသီးတွင် ဆက်လက်ချုပ်နှောင် ဖမ်းဆီး ထိန်းသိမ်း ခံနေရဆဲ ဖြစ်သည့် သတင်းသမားများ (သို့) သတင်းမီဒီယာအဖွဲ့အစည်းများတွင် သတင်းနှင့်သက်ဆိုင်သည့်လုပ်ငန်းများကို လုပ်ဆောင်နေကြသူများ၏ စာရင်းဖြစ်သည်။




***ပုံ (၄) – ဒေသအလိုက် ဆက်လက် ထိန်းသိမ်းခံနေရသူများပြဇယား***


## ၅.၁ (စ)။ နှစ်အလိုက်အမိန့်ချခံရသည့် သတင်းထောက်အရေအတွက်

အောက်ဖော်ပြပါ ပုံ (၅) သည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ပြည်နယ်နှင့် တိုင်းဒေသအသီးသီးရှိ သတင်းသမားများ (သို့) သတင်းမီဒီယာအဖွဲ့အစည်း၊ သတင်းနှင့်သက်ဆိုင်သည့်လုပ်ငန်းများတွင် လုပ်ဆောင်နေကြသူများကို တရားစွဲဆိုအမိန့်ချခံရသည့် အချက်အလက်ပြပုံဖြစ်သည်။




## ၅.၁ (ဆ)။ ဖမ်းဝရမ်းထုတ်ခံထားရသည့် အရေအတွက်


ဖမ်းဝရမ်းထုတ်ခံရသည့် သတင်းထောက် အမျိုးသားဦးရေ (၄၆) ဦးနှင့် အမျိုးသမီး (၈)ဦးရှိပြီး စုစုပေါင်း (၅၄) ဦးဖြစ်သည်။ ယခုကိန်းဂဏန်းထဲမှ အမျိုးသား (၅)ဦးသည် ဝရမ်းသီးသန့်မဟုတ်ဘဲ ဖမ်းဆီးခံထားရပြီးဖြစ်သည်။




*ပုံ (၆) – ဖမ်းဝရမ်းထုတ်ခံရသည့် သတင်းထောက်အရေအတွက်ပြဇယား*

## ၅.၁ (ဓ)။ အသက်ဆုံးရှုံးခဲ့ရသည့် သတင်းသမားများအရေအတွက်

အောက် ပုံ (၇) တွင် ဖော်ပြထားသော အချက်အလက်သည် စစ်တပ်အာဏာသိမ်းပြီး သုံးနှစ်ကျော်ကာလအတွင်း အသက်ဆုံးရှုံးခဲ့ရသည့် သတင်းသမားများအရေအတွက်ဖြစ်သည်။ အများစုမှာ ညှဥ်းပမ်းနှိပ်စက်သတ်ဖြတ်ခံရမှုများကြောင့် သေဆုံးခဲ့ရပြီး၊ တဦးမှာ တိုက်ပွဲအတွင်း ထွက်ပြေးတိမ်းရှောင်နေရသည့် ပြည်သူလူထုအကြောင်းသတင်းရယူစဥ် စစ်တပ်၏လက်နက်ကြီးကျည် ထိမှန်၍ အသက်ရှုံးဆုံးခဲ့ရသည်။ ယခုနှစ် ၂၀၂၄ ခုနှစ် အောက်တိုဘာလကုန်အထိ သတင်းမီဒီယာသမား ငါးဦးအထိသေဆုံးခဲ့ပြီး ပြီးခဲ့သည့်နှစ်များဖြင့်စာလျှင် အများဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ဇယား (၄) ရှိ အချက်အလက်များသည် ၂၀၂၁ ခုနှစ်အာဏာသိမ်းပြီးနောက်ပိုင်း ၂၀၂၄ တနှစ်တည်းနှင့် သတင်းသမားသေဆုံးမှုဦးရေအများဆုံးဖြစ်ပြီး ၂၀၂၁ တွင် နှစ်ဦး၊ ၂၀၂၂ တွင် တဦး၊ ၂၀၂၃ တွင် သုံးဦးနှင့် ၂၀၂၄ တွင် ငါးဦး စုစုပေါင်း ၁၁ ဦးအထိ အသက်ဆုံးရှုံးခဲ့သည်။




*ပုံ (၇) – အသက်ဆုံးရှုံးခဲ့ရသော သတင်းထောက်အရေအတွက်ပြဇယား*

## ၅.၂။ သတင်းမီဒီယာလွတ်လပ်ခွင့်ကို ချိုးဖောက်နေသည့် အဓိကဥပဒေများ

အကြမ်းဖက်စစ်တပ်သည် နိုင်ငံရေးထုတ်ဖော်မှုများ၊ ၎င်းတို့အား ဝေဖန်သည့် ပြောဆိုမှုများ၊ တော်လှန်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖော်ပြမှုများအပေါ်တွင် ဒစ်ဂျစ်တယ်ခြေရာများမှ စောင့်ကြည့်နောက်ယောင်ခံပြီး ဖမ်းဆီး၊ တရားစွဲဆိုကာ ထပ်မံမပြောဆိုဝေဖန်ခြင်း မရှိစေရန် ဖိနှိပ်ကန့်သတ်မှုများကို ပြုလုပ်ဆဲပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်အစိုးရလက်ထက်ကတည်းက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ခြိမ်းခြောက်ကန့်သတ်နေခဲ့သည့် ဥပဒေများဖြစ်သည့် ရာဇသတ်ကြီးဥပဒေပုဒ်မပါ ၅၀၅–က၊ ၅၀၅(က)၊ ၅၀၅(ခ)၊ ၁၂၄(က)၊ ၁၂၄(ဃ)၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်ခွဲ ၅၀(ည)၊ ၅၂(က)၊ ၅၂(ခ)၊ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ)၊ မတရားအသင်းဆက်သွယ်ရေးဥပဒေပုဒ်မ ၁၇(၁)၊ အီလက်ထရွန်းဆက်သွယ်ဆောင်ရွက်ရေးဥဒေ ၃၃(က)၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေပုဒ်မ (၁၉) တို့အပြင် တခြားရာဇဝတ်မှုဆိုင်ရာ ဥပဒေပုဒ်မများဖြင့် တရားစွဲဆို အရေးယူလျက်ရှိသည်ကို တွေ့ရသည်။ ဖော်ပြပါအချက်အလက်များသည် တရားစွဲဆိုခံရပြီး အမိန့်ချပြီးထားသည့် အမှုများကိုသာ ခွဲခြမ်းစိတ်ဖြာထားခြင်းဖြစ်သည်။ အမိန့်မချရသေးဘဲ စွဲချက်တင်ပြီး တရားရင်ဆိုင်ရဆဲအမှုများအား ထည့်တွက်ထားခြင်းမရှိချေ။ အောက်ပါ ပုံ (၈) မှ အချက်အလက်များသည် တဦးတည်းအားတမှုထက်ပိုသည့် ပုဒ်မတခုထက်ပိုသည့် အမှုများဖြင့် တရားစွဲဆိုအမိန့်ချမှုများပါဝင်သည်။

## ၅.၂ (က)။ သတင်းသမားများကို အရေးယူရာတွင် အဓိက အသုံးပြုခဲ့သည့် ဥပဒေပုဒ်မများ

| စဉ် | ဥပဒေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ရာဇသတ်ကြီးဥပဒေပုဒ်မ – ၅၀၅–က | ၄၃ | ၁၀ | ၅၃ |
| ၂။ | ရာဇသတ်ကြီးဥပဒေပုဒ်မ – ၅၀၅ (ခ) | ၁ | – | ၁ |
| ၃။ | ရာဇသတ်ကြီးဥပဒေပုဒ်မ – ၅၀၅ (ဂ) | ၁ | – | ၁ |
| ၄။ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄(က) | ၃ | – | ၃ |
| ၅။ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄(ဂ) | ၁ | – | ၁ |
| ၆။ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၈၈ | – | ၁ | ၁ |
| ၇။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) | ၃ | ၂ | ၅ |
| ၈။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က) | ၁၃ | – | ၁၃ |
| ၉။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က) | ၁ | – | ၁ |
| ၁၀။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၁(က) | ၁ | – | ၁ |
| ၁၁။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၁(ခ) | ၁ | – | ၁ |
| ၁၂။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၁(ဂ) | ၁ | – | ၁ |
| ၁၃။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(ခ) | ၂ | – | ၂ |
| ၁၄။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄(ဃ) | – | ၁ | ၁ |
| ၁၅။ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ | ၁ | – | ၁ |

| | | | | |
|---|---|---|---|---|
| ၁၆။ | အီလက်ထရွန်းနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) | ၂ | - | ၂ |
| ၁၇။ | လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ၁၃(၁) | ၂ | - | ၂ |
| ၁၈။ | ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေပုဒ် (၅) | ၁ | ၁ | ၂ |
| ၁၉။ | ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ (၈) | ၂ | - | ၂ |
| ၂၀။ | သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ (၂၇) | ၂ | - | ၂ |
| ၂၁။ | ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ) | ၁ | - | ၁ |
| ၂၂။ | မတရားအသင်းဆက်သွယ်ရေး ဥပဒေပုဒ်မ ၁၇(၁) | ၃ | - | ၃ |

*ပုံ (၈) - သတင်းသမားများကို အရေးယူရန် အစိုက အသုံးပြုခဲ့သည့် ဥပဒေပုဒ်မများ*

**၅.၂ (ခ)။ စစ်အာဏာသိမ်းပြီးနောက် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခံရသည့် မီဒီယာနှင့် သတင်းဌာနများ**

| | | | | |
|---|---|---|---|---|
| DVB သတင်းဌာန | Myanmar Now သတင်းဌာန | ခေတ်သစ်မီဒီယာ | မဇ္ဈိမ သတင်းဌာန | ဆဲဗင်းဒေး |
| တာချီလိတ်သတင်း အေဂျင်စီ | မြစ်ကြီးနား ဂျာနယ် | 74 မီဒီယာ | ဇေယျာတိုင်းမ်စ် | ကန္တာရဝတီတိုင်းမ်စ် |
| Delta News Agency | ဧရာဝတီသတင်းဌာန | ဧရာဝတီ တိုင်းမ်စ် | မဲခေါင်းသတင်းဌာန | Development Media Group |

*ပုံ (၉) - လုပ်ငန်းလိုင်စင်ပိတ်သိမ်းခံခဲ့ရသည့် မီဒီယာနှင့် သတင်းဌာနများ*

## ၅.၂ (ဂ)။ စစ်အာဏာသိမ်းပြီးနောက် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခံလိုက်ရသည့် ပုံနှိပ်တိုက်များ

| | | | |
|---|---|---|---|
| ရန်အောင်စာပေ | ဝင်းတိုးအောင် | ပီတိ | Clover Book House |
| လွင်ဦး | ရွှေလာဘ် | တိုးမြစ် | လပြည့်လင်း |
| ရွှေနိုင်ငံ | The Destiny Book House | Right | |

*ပုံ (၉) – လုပ်ငန်းလိုင်စင်ပိတ်သိမ်းခံခဲ့ရသည့် ပုံနှိပ်တိုက်များ*

## ၅.၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မများကို အသုံးပြု၍ ကန့်သတ်ဖိနှိပ် အရေးယူမှု

အကြမ်းဖက်စစ်တပ်သည် သတင်းမီဒီယာသမားနှင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးသူများကို ဖမ်းဆီးပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မများကို အသုံးပြု၍ ဖမ်းဆီးထောင်ချထားသည့် ဖြစ်စဉ်အမြောက်အများရှိနေသည်။ သာမန်စွဲချက်တင်နေကျ ပုဒ်မများဖြင့်ဖြစ်သည့် ရာဇသတ်ကြီးပုဒ်မ ၅၀၅–က၊ ၅၀၅(ခ)နှင့် အသရေဖျက်မှုပုဒ်မများအပြင် နှစ်ရှည်ထောင်ဒဏ်ပိုမိုချမှတ်နိုင်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ၅၀(ည)၊ ၅၄(ဃ) စသည့်ပုဒ်မများဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျှက်ရှိသည်။ ၎င်းဥပဒေပုဒ်မများသည် အာမခံမရနိုင်သည့် ပုဒ်မများဖြစ်သည့်အတွက် ထောင်ချုပ်နှင့်ပင် တရားရင်ဆိုင်ကြရသည်။ အာဏာသိမ်းပြီးချိန်မှ အောက်တိုဘာလ ၂၀၂၄ ခုနှစ်အထိ အမျိုးသမီးမှတ်တမ်းရုပ်ရှင်ဒါရိုက်တာတဦးနှင့် အမျိုးသားသတင်းထောက် သုံးဦးသည် ယင်းပြင်းထန်သည့် ပုဒ်မများဖြင့် ထောင်ဒဏ်တသက်တကျွန်းအထိ ပြစ်ဒဏ်ကျခံနေရသည်။

DVB သတင်းထောက် ကျော်အောင်(ခ)မင်းမင်းသည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ကိုးရက်နေ့ကဖြစ်ပွားခဲ့သည့် ရန်ကုန်မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် (၁၁၀) ရှိ ဇဟားရဲကင်းတိုက်ခိုက်ခံရမှုကြောင့် ရဲတပ်ဖွဲ့ဝင်ငါး ဦးသေဆုံးခဲ့သည့် ဖြစ်စဉ်နှင့် ဆက်စပ်၍ တခြားစွပ်စွဲခံရသူ (၁၂) ဦးနှင့်အတူဖမ်းဆီးခံခဲ့ရသည်။ မင်းမင်းအပါအဝင် ဖမ်းဆီးခံခဲ့ရသူများကို ရဲစခန်းဝင်ရောက်စီးနင်းမှုနှင့် ပါဝင်ကူညီမှုများကြောင့်ဟုစွပ်စွဲကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၄ ဖြင့် ထောင်ဒဏ်တသက်တကျွန်းချမှတ်ခံခဲ့ရသည် (RFA Burmese၊ ၂၀၂၂၊ ဒီဇင်ဘာ ၃၀)[46]။

မှတ်တမ်းရုပ်ရှင်ဒါရိုက်တာ ရှင်ဒေဝီသည် အောက်တိုဘာ ၁၅ ရက်၊ ၂၀၂၃ ခုနှစ်တွင် ရိုက်ကူးရေးအတွက် အွန်လိုင်းမှ ဝယ်ယူထားသည့် ဒရုန်းအားသွားယူစဉ် မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းအတွင်းတွင် ဖမ်းဆီးခံခဲ့ရသည်။ ဖမ်းဆီးသွားပြီး တပတ်ကြာသည်အထိ ရန်ကုန်မြို့အတွင်းရှိ

[46] RFA Burmese (၂၀၂၂၊ ဒီဇင်ဘာ ၃၀) "တောင်ငူမှာ DVB အလွတ်သတင်းထောက် အပါအဝင် ၁၃ ဦး ထောင်တစ်သက်ချခံရ" https://www.facebook.com/39218993127/posts/10162335258333128

စစ်ကြောရေးတခုတွင် စစ်ထောက်လှမ်းရေးများက ညှဉ်းပမ်းနှိပ်စက်ခဲ့သည်။ စစ်ဆေးမေးမြန်းပြီးနောက် မြောက်ဥက္ကလာပမြို့နယ် စစ်ခုံရုံးတွင် အမှုစစ်မှ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ၅၀(ည) နှင့် ၅၄(ဃ) တို့ဖြင့် စွဲချက်တင်ခဲ့သည် (ဟန်သစ်၊ ၂၀၂၄၊ ဇန်နဝါရီ ၁၀)[47]။ ဖမ်းဆီးခံနေရာသည် စစ်အုပ်ချုပ်ရေး ၁၄၄ အမိန့်ထုတ်ပြန်ထားသည့် မြောက်ဥက္ကလာပမြို့နယ်ဖြစ်သည့်အတွက် အရပ်ဖက်တရားရုံးတွင် ကြားနာစစ်ဆေးခြင်း မလုပ်ဘဲ စစ်ခုံရုံးသို့တန်းပို့ခြင်းခံရသည်။ ဇန်နဝါရီ ၁၀ ရက်၊ ၂၀၂၄ ခုနှစ်၌ အဆိုပါနှစ်မှုပေါင်းအတွက် အမြင့်ဆုံးပြစ်ဒဏ် ထောင်ဒဏ်တသက်တကျွန်းချမှတ်လိုက်သည်။ ၅၀(ည) သည် အနိမ့်ဆုံး ၁၀ နှစ်မှနေ၍ တသက်တကျွန်းထိ ချမှတ်နိုင်သည့် ပုဒ်မဖြစ်သည်။

Dawei Watch သတင်းထောက် မျိုးမြင့်ဦးအား အောင်ဆန်းဦးနှင့်အတူ မြိတ်မြို့ရှိ၎င်းနေအိမ်၌ပင် စစ်တပ်မှ ၁၁ ရက်နေ့ ဒီဇင်ဘာ၊ ၂၀၂၃ ခုနှစ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရပြီး အချိန်အတော်ကြာသည်အထိ အဆက်သွယ်ပြတ်တောက်နေခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က) နှင့် (ခ) သုံးမှုဖြင့် တရားစွဲပြီး ထောင်ဒဏ်တသက်တကျွန်းချပြီးသည့်အချိန်မှ သိခဲ့ရသည်။ ၎င်းမတိုင်မီ သတင်းထောက်အောင်ဆန်းဦးသည်လည်း ၅၀(က) နှင့် ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခံထားရသူဖြစ်သည်။

မောင်ဖြူတောင်း (အမည်လွှဲ) သည် အလွတ်တန်းသတင်းထောက်အဖြစ် ပြည်တွင်းသတင်းမီဒီယာများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး မေလ၊ ၂၀၂၄ ခုနှစ်တွင် ဒလဆိပ်ကမ်း၊ စစ်ဆေးရေးဂိတ်၌ စစ်တပ်အာဏာပိုင်များမှ မှတ်ပုံတင်စစ်ဆေးပြီးနောက် စစ်ဆေးစရာရှိ၍ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ သို့ရာတွင် မည်သည့်နေရာသို့၊ မည်သည့်အကြောင်းကြောင့် ခေါ်ဆောင်သွားသည်ကို မသိရဘဲ မေလ (၃၁) ရက်၊ ၂၀၂၄ ခုနှစ်တွင် လှိုင်သာယာရဲစခန်းသို့ ပို့ဆောင်ခံရပြီးမှသာ စခန်းရှိ ရဲဝန်ထမ်းတဦး၏ ဆက်သွယ်ပေးမှုဖြင့် မိသားစုမှ သတင်းအချက်အလက် ရရှိခဲ့သည်။

စစ်ဆေးမေးမြန်းခြင်းမှ ရရှိသည့်သတင်းအချက်အလက်များဖြင့် စစ်ထောက်လှမ်းရေးအရာရှိများသည် နောက်ဆက်တွဲဖမ်းဆီးမှုများပြုလုပ်ခဲ့ပြီး ၎င်း၏ညီအပါအဝင် နှစ်ဦးထပ်မံဖမ်းဆီးခံခဲ့ရသည်။ ညီဖြစ်သူသည် လက်ရှိအမှုကိစ္စများဖြင့် ဆက်စပ်မှုမရှိသည့်အတွက် ပြန်လည်လွတ်မြောက်လာခဲ့သည်။ စစ်ကြောရေး၌လည်း ညှဉ်းပမ်းနှိပ်စက်ခံခဲ့ရပြီး လေးလကျော်အကြာ အောက်တိုဘာ နှစ်ရက်၊ ၂၀၂၄ ခုနှစ်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ ပုဒ်မ ၅၀(ည) ၏ ပြဋ္ဌာန်းချက်အရ *"ပြစ်ဒဏ်ထိုက်သင့်သည့် အကြမ်းဖက်အုပ်စုတခုခုအတွက် အကျိုးအမြတ်ဖြစ်စေရန် (သို့မဟုတ်) အကြမ်းဖက်သမားပိုင် ပစ္စည်းပါဝင်ပတ်သက်သည့် ငွေကြေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးအပ်သည်"* ဟူသော စွပ်စွဲချက်ဖြင့် ထောင်ဒဏ်တသက်ကျချမှတ်ခံခဲ့ရသည်။ ဤဖြစ်စဉ်၌ ဖမ်းဆီးခံရသူသည် ဖမ်းဆီးခံနေရာ နှင့်

[47] ဟန်သစ် (၂၀၂၄၊ ဇန်နဝါရီ ၁၀) "မှတ်တမ်းရုပ်ရှင်ဒါရိုက်တာ ရှင်ဒေဝီကို စစ်ကောင်စီ ထောင်တစ်သက်တစ်ကျွန်းချ" https://myanmar-now.org/mm/news/48046/

ယင်းနေထိုင်သည့် မြို့နယ်သည် စစ်အုပ်ချုပ်ရေး (၁၄၄) အမိန့်ထုတ်ပြန်ထားခြင်းမရှိသော်လည်း အမှုစစ်မှ တရားစွဲဆိုရန်လွှဲအပ်သည့်နေရာသည် စစ်အုပ်ချုပ်ရေး (၁၄၄) အမိန့်သက်ရောက်ရာ လှိုင်သာယာမြို့နယ်ဖြစ်နေသည်။ စစ်တပ်၏တရားစီရင်ရေးမဏ္ဍိုင်သည် စွပ်စွဲခံရသူ၏ တရားရေးဆိုင်ရာအခွင့်အရေးများနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများအား လိုက်နာခြင်းမရှိဘဲ မတရားဘောင်ကျော်လုပ်ဆောင်မှုများမှာ သိသာထင်ရှားသည်။ ဥပဒေနှင့် တရားစီရင်ရေးလုပ်ထုံးလုပ်ငန်းများကို အာဏာအသုံးပြု၍ လက်တလုံးခြားလုပ်ကာ သတင်းမီဒီယာသမားများကို ဖိနှိပ်နေခြင်းကြောင့် သတင်းအချက်အလက်စီးဆင်းမှုနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် ပျောက်ဆုံးနေပြီဖြစ်သည်။

## ၅.၄။ ညှင်းပမ်းနှိပ်စက်မှု ဒဏ်ရာများကြောင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးသူ ဖေမောင်စိမ်းသေဆုံးရခြင်း

မတ်လ၊ ၂၈ ရက်၊ ၂၀၂၂ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရသည့် မှတ်တမ်းရုပ်ရှင်ရုပ်ကူးသူ ဖေမောင်စိမ်းသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ စစ်ဆေးရေးဂိတ်တခု၌ ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့၏ ရိုက်ကူးရေးတာဝန်ခံဟု စွပ်စွဲ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး မတရားအသင်းဆက်သွယ်ရေးဥပဒေပုဒ်မ ၁၇ (၁) ဖြင့် ထောင်ဒဏ်သုံးနှစ်ချမှတ်ခံခဲ့ရသည်။ ဖမ်းဆီးခံနေရစဉ်တွင် စစ်တပ်၏ ညှဉ်းပမ်းနှိပ်စက်မှုများကြောင့် ခါးရိုးထိခိုက်ဒဏ်ရာနှင့် နံရိုးကျိုးကာ အရိုးတီဘီရောဂါဖြင့် လွိုင်ကော်ထောင်၌ အောက်ပိုင်းသေသွားကြောင်း ဧရာဝတီသတင်းဌာနမှ ရေးသားခဲ့သည် (မွန်မွန်မြတ်၊ ၂၀၂၄၊ ဩဂုတ် ၂၄)[48]။ စစ်တပ်သည် ၎င်းတို့လက်ချက်ကြောင့် ရောဂါအခြေအနေဆိုးရွားလာသည်ကို သိပြီးဖြစ်၍ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၁၆ ရက်နေ့တွင် လွှတ်ပေးခဲ့သည်။ သို့ရာတွင် စစ်တပ်နှိပ်စက်ရိုက်နှက်ခဲ့သည့် ပြင်းထန်ဒဏ်ရာများကို ရန်ကုန်မြို့ ဆာကူရာဆေးရုံတွင် ကုသရင်း ဩဂုတ်လ ၁၉ ရက်နေ့၌ပင် ကွယ်လွန်သွားခဲ့သည်။ ဖေမောင်စိမ်းသေဆုံးရခြင်း အဓိကအကြောင်းအရင်းမှာ ညှဉ်းပမ်းနှိပ်စက်ထားသည့် ဒဏ်ရာများကို အချိန်မီဆေးကုသပေးခြင်းမရှိသောကြောင့်ဖြစ်သည် (အောင်ခမ်း၊ ၂၀၂၄၊ ဩဂုတ် ၂၁)[49]။

## ၅.၅။ အကြမ်းဖက်စစ်တပ်မှ နေအိမ်ဝင်စီးပစ်သတ်ခြင်းများ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ လက်ပြကျေးရွာရှိ အလွတ်တန်းသတင်းထောက် ထက်မြတ်သူ၏နေအိမ်ကို ကျိုက်ထိုတော်လှန်ရေးအင်အားစု (KRF)

[48] မွန်မွန်မြတ် (၂၀၂၄၊ ဩဂုတ် ၂၄) "ဒါရိုက်တာ ဖေမောင်စိမ်းရဲ့ အမြဲစိမ်းလန်းနေမယ့် ရုပ်ရှင်များ" https://burma.irrawaddy.com/article/2024/08/24/389439.html

[49] အောင်ခမ်း (၂၀၂၄၊ ဩဂုတ် ၂၁) "နံရိုးကျိုးသည်အထိ နှိပ်စက်ခံခဲ့ရသော မှတ်တမ်းရုပ်ရှင် ဒါရိုက်တာ ဖေမောင်စိမ်း ကွယ်လွန်" https://myanmar-now.org/mm/news/56687/

တပ်ဖွဲ့ဝင်များခိုအောင်းနေသည်ဟုဆိုကာ အကြမ်းဖက်စစ်တပ်မှ တပ်သားအင်အား (၃၀) ကျော်ဖြင့် နေအိမ်ကို ဝင်ရောက်စီးနင်းခဲ့သည် (RFA Burmese၊ ၂၀၂၄၊ ဩဂုတ် ၂၂)[50]။ ထိုအင်အားသုံးဝင်ရောက်စီးနင်းမှုတွင် သတင်းထောက်ဖြစ်သူ ဝင်းထွဋ်ဦးနှင့် အလွတ်တန်းသတင်းထောက် ထက်မြတ်သူတို့အပါအဝင် လေးဦးကို ပစ်ခတ်သတ်ဖြတ်ခံခဲ့သည်။ DVB သတင်းဌာန၏ ထုတ်ပြန်ချက်အရ ထက်မြတ်သူသည် The Voice of Thanbyuzayat သတင်းတိုက်၌ စစ်တပ်အာဏာသိမ်းချိန် ဆန္ဒပြပွဲများတွင် သတင်းရယူရင်း ခြေထောက်အား ကျည်ထိမှန်ဖမ်းဆီးခံရကာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က (505A) ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသေးသည်။ စစ်တပ်၏ ပစ်သတ်ခြင်းကို ခံခဲ့ရသည့် သတင်းထောက် ဝင်းထွဋ်ဦးနှင့် ပတ်သက်၍ DVB ၏ CJ Network တာဝန်ခံဖြစ်သူ မခင်ရူပါ က DVB သတင်းတခု၏ မေးမြန်းမှုတွင် အောက်ဖော်ပြပါအတိုင်း ပြောကြားခဲ့သည်။

> *"ကိုဝင်းထွဋ်ဦးက သင်တန်းဆင်းပြီးချိန် ကတည်းကစလို့ သတင်းထောက်အလုပ်ကို တစိုက်မတ်မတ် လုပ်ကိုင်တယ်။ တကယ်လည်း ကတိကဝတ်ရှိတဲ့ ဂျာနယ်လစ်တဦး ဖြစ်တယ်။ သူဟာ လက်နက်ကိုင်တပ်ဖွဲ့တွေ ထိန်းချုပ်ထားတဲ့ နယ်မြေတွေမှာ တိမ်းရှောင်နေတုန်းကလည်း သတင်းရေးသားတဲ့အခါမှာလည်း ဘက်မလိုက်တဲ့ သတင်းတွေကို ရေးသားချင်သူမို့ အမြဲတမ်း အကြံဉာဏ်တွေ တောင်းလေ့ရှိတယ်။ တကယ်လည်း အလားအလာရှိတဲ့ လူငယ်တဦးပါ။ သူက သတင်းတွေ လွတ်လွတ်လပ်လပ် ရေးချင်လို့ မြို့ပေါ်ပြန်တက်နေတဲ့အချိန် အခုလို ပစ်ခတ်ခံရတာပဲ"* (DVB၊ ၂၀၂၄၊ ဩဂုတ် ၂၂)[51]

## ၅.၆။ သတင်းမီဒီယာနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်များ

### ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ သတင်းမီဒီယာများနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဧပြီလ ၁၆ ရက်နေ့စွဲဖြင့် ညွှန်ကြားချက်အမှတ် (၀၈/၂၀၂၄)[52] ကို ကရင်နီပြည်နယ်အတွင်းရှိ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် အလွတ်တန်းသတင်းထောက်များအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်ရှစ်ချက်ပါသည့် သတင်းမီဒီယာကျင့်ဝတ်ကို ထုတ်ပြန်ခဲ့သည်။။ ညွှန်ကြားချက်ပါ ကျင့်ဝတ်များ အချက်ပါ သုံးနှင့် လေးတို့တွင် ၎င်းတို့ခွင့်ပြုချက်ပါမှ သတင်းသွားရောက်ယူခွင့်ရှိသည်ဟု ပြဌာန်းထားသည့်အပြင် အချက်ငါးတွင် ကရင်နီဒေသတွင်း စစ်ရေး၊ အုပ်ချုပ်ရေးနှင့် တော်လှန်ရေးကိစ္စရပ်များအား ထိခိုက်စေသည့် လုပ်ရပ်ကို ဆောင်ရွက်လျှင် ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီမှ ခေါ်ယူပြီး စေ့စပ်ညှိနှိုင်းမှုတရပ်ကို ခံယူရမည်ဖြစ်ဟု ကန့်သတ်ထားသည်။

---

[50] RFA Burmese (၂၀၂၄၊ ဩဂုတ် ၂၂) "ကျိုက်ထိုမှာ သတင်းသမားနှစ်ဦးအပါအဝင် လေးဦး သတ်ဖြတ်ခံရ" https://www.facebook.com/photo/?fbid=926413966186673&set=a.583637430464330

[51] DVB (၂၀၂၄၊ ဩဂုတ် ၂၂) "ကျိုက်ထို၌ စစ်ကောင်စီတပ် စီးနင်းပစ်ခတ်မှုကြောင့် DVB CJ အပါအဝင် သတင်းထောက် ၂ ဦး သေဆုံး" https://burmese.dvb.no/post/665803

[52] (၂၀၂၄၊ ဧပြီလ ၁၆) "ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ ညွှန်ကြားချက်အမှတ် (၀၈/၂၀၂၄) မီဒီယာကျင့်ဝတ်ဆိုင်ရာညွှန်ကြားချက်" https://www.facebook.com/share/p/GM6wVvX9tKApzrT8/?mibextid=xfxF2i

ဤသို့ သတင်းမီဒီယာသမားများနှင့် သတင်းလုပ်ငန်းကို ဖိနှိပ်ကန့်သတ်ခြင်းသည် အစိုးရအဆက်ဆက် ခေတ်အဆက်ဆက် ၎င်းတို့၏နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးနှင့် စစ်ရေးသတင်းအချက်အလက် မပေါက်ကြားစေရေး ခေါင်းစဉ်များအောက်ထည့်သွင်းကာ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကြိုးတုတ်သင်းသတ်နေသည့်နည်းများနှင့် ထူးမခြားနားပင်ဖြစ်သည်ကို သတိချပ်ရန်လိုသည်။ တော်လှန်ရေးအင်အားစုများသည် ဖက်ဒရယ်ဒီမိုကရေစီ၏ အခြေခံအကျဆုံးအုတ်မြစ်ဖြစ်သည့် သတင်းမီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကို ကန့်သတ်နှိပ်ကွက်ရမည့်အစား လမ်းဖွင့်ကာ တိုးတက်ကောင်းမွန်စေရန် အာမခံချက်ပေးထားသင့်ပေသည်။ ဤထုတ်ပြန်ချက်ထွက်လာပြီး ၁၀ ရက်မြောက်နေ့ ၂၀၂၄ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် Independence Press Council Myanmar (IPCM) မှ ထုတ်ပြန်ချက်ပါအချက်များနှင့်ပတ်သက်၍ သတင်းသမားများ၏ လုံခြုံရေးနှင့် သတင်းမီဒီယာလွတ်လပ်ခွင့်အတွက် စိုးရိမ်ကြောင်းနှင့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) နေ့တွင် သတင်းသမားများလိုက်နာရမည့် ကျင့်ဝတ်များအား စာတမ်းပြုစုမည်ဟူ၍ ထုတ်ပြန်ခဲ့သည်။

## ၅.၇။ ဖားကန့်အခြေစိုက်သတင်းထောက်နှစ်ဦးကို ကချင်လွတ်မြောက်ရေးတပ်မတော်မှ ဖမ်းဆီးထိန်းသိမ်းခြင်း

Red News Agency သတင်းထောက်ဖြစ်သူ တာလင်းမောင်သည် ဆိုင်းတောင်ကျေးရွာ၊ ဖားကန့်မြို့နယ်၌ စက်တင်ဘာလ ၂၉ ရက်၊ ၂၀၂၄ ခုနှစ်တွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ တာလင်းမောင်သည် စက်တင်ဘာ ၂၆ ရက်နေ့၌ "KIO အရာရှိ (Lion) ၏ ခိုင်းစေချက်ကြောင့် KIO တိုက်နယ်မှူးက တာဝန်ကျ PDF တွေကို အကြောင်းမကြားဘဲ ဆိုင်းတောင်နှင့် ဖားကန့်ကြားမှာရှိတဲ့ Jade Garden (Restaurant & Pool) ဝန်ထမ်းများကို ကယ်ဆယ်သည်" ဟူသော ဖော်ပြပါသတင်းကို ၎င်းလူမှုကွန်ရက်ပေါ်တွင် ရေးသားခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရကြောင်း RFA Burmese သတင်းတခုတွင် ဖော်ပြသည်။ ထို့ကြောင့် ဖားကန့်မြို့နယ်ရှိသတင်းများကို ဖော်ထုတ်ရေးနေသည့် အလွတ်တန်းသတင်းထောက်နောင်ရိုးသည် ၎င်းဖမ်းဆီးခံရသည်ကို ကြားသည့်အတွက် လိုက်ပါသွားခဲ့ပြီး တပါတည်း ဖမ်းဆီးခံခဲ့ရသည်။

တာလင်းမောင်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှနေ၍ ၂၀၂၁ ခုနှစ်အာဏာသိမ်းပြီးနောက် CDM ဝင်ထားသူဖြစ်ပြီး စစ်တပ်၏ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် ဖမ်းဝရမ်းထုတ်ခံထားရသူဖြစ်သည်။ ထို့အပြင် ကျောက်စိမ်းတူးဖော်ရေးအတွက် ရွာလုံးကျွတ်ပြောင်းရွှေ့ခိုင်းသည့် ဖြစ်စဉ်သတင်းကို ရေးသားတင်ဆက်ခဲ့ပြီး များမကြာမီ စက်တင်ဘာလ၊ ၈ ရက်၊ ၂၀၂၃ ခုနှစ်တွင် အမည်အသိအစုအဖွဲ့တခုမှ ကားနှင့်ဝင်တိုက်ပြေးသည့် ဖြစ်စဉ်ကိုကြုံခဲ့ရသေးသည်။ အလားတူ နောင်ရိုးသည်လည်း ၂၀၂၁ ခုနှစ် ဧပြီလတွင် စစ်တပ်၏ ဖမ်းဆီးခံခဲ့ရပြီး ၂၀၂၂ ခုနှစ် မတ်လတွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က နှင့် သွင်းကုန်ထုတ်ကုန်ဥပဒေပုဒ်မ (၈) များနှင့် တရားစွဲဆိုကာ

ထောင်ဒဏ် တနှစ်နှင့် ခုနစ်လကျခံခဲ့ရသူဖြစ်သည်။ နောင်ရိုးသည် သတင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရင်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့နှင့် အာဏာသိမ်းစစ်တပ်နှစ်မျိုးလုံးတို့၏ ဖမ်းဆီးအရေးယူခြင်းခံခဲ့ရသည်။ ထို့နောက် အောက်တိုဘာ ၂၇၊ ၂၀၂၄ ခုနှစ်တွင် ၎င်းတို့ နှစ်ဦးစလုံးအား KIA မှ လွှတ်ပေးလိုက်ခဲ့သည် (RFA Burmese၊ ၂၀၂၄၊ အောက်တိုဘာ ၃)[53]။

သတင်းထောက်များနှင့် သတင်းမီဒီယာ လုပ်ငန်းများကို အာမခံချက်နည်းသထက်နည်းလာပြီး မီဒီယာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များသည် ဆက်တိုက်ချိုးဖောက်ခံလာရသည်။ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) အနေဖြင့် သတင်းထောက်များ၏ သတင်းရယူ၊ ဖြန့်ချိပိုင်ခွင့်ကို အာမခံပေးရန်လိုအပ်ပြီး ယခုတကြိမ်လို သတင်းရေးသားသည့်အတွက် ဖမ်းဆီးအရေးယူခြင်းများကို ဆက်လက်မပြုလုပ်သင့်တော့ပေ။ ဒီမိုကရေစီ၊ ဖက်ဒရယ်တို့၏ တန်ဖိုးနှင့် အနှစ်သာရထဲမှ တခုဖြစ်သည့် သတင်းမီဒီယာလွတ်လပ်ခွင့်ကို အကာအကွယ်ပေးရမည်ဖြစ်ပြီး ယခုလုပ်ရပ်သည် သတင်းလွတ်လပ်ခွင့်ကို တိုက်ရိုက်ချိုးဖောက်သည့် သဘောကို ဆောင်ကျဉ်းနေသည်။

[53] RFA Burmese (၂၀၂၄၊ အောက်တိုဘာ ၃) "KIA ဖမ်းဆီးထားတဲ့ အလွတ်သတင်းသမားနှစ်ဦး ပြန်လွတ်လာ" https://www.facebook.com/share/p/Vd8VJXzV2cYBCngN/

# ၆။ တွေ့ဆုံမေးမြန်းခြင်း - သတင်းထောက်တဦး၏စကားသံ

အောက်ဖော်ပြပါ အမေးအဖြေကဏ္ဍသည် နိုင်ငံအတွင်းတွင် ဖြစ်ပျက်လျက်ရှိသည့် အခြေအနေများကို စုံစမ်းလေ့လာဖော်ထုတ်ရေးသားလျက်ရှိသည့် သတင်းထောက် ကိုဇေက်နှင့် တွေ့ဆုံမေးမြန်းဆွေးနွေးထားသည်။

**မေး။ လက်ရှိကာလ မြန်မာပြည်ရဲ့ သတင်းစာလွတ်လပ်ခွင့်အပေါ် ဘယ်လိုမြင်လဲ။ ဘယ်လောက်အထိ လွတ်လပ်မှုရှိတယ်လို့ ထင်ပါသလဲ။**

**ဖြေ။** မြန်မာပြည်မှာက လက်ရှိအခြေအနေမှာ သတင်းစာလွတ်လပ်ခွင့်က လုံးဝမရှိဘူးလို့ပဲပြောချင်တယ်။ လက်ရှိမှာဆိုရင် လွတ်လွတ်လပ်လပ်ဖော်ပြလို့ရတဲ့ မီဒီယာတွေဆိုတာ ပြည်တွင်းမှာက အနည်းနဲ့အများ ရှိတယ်။ ဒါ ပုန်းရှိုး၊ ကွယ်ရှိုး အနေနဲ့ပဲ ရေးကြတယ်။ သတင်းစာ၊ သတင်းစာတိုက် တော်တော်များများက တခြားနိုင်ငံတွေမှာ သွားပြီးတော့ အခြေစိုက်ကြတာများတယ်။ ပြည်တွင်းမှာတော့ လွတ်လွတ်လပ်လပ်ရေးလို့ရတဲ့ သတင်းစာတိုက်ဆိုတာကတော့ တရားဝင်ထားတာတော့ မရှိဘူးပေါ့။ ဒီကြားထဲမှာပဲ သတင်းထောက်တွေကပဲ ရတဲ့သတင်းတွေကို ဒီမြေပြင်ဆင်းပြီးတော့ပဲ ပို့ကြတာရှိတယ်။ လက်ရှိမှာက မြန်မာပြည်ရဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်နဲ့ ပတ်သက်ပြီးတော့ လုံးဝမရှိဘူး၊ သတင်းစာလွတ်လပ်ခွင့် လုံးဝမရှိဘူးလို့ပဲ ပြောချင်တယ်။

**မေး။ [နိုင်ငံသား] သတင်းထောက်ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ စိန်ခေါ်မှုအန္တရာယ်များစွာကြားက သတင်းလုပ်ငန်းတွေကိုလုပ်နေရတော့ ဘယ်လိုပုံစံမျိုးတွေနဲ့ အလုပ်လုပ်နေကြရသလဲ။**

**ဖြေ။** အခုအချိန်မှာ ကျွန်တော့်အနေနဲ့ဆိုရင် သတင်းတခုခု ရတယ်ပေါ့၊ ဥပမာ ထောင်သတင်း၊ ထောင်နယ်ပယ်နဲ့ပတ်သက်ပြီးကိုင်တာမျိုးဆိုရင် အဲဒီမှာရှိနေတဲ့ အကျဉ်းထောင်ဆိုရင် အကျဉ်းထောင်တွေနဲ့ ပတ်သက်ပြီးတော့ သတင်းတွေ ထုတ်ပြန်နေတဲ့အဖွဲ့အစည်းတွေ ရှိတယ်ပေါ့နော်။ AAPP တို့လိုမျိုးအဖွဲ့အစည်းတွေပေါ့။ နောက်ပြီးတော့ စစ်ကိုင်းမှာဆိုရင်လည်း သပိတ်ကော်မတီက လူတွေပေါ့၊ ဒီလိုမျိုးလူတွေနဲ့ ချိတ်ဆက်ထားရတယ်၊ ချိတ်ဆက်ထားပြီးမှ တခုခု သိချင်တယ်ဆိုရင် သူတို့ကို ဖုန်းဆက်မေးတယ်။ နောက်ပြီးတော့ တိုက်ပွဲသတင်းတွေနဲ့ ပတ်သက်ပြီးတော့ ဖုန်းဆက်မေးတာမျိုးတွေရှိတယ်။ တခါတလေ telegram က သွားမေးတာ၊ signal ကသွားမေးတာ အဲ့လိုမျိုးတွေ ရှိတာပေါ့နော်။ ဒီမှာဆိုရင်တော့ သူတို့အနေနဲ့ကလည်း စစ်ကိုင်းတို့ဆိုရင် အင်တာနက်တွေ အဖြတ်ခံထားရတဲ့အခြေအနေတွေ ရှိတယ်။ အဲ့ဒီအတွက်ကြောင့်လည်း သူတို့လိုင်းတက်လာမှပဲ အဆင်ပြေတာတို့၊ ကိုယ်ဖုန်းဆက်လိုက်တဲ့အချိန်မှာဆိုရင် သူတို့ဆီကို ဖုန်းကဝင်မသွားတာတို့ အဲ့လိုမျိုးတွေတော့ ရှိတယ်ဗျ။

**မေး။ ကိုယ်ရေးထားတဲ့ သတင်းတွေကို ဘယ်သူတွေဆီကို ပို့ဖြစ်လဲ။ ဘယ်လိုသတင်းဌာနတွေဆီကို ပို့ဖြစ်လဲ။ အဲ့ဒီလိုမျိုး သတင်းပို့တဲ့ ပုံစံကော ဘယ်လိုမျိုးလုပ်နေရလဲ။**

**ဖြေ။** သတင်း ပို့တဲ့ပုံစံကတော့ ကျွန်တော်ကတော့ CJ တယောက်အနေနဲ့လုပ်တယ်။ CJ platform က သတင်းတွေရေးတယ် အယ်ဒီတာချုပ်ဆီကိုငှင်း၊ ဒါမှမဟုတ်ရင် ကိုယ့်အဝန်းအဝိုင်းထဲက ကိုယ့်အသိသတင်းထောက်တယောက်ဆီကိုသော်ငှင်း ပို့ပေးတယ်။ ပို့ပေးပြီးတော့ သူတို့က လိုအပ်တာတွေကို ကိုယ့်ကို ပြန်မေးတယ်။ မေးတဲ့အချိန်မှာ ကိုယ်က ပြန်ပြီးတော့ သတင်းရင်းမြစ်တွေပြန်ရှာ၊ confirm ပြန်လုပ်ရတာ။ ပြန်လုပ်ပြီးမှ ပြန်ရေး၊ ရေးပြီးမှ သူ့ဆီကိုပဲ ဒီ signal group ရှိတယ်ဆိုရင် signal group ကနေ ပို့ပေးလိုက်တယ်။ တခါတလေကျရင်တော့လည်း telegram၊ တခါတလေကျရင်တော့လည်း messenger ကနေ ပို့ပေးတယ်။

**မေး။ သတင်းမီဒီယာရပ်ဝန်းမှာလည်း သတင်းသမားတွေကို သတင်းသမားအချင်းချင်း (ဒါမှမဟုတ်) မီဒီယာတိုက်တွေကနေ ခေါင်းပုံဖြတ်အမြတ်ထုတ်တာတွေ ရှိနေတယ်လို့ အချို့ သတင်းဌာနက ထုတ်တဲ့ သတင်းတွေမှာ တွေ့ရတယ်၊ အဲဒီလို ဖြစ်စဉ်မျိုးတွေကို အသိအဝန်းအဝိုင်းတွေထဲမှာ သတိထားမိတာမျိုးတွေ ရှိမလား၊ ဘယ်လိုပုံစံမျိုးတွေနဲ့ ဖြစ်တည်နေသလဲဆိုတာ ရှင်ပြပေးလို့ ရမလား။**

**ဖြေ။** တွေ့တာက အဲ့လိုမျိုး တွေတယ်ပေါ့နော်။ ကြုံလည်းကြုံတယ်။ တချို့အသိ မီဒီယာ သတင်းထောက်တွေနဲ့လည်း အဲ့လိုမျိုး ပြောရင်းဆိုရင်းနဲ့လည်း ဒီအကြောင်းတွေပြောဖြစ်ကြတယ်။ သူတို့လည်း ဒီအကြောင်းတွေ တွေ့တယ်၊ ကြားတယ်။ သူတို့ကိုတော့ နေဖို့စားဖို့တော့ ပေးတယ်။ ဒါပေမဲ့ လခအနေနဲ့ဆိုရင် လုံလုံလောက်လောက် ပေးမထားဘူး။ လုံလုံလောက်လောက်ပေးမထားတာထက် သူတို့ရေးတဲ့ ဒီသတ်မှတ်ချက်ပေါ့နော်၊ ဒီသတင်းတွေမှာဆိုရင် ခေါင်းပုံဖြတ်တာပေါ့။ ပြောရရင်တော့ ရတဲ့ဟာတွေကို ပြန်ပြီး ခေါင်းပုံဖြတ်တယ်။ နေဖို့စားဖို့ အဆင်ပြေတယ်၊ နေဖို့စားဖို့ အဆင်ပြေနေရင် ပြေနေပြီပဲဆိုတဲ့ ပုံစံမျိုးပေါ့။ ဒီလို ခေါင်းပုံဖြတ်တာမျိုးကိုတော့ ပတ်ဝန်းကျင်မှာ အမြဲတမ်းတွေ့တယ်။ သတင်းတပုဒ်ကို ဘယ်လောက်ဆိုပြီး သဘောတူထားတဲ့ သတ်မှတ်ချက်အတိုင်း မပေးတာမျိုးတွေ အများကြီးတော့ တွေ့တယ်။

**မေး။ ဒီလိုဖြစ်စဉ်တွေ ဖြစ်ပွားတဲ့အခါ ဘယ်လိုတိုင်တန်း အရေးယူမှုတွေ၊ တာဝန်ယူမှု တာဝန်ခံမှုတွေ ရှိလာအောင် လုပ်လို့ရနေပါသလဲ။ သတင်းဌာနတွေ ဘက်ကနေကို ဘယ်လို တာဝန်ယူမှု၊ တာဝန်ခံမှုတွေ လုပ်ဆောင်ပေးသလဲ။**

**ဖြေ။** လက်ရှိမှာကတော့ ဒီကျွန်တော်တို့ သိတဲ့သူတွေပေါ့ သူငယ်ချင်းတွေ မီဒီယာတွေထဲကဆိုရင် သူတို့မှာလည်း ဒီလိုမျိုး ဖြစ်ရပ်တွေရှိတယ်။ ဒါပေမဲ့ အရမ်းကြီး ပြဿနာဖြစ်လောက်မဲ့အထိ မဟုတ်ဘူးပေါ့။ ပြောတယ်၊ ဆိုတယ်၊ အဆင်ပြေသွားတယ်။ သူကလည်းသူ့ကို ဒါခေါင်းပုံဖြတ်တယ်ဆိုတာ မသိဘူး။ အဆင်ပြေရင် ဒီမှာဆက်ပြီးတော့ မလုပ်ချင်တော့ဘူးပေါ့။ ဒါပေမဲ့ အနေအထားတခုအရတော့ ဒီမှာကိုယ့်ရပ်တည်ရေးအတွက် ဆက်လုပ်မယ်။ ဆက်လုပ်ရမယ်ဆိုတဲ့ ပုံစံမျိုး။ လက်ရှိမှာတော့ ကြီးကြီးမားမားဖြစ်ပြီးတော့ တိုင်တန်းတယ်ဆိုတာမျိုးတော့မရှိဘူး။ ဟို့အရင်တုန်းက သိခဲ့တဲ့ တယောက်တော့ရှိတယ်။ သူ့ပုံတွေကို ခွင့်မတောင်းဘဲ သုံးထားတဲ့ ဖြစ်ရပ်မျိုး။ ဘယ်လောက်ပြောပြော မရဘူး။ သူရိုက်ထားတဲ့ ပုံတွေ သုံးတယ်ဆိုရင် ဒါသူရိုက်ထားတဲ့ပုံတွေဖြစ်တဲ့အတွက် မူပိုင်ခွင့်က သူ့ဆီမှာ ရှိတယ်လေ။

ခွင့်ပြုချက်မရဘဲနဲ့ သုံးတာတွေ၊ ဒီပုံတွေသုံးပြီး ပိုက်ဆံရှာတာမျိုးတွေရှိတယ်။ ဘယ်ကိုတိုင်တန်းရမလဲဆိုတာမျိုးတော့ လက်ရှိကာလမှာတော့ ကျွန်တော့်အနေနဲ့သိတဲ့ ပတ်ဝန်းကျင် မရှိသေးဘူးပေါ့နော်။

**မေး။ ကိုယ်လုပ်နေတဲ့ အလုပ်နဲ့ ကိုယ်ပြန်လည်းရရှိတဲ့ အကျိုးခံစားခွင့်နဲ့က မျှတတယ်လို့ ယူဆလို့ရနိုင်မလား။ ဘယ်လိုမြင်မိလဲ။**

**ဖြေ။** ကိုယ့်အနေနဲ့ဆိုရင် ကိုယ်ရဲ့ ကြိုးစားလိုက်တဲ့၊ ကိုယ်ရေးလို့ ရလာတဲ့ သတင်းတခုနဲ့ ရတာနဲ့ကတော့ မမျှတဘူးလို့တော့ ထင်တယ်။ သတင်းတပုဒ်ရဖို့ဆိုရင် တော်တော်အချိန်ပေးရတယ်ပေါ့နော်။ စစ်ကိုင်းဘက်က သတင်းကို ကိုယ်လိုက်မယ် ဆိုကြပါစို့၊ ကျွန်တော် စစ်ကိုင်းမှာ source တခုကို သွားပြီးတော့ မေးလိုက်တယ်။ ဖုန်းနံပါတ် ဘာညာတောင်းရမယ်ပေါ့ နောက်ပြီးတော့ ဖုန်းပြောမယ်ပေါ့။ အဲ့အချိန်မှာ ဟို့ဘက်က လိုင်းမရဘူး၊ လိုင်းမရတဲ့အတွက်ကြောင့် သူ့ဘက်က reply ပြန်လာတာကို အရမ်းစောင့်ရတယ်။ ရတယ်ဆိုရင်လည်း ကျွန်တော်တို့က source တခု တည်းနဲ့က မရဘူး။ source တခုနဲ့ တခု confirm ပြန်လုပ်ဖို့အတွက်က အဲ့ဒီဒေသတဝိုက်မှာရှိတဲ့ ပြည်သူတယောက်ပေါ့နော်၊ ဒါမှမဟုတ်ရင် မျက်မြင်တယောက်ပေါ့နော်၊ ဒါမှ မဟုတ်ရင် အသံကြားလိုက်တဲ့လူတယောက်ပေါ့နော် ကျွန်တော်တို့က ပြန်ပြီးတော့ confirm ဖြစ်အောင် ပြန်လုပ်ရတယ်။ ကြိုးစားရတဲ့ သတင်းတပုဒ်ဖြစ်ဖို့ဆိုတာကတော့ မလွယ်ဘူး။ အချိန်ပေးရတယ်။ တခါတလေ တညနေလုံး၊ နေ့တပိုင်းလုံး ပြီးသွားတာတောင် သတင်းတခု ကောင်းကောင်းမရတဲ့အချိန်တွေ ရှိတယ်။ ပြည်တွင်းမှာ သိတဲ့အသိတွေဆိုရင် ဘယ်နားသွားသွား သတိထားပြီး သွားရတယ်။ ဒါသူတို့ရဲ့ အသက်အန္တရာယ်နဲ့ ရင်းရတာပေါ့။ ရင်းရတဲ့အခြေအနေမှာ ပြန်ရတဲ့ဟာနဲ့ကတော့ မမျှတဘူးလို့တော့ ထင်တာပေါ့။ တကယ်တမ်းကြုံတွေ့နေရတဲ့ အခက်အခဲတွေကတော့ အများကြီးပဲ။ မေးတယ် မြန်းတယ် သတင်းထောက်လုပ်တယ် သတင်းအတွက်လို့ပြောလိုက်ရင် လန့်သွားကြတယ်။ အကုန်လုံးက မဖြေချင်ကြဘူး။ သတင်းထောက်ဆိုတာနဲ့ လန့်နေကြတာပဲ၊ သူတို့လည်း သူတို့ကို ပြန်ပြီး ထိခိုက်တာကြောက်တာပေါ့နော်။ အဲ့တာကတော့ အကြီးမားဆုံး အခက်အခဲလို့ပဲ ပြောလို့ရတာပေါ့နော်။

**မေး။ သတင်းသမားတွေကို အကြမ်းဖက်စစ်တပ်အနေနဲ့ ဘယ်လိုပုံစံမျိုးတွေ (နည်းလမ်းတွေ) အသုံးပြုပြီး ဦးတည်စောင့်ကြည့်ဖိနှိပ်နေတာမျိုးတွေ ရှိနေမယ်လို့ ထင်ပါသလဲ။ အကြမ်းဖက်စစ်တပ်အပြင် အခြားဘယ်လိုအဖွဲ့တွေ ရှိနေဦးမယ်လို့ ထင်ပါသလဲ။**

**ဖြေ။** သူတို့အနေနဲ့ကတော့ ဘယ်လိုမျိုးနဲ့ စောင့်ကြည့်နေလဲဆိုတော့ ဒီတော်လှန်ရေး အစကာလမှာ social media ထိန်းချုပ်ဖို့ကြိုးစားတယ်ပေါ့နော်။ vpn တွေ ခံပြီးတော့ သုံးရတယ်၊ အဲ့ဒါ ကလည်း ဒါလက်ရှိမှာတော့ ပြည်တွင်းမှာတော့ ပြဿနာတခုပေါ့၊ အကြမ်းဖက်စစ်တပ်ကတော့ ဒီ social media နဲ့ပတ်သက်ပြီးတော့ အမြဲမပြတ်ကြည့်နေမယ် ထင်တယ်။ ဒီတော်လှန်ရေးက တချို့ အကြီး ကြီးတဲ့ သူတွေနဲ့ ပြောမယ်၊ တပ်ဖွဲ့ တာဝန်ခံတွေနဲ့ ပြောမယ်ဆိုရင်တော့ တော်ရုံတန်ရုံဆိုရင် ကျွန်တော်က messenger ကို ရှောင်တယ်။ ဒီ contact အနေနဲ့ဆိုရင် signal တို့ ဒါမှ မဟုတ်တောင် ဖုန်းဆက်ရတာလည်း အဆင်မပြေတာ

အဆင်မပြေတာလည်း များတာပေါ့နော်။ အကြမ်းဖက်စစ်တပ်က ဘယ်လိုစောင့်ကြည့်နေမလဲဆိုရင် နည်းမျိုးစုံနဲ့ စောင့်ကြည့်နေမယ်လို့ထင်တယ်ပေါ့နော်။

**မေး။ Citizen journalist အပါအဝင် သတင်းသမားတွေကို ဖိနှိပ်ကန့်သတ်ဖို့ ကြိုးစားနေတဲ့ အဖွဲ့တွေထဲ စစ်တပ်အပြင် တခြား ဘယ်လိုအဖွဲ့တွေ ရှိနေလဲ။ ကိုယ်တိုင်မြင်ရ သိရ ကြုံရတာမျိုးတွေ ရှိဦးမလား။**

**ဖြေ။** အဲ့လိုမျိုးတွေ လက်ရှိမှာတော့ ကိုယ်တိုင် မြင်ရ ကြုံနေရတာမျိုးတော့ မရှိဘူးပေါ့။ ဒီတခြားဒေသမှာဆိုရင်တော့ ဒါတွေနဲ့ ပတ်သက်ပြီးတော့လည်း ကိုယ့်အနေနဲ့ကတော့ အတိအကျတော့ မသိဘူးပေါ့နော်။ ရှမ်းမြောက်ဒေသတို့ဘာတို့မှာ ဆိုရင်တော့ မီဒီယာလွတ်လပ်ခွင့်တွေနဲ့ ပတ်သက်ပြီးတော့ ERO တွေအနေနဲ့က တချို့ကန့်သတ်ချက်လေးတွေ ရှိတယ်လို့တော့ သိထားတယ်ပေါ့နော်။ ဟုတ်အဲ့လောက်ပဲ သိထားတယ်ဗျ။ တခြားတော့ ကောင်းကောင်းသိမထားဘူးဗျ။

# ၇။ လွတ်လပ်စွာပြောဆိုခွင့်

## ၇.၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်ကာလအတွင်း ကန့်သတ်ခံခဲ့ရသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

မြန်မာပြည်သူများသည် စစ်အစိုးရအဆက်ဆက် စစ်အုပ်ချုပ်ရေးယန္တရားအောက်တွင် နှစ်ပေါင်းအတော်ကြာ ဖြတ်သန်းရှင်သန်ခဲ့ရပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပါအဝင် တခြားသောလူ့ရပိုင်ခွင့် ချိုးဖောက်မှုများကို ခါးစည်းခံခဲ့ကြရသည်။ ၁၉၉၀ ရွေးကောက်ပွဲအပြီး ဆယ်စုနှစ်နှစ်ခုအတွင်း ပထမဆုံးအကြိမ် နိုဝင်ဘာလ (၇) ရက်နေ့ ၂၀၁၀ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် တပ်မတော်၏ ဗိုလ်ချုပ်ဟောင်းများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ[54]မှ အနိုင်ရရှိခဲ့သည်။ ထိုနောက် စစ်ဗိုလ်ချုပ်ဟောင်းတဦးဖြစ်သည့် ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအဖွဲ့သည် စစ်အုပ်ချုပ်ရေးစနစ်မှ "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ"စနစ်ဟုခေါ်သည့် စစ်တပ်မှ ချုပ်ကိုင်လွှမ်းမိုးမှု အားကြီးသည့် အရပ်သားတပိုင်း ဟန်ပြဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့သည်။

ဦးသိန်းစိန်လက်ထက်တွင် စစ်အစိုးရ အဆက်ဆက်အောက် တင်းကြပ်စွာ ထိန်းချုပ်ထားသည့် တချို့သော လွတ်လပ်ခွင့်များကို လမ်းဖွင့်ပေးခဲ့သည်။ ထိုလုပ်ရပ်များကြောင့် မြန်မာ့အရေးလေ့လာသူအချို့က မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုသည် ဦးသန်းရွှေ၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)အစိုးရနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်တိုးတက်လာသည်ဟု ရှုမြင်သုံးသပ်ခဲ့ကြသည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေးစီအဖွဲ့ချုပ် (NLD) ပါတီသည် ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရကာ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းစဉ်ဖြင့် အရပ်သားဦးဆောင်သည့် တိုင်းပြည်၏ ဒီမိုကရေစီ အပြောင်းအလဲကို တည်ဆောက်ရန်ကြိုးပမ်းခဲ့သည်။

အဆိုပါအစိုးရသက်တမ်းအတွင်း ပြည်သူ့ဒီမိုကရေစီတည်ဆောက်ရေး၏ အသက်သွေးကြော၊ အခြေခံအုတ်မြစ်များဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပါအဝင် အခြားသော အခြေခံလူ့ရပိုင်ခွင့်များ တိုးတက်ကောင်းမွန်လာရေးကို အာရုံစိုက်ကာ အာမခံချက်ပေးလိမ့်မည်ဟု အများစုက ထင်ကြေးပေးယုံကြည်ခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့အစိုးရအုပ်ချုပ်ခဲ့သည့် ၂၀၁၅-၂၀၁၉ ခုနှစ် လေးနှစ်တာကာလအတွင်း လွတ်လပ်ထုတ်ဖော်ပြောဆိုခွင့်ကို ဥပဒေအသုံးပြု၍ ချိုးဖောက်ခံရသည့်အမှုပေါင်း **(၅၃၉)** မှုရှိခဲ့ပြီး နစ်နာသူဦးရေ **(၁၀၅၁)** ဦးထက်မနည်းရှိခဲ့ကြောင်း အသံအဖွဲ့၏ *"အချိန်မီပြင်ဆင်ခွင့်" "အစိုးရသက်တမ်းလေးနှစ်အတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆန်းစစ်ခြင်း"* အစီရင်ခံစာတွင်

[54] ပြည်ထောင်စုကြံ့ခိုင်ရေးပါတီသည် ယခင်စစ်အစိုးရလက်အောက်တွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများကို ထိန်းချုပ်ရန်အတွက် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ နိုင်ငံရေးပါတီအဖြစ်သို့ ပြောင်လဲဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

တင်ပြခဲ့သည်။[55] အဆိုပါတရားစွဲဆိုမှုများတွင် နိုင်ငံရေးသဘောထားအမြင်များအား ထုတ်ဖော်ပြောဆိုခြင်း၊ သတင်းရေးသားတင်ဆက်ခြင်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်း၊ မြေယာနှင့်အလုပ်သမားအခွင့်အရေးများအား စုပေါင်းတောင်းဆိုခြင်း၊ စစ်တပ်၏ နိုင်ငံရေးတွင်ပါဝင်ခြင်းနှင့် လူ့ရပိုင်ခွင့်ချိုးဖောက်မှုများကို ထောက်ပြဝေဖန်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဝေဖန်ခြင်းစသည့် ထုတ်ဖော်မှုများကြောင့် အစိုးရနှင့် စစ်တပ်၊ ထောက်ပြဝေဖန်ခံရသူမှ တိုက်ရိုက်မဟုတ်သည့် ကိုယ်စားတရားစွဲဆိုမှုများဖြင့် လူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နည်းလမ်းပေါင်းစုံဖြင့် ချိုးဖောက်ခဲ့ကြသည်။[56]

ထို့အပြင် ၂၁ ဇွန်၊ ၂၀၁၉ ခုနှစ်တွင် ရခိုင်ပြည်နယ်မြို့နယ်အများစုနှင့် ချင်းပြည်နယ်ပလက်ဝမြို့နယ်များ၌ နိုင်ငံတကာလူ့ရပိုင်ခွင့်နှင့် ဒစ်ဂျစ်တယ်ရပိုင်ခွင့်များနှင့် ကိုက်ညီမှုမရှိသည့် ပြည်တွင်းတည်ဆဲဥပဒေ ဆက်သွယ်ရေးဥပဒေပုဒ်မ (၇၇) အရ တရားမဝင်လှုပ်ရှားမှုများပြုလုပ်နေခြင်းနှင့် အင်တာနက်အသုံးပြု၍ နိုင်ငံတော်လုံခြုံရေးကို ထိပါးနေသည်ဟု အကြောင်းပြကာ အင်တာနက်လိုင်းများ ဖြတ်တောက်ခြင်း၊ လိုင်းဆွဲအားများကို ကန့်သတ်ခြင်းများအပါအဝင်း ဆက်သွယ်ရေးလိုင်းများကို အသုံးပြုနိုင်ရန်အတွက် ပိတ်ပတ်ခြင်းသည် ဒစ်ဂျစ်တယ်အခွင့်အရေး၊ သတင်းအချက်အလက် ရယူဖတ်ရှုပိုင်ခွင့်စသည့် လူထု၏ လွတ်လပ်ခွင့်များကို အကြီးမားဆုံး ချိုးဖောက်ခဲ့သည်။ တဆက်တည်းတွင် သတင်းမီဒီယာ၊ လိင်အသားပေး၊ ကိုဗစ်–၁၉နှင့် ပတ်သက်သောဝက်ဘ်ဆိုက်များနှင့် အခြားသော ဝက်ဘ်ဆိုက်ပေါင်း (၄၀၀၀) ကျော်ကို နိုင်ငံတကာစံနှုန်းများနှင့် သွေဖယ်လျှက် ပိတ်သိမ်းခဲ့သည်။ အကျိုးဆက်မှာ ထိုအင်တာနက်ပိတ်ခံရသည့် ဒေသခံများသည် သတင်းအချက်အလက်ကောင်းမွန်စွာ စီးဆင်းမှုမရှိသည့်အတွက်ကြောင့် ကိုဗစ်–၁၉ ကပ်ရောဂါကာလများအတွင်း ကျန်းမာရေး၊ အခြေခံအဆင့် အွန်လိုင်းပညာသင်ကြားခွင့်၊ နှင့်အတူ လူမှုစီးပွားဘဝများစွာထိခိုက် ဆုံးရှုံးခဲ့ရသည်။

အင်တာနက်လွတ်လပ်ခွင့်ကို တကမ္ဘာလုံးတွင် အခြေခံလူ့ရပိုင်ခွင့်အဖြစ် လက်ခံကျင့်သုံးနေသည့်အချိန်တွင် အရပ်သား ဒီမိုကရေစီအမည်ခံ အစိုးရလက်အောက်တွင် ထိုအခွင့်အရေးကို ကန့်သတ်ဖိနှိပ်မှုများစွာဖြင့် ငြင်းပယ်ခံခဲ့ရသည်။[57] တချိန်တည်းမှာပင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ၂၀၀၈ ဖွဲ့စည်းပုံအောက်မှ တည်ဆဲဥပဒေများအသုံးပြု၍ ချိုးဖောက်ရာတွင် အသရေဖျက်မှုပုဒ်မများဖြစ်သည့် နိုင်ငံသားတိုင်း၏ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံရေးနှင့် ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ရေးဥပဒေ၊ ငြိမ်းစုစီဥပဒေ၊ ရာဇသတ်ကြီးဥပဒေတို့အပါအဝင် အခြားသောဥပဒေပုဒ်မများကို အသုံးချပြီး ဖမ်းဆီးထောင်ချခြင်းများကို

[55] အသံ (ဇူလိုင်၊ ၂၀၂၀) *"အချိန်မှီပြင်ဆင်ခွင့် အစိုးရသက်တမ်းလေးနှစ်အတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆန်းစစ်ခြင်း"* [အသံ — Athan (athanmyanmar.org)](athanmyanmar.org)

[56] အသံ (၉ စက်တင်ဘာ၊ ၂၀၁၉) *"၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ အစီရင်ခံစာ"* [အသံ — Athan (athanmyanmar.org)](athanmyanmar.org)

[57] အသံ (၂၀၂၀၊ ဒီဇင်ဘာ) "မြန်မာနိုင်ငံရှိ ပဋိပက္ခဖြစ်ပွားနေသော ဒေသများနှင့် ပဋိပက္ခမဖြစ်ပွားသော ဒေသများရှိ သတင်းအချက်အလက်ရပိုင်ခွင့်နှင့် ဒီဂျစ်တယ်အခွင့်အရေးတို့အပေါ် လေ့လာဆန်းစစ်ခြင်း"

အများဆုံးတွေ့ခဲ့ရသည်။[58] ဤအချက်အလက်များသည် ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ပေးလိုက်သည့် NLD ဦးဆောင်သည့် အရပ်သားအစိုးရလက်အောက်၌ပင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ခြင်း၊ ချိုးဖောက်ခြင်းများနှင့် ဖိနှိပ်အရေးယူခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သက်သေပြခြင်းပင်ဖြစ်သည်။

## ၇.၂။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ

နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေးကျဆင်းမှုနှင့် လူထုအထွေထွေအကျပ်အတည်းများကြားတွင် စစ်တပ်ဖိနှိပ်မှုယန္တရားများကြောင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် သိသိသာသာကျဆင်းသွားပြီးဖြစ်သည်။ တနိုင်ငံလုံးအတိုင်းအတာဖြင့် လက်နက်နှင့် အခွင့်အာဏာအားလုံးကို ချုပ်ကိုင်ကာ မြေပေါ်မြေအောက်လှုပ်ရှားမှုများကို ဖြေးဖြေးမှန်မှန် ချိုးဖောက်သင်းကွပ်လျှက်ရှိသည်။ နိုင်ငံရေးအရ ထုတ်ဖော်ပြောဆိုလာသည့် ပုံစံနှင့် အကြောင်းအရာများကိုလည်း အာဏာရှင်သန္ဓေအတိုင်း ရပ်တန့်ပစ်ရန် ယန္တရားများအခိုင်အမာတည်ဆောက်လျှက်ရှိသည်။ စစ်တပ်သည် အာဏာသိမ်းပြီး သုံးနှစ်ကျော်ကာလတလျှောက် ဒစ်ဂျစ်တယ်နည်းပညာများကို စနစ်တကျတည်ဆောက်ပြီး ထိထိရောက်ရောက်အသုံးချခြင်း၊ သန်းခေါင်စာရင်းနှင့် ဧည့်စာရင်းကောက်ယူခြင်းများမှ မြို့ပြလူထုအချက်အလက်များအား ထိန်းချုပ်ထားခြင်း၊ ဆက်သားပုံစံသတင်းပေးစနစ်ဖြင့် အရပ်ဝတ်သတင်းပေးများ နေရာအနှံ့အပြားတွင် ဖြန့်ကျက်လုပ်ဆောင်သည်။

ယင်းဖိနှိပ်ရေးယန္တရားများအား ဖော်ဆောင်ရာတွင် အကြမ်းဖက်စစ်တပ်သည် အင်တာနက်များနှင့် ဆက်သွယ်ရေးချန်နယ်များအား တင်းတင်းကျပ်ကျပ်ထိန်းချုပ်ကန့်သတ်ခြင်းဖြင့် ၎င်းတို့၏ လုပ်ရပ်များကို မှတ်တမ်းတင်ထုတ်ပြန်နိုင်ခြင်း မရှိစေရန်နှင့် တော်လှန်လူထုအကြား စုစည်းမှု အားကောင်းလာခြင်း မရှိစေရန်အတွက် ဟန့်တားနှောင့်ယှက်ခဲ့သည်။ ထိုအချိန်မှစ၍ လူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်သည့် အခွင့်အလမ်းအားလုံးကို လုံးဝသင်းသတ်ဖိနှိပ်မှုများကို နည်းလမ်းအမျိုးမျိုးဖြင့် တဆင့်ပြီးတဆင့် ထိန်းချုပ်ကန့်သတ်ရန် အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်နေသည်မှာ သုံးနှစ်ကျော်သည့်တိုင်အောင်ဖြစ်သည်။

ပြည်သူ့ထံမှ နိုင်ငံတော်အာဏာကို မတရားအင်အားသုံးလုယူရန် စတင်ကြိုးပမ်းသည့် ၂၀၂၁ ခုနှစ်မှစ၍ အကြမ်းဖက်စစ်တပ်သည် ဒီဂျစ်တယ်အဝန်းအဝိုင်းကို ပြည့်ပြည့်ဝဝထိန်းချုပ်နိုင်ရန်အတွက် တဆင့်ပြီးတဆင့် စနစ်တကျ ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ကိုတွေ့ရှိရသည်။ ထိုကဲ့သို့ လုပ်ဆောင်နိုင်ရန်အတွက် ဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးလိုင်းများကို ဖြတ်တောက်ရန်၊ ပိတ်ပင်ရန် ညွှန်ကြားခြင်း၊ နိုင်ငံအတွင်းရှိ မိုဘိုင်းနှင့် အင်တာနက်ဆက်သွယ်ရေးရေးကုမ္ပဏီများဖြစ်သည့် တယ်လီနော (telenor)၊ အူရီဒူး (ooredoo) ကဲ့သို့သော နိုင်ငံတကာကုမ္ပဏီကြီးများကို အကြမ်းဖက်စစ်တပ်မှ တိုက်ရိုက်ထိန်းချုပ်၍ ရနိုင်မည့် အကြမ်းဖက်စစ်တပ်လက်အောက်ခံ (သို့မဟုတ်) အကျိုးတူကုမ္ပဏီများက လွှဲပြောင်းရယူခြင်း၊

[58] အသံ (၂၇ ဖေဖော်ဝါရီ၊ ၂၀၂၀) “၂၀၁၉ ခုနှစ် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ” athanmyanmar.org/wp-content/uploads/2023/09/2019FOEreport.pdf

အွန်လိုင်းဘဏ်စနစ်ကို ငွေလွှဲစာရင်းများကို အနီးကပ်စောင့်ကြည့်ထိန်းချုပ်ခြင်းများအပြင် လူထု၏ ကိုယ်ရေးအချက်အလက်များကို ထိန်းချုပ်နိုင်ရန်အတွက် အွန်းလိုင်းမှတ်ပုံတင်စနစ်များကို အားစိုက်လုပ်ဆောင်ခြင်းများပါဝင်သည်။

စစ်တပ်သည် လော်ဘီတယ်လီဂရမ်ချန်နယ်များ (ဟန်ငြိမ်းဦး၊ ဘညွန့်၊ သဇင်ဦးကဲ့သို့သော အင်တာနက်လူမှု စာမျက်နှာများ) ထောင်ပြီး ယင်းထုတ်ဖော်ပြောဆိုမှုများကို digital footages (ဒစ်ဂျစ်တယ်သက်သေများ) ကနေတဆင့် စောင့်ကြည့်နောက်ယောင်ခံလိုက်ကာ ဖမ်းဆီးခြင်း၊ တရားစွဲဆိုထောင်ချခြင်းနှင့် နိုင်ငံရေးနှင့် လူ့ရပိုင်ခွင့်တက်ကြွလှုပ်ရှားသူများကို အရပ်ဝတ်များဖြင့် စောင့်ကြည့်နေခြင်းများ ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။ ထိုကဲ့သို့ တင်းကြပ်လွန်းလှသည့် ဖိနှိပ်ကန့်သတ်မှုများရှိနေသည့်တိုင် ပြည်သူလူထုသည် စစ်အပ်စု၏ ထိန်းချုပ်မှုအောက် ငြိမ်ဝပ်သွားခြင်းမရှိသည့်အပြင် အကြမ်းဖက်စစ်တပ်၏ အကြမ်းဖက်လုပ်ရပ်များ၊ မတရားမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ဝေဖန် ဖော်ထုတ်ရေးသားလျက်ရှိသည်ကို မြင်တွေ့ရသည်။ အဓိကအားဖြင့် တဦးတယောက်ချင်းစီမှ မီဒီယာပလက်ဖောင်းများပေါ်တွင် ပြောဆိုရေးသားနေသည့် နိုင်ငံရေးဝေဖန်မှု၊ စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများကို ဝေဖန်ခြင်း၊ နိုင်ငံရေးနှင့်ဆိုင်သည့် အကြောင်းအရာများကို တုံ့ပြန်မျှဝေခြင်းနှင့် မှတ်ချက်ပြုခြင်းများ၊ ကုန်ဈေးနှုန်းနှင့် စစ်တပ်၏ လူထုဝန်ဆောင်မှုယန္တရားများနှင့် ပတ်သက်၍ မကျေနပ်ချက်များကို ထုတ်ဖော်ပြောဆိုသည့် အကြောင်းအရာများကို အများဆုံးတွေ့ရသည်။

## ၇.၃။ ထင်ရှားသောအမှုများ/ထူးခြားသောအမှုများ

### ၇.၃ (က)။ စစ်အုပ်စုကို သရော်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဟောင်း ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံရ

ဦးသိန်းစိန်လက်ထက် ပြောရေးဆိုခွင့်ရှိအရာရှိနှင့် ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်သည် စစ်တပ်ကိုဝေဖန်သရော်ခဲ့သဖြင့် ရန်ကုန်တိုင်း၊ အလုံမြို့နယ် အမှတ်(၁၁) ရပ်ကွက်နေအိမ်၌ ဖမ်းဆီးခံခဲ့ရသည်။ ၎င်းသည် စစ်တပ်၏ စီမံခန့်ခွဲမှုအလွဲများကို ‌တောက်လျှောက်ဝေဖန်ရေးပေးနေခဲ့သူဖြစ်ပြီး ယခုတကြိမ်တွင် စစ်တပ်ဝါဒဖြန့်တယ်လီဂရမ်ဟန်ငြိမ်းဦးမှ ဖမ်းဆီးရန်လှုံ့ဆော်ခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံရပြီးနောက် အလုံမြို့နယ်ရဲစခန်းတွင် မဟုတ်မမှန်သတင်းရေးသားဖြန့်ဝေသည်ဟုဆိုကာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅–က ဖြင့် အမှုဖွင့်ထားခဲ့သည်။ ထို့နောက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄(ဃ) ဖြင့် ထပ်တိုးအမှုဖွင့်ခဲ့ပြီး ပထမ ၅၀၅–က အမှုအတွက် ထောင်ဒဏ်သုံးနှစ် နှင့် ၁၂၄(ဃ) အတွက် ထောင်ဒဏ် ခုနစ်နှစ် စုစုပေါင်း ၁၀ နှစ်ကို အလုံခရိုင်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၂၄(ဃ) တွင် "တပ်မတော်သားများ (သို့မဟုတ်) အစိုးရအမှုထမ်းများကို ဟန့်တားခြင်း (သို့မဟုတ်) နှောက်ယှက်ခြင်းဖြစ်ပြီး ပုဒ်မ ၅၀၅–က သည် ပြည်ထောင်စုအစိုးရ၏ ကြည်း၊ ရေ၊ လေ စသည့် တပ်တခုခုမှ အရာရှိအား (သို့မဟုတ်) စစ်သည်အား စစ်ပုန်ကန်ခြင်းကိုသော်လည်းကောင်း၊ သက်ဆိုင်ရာတာဝန်ဝတ္တတရားကို

မလေးစားခြင်းသော်လည်းကောင်း၊ ပျက်ကွက်ခြင်းသော်လည်းကောင်း၊ ပြုစေရန် အကြံရှိလျှင် (သို့မဟုတ်) ထိုသို့ပြုလုပ်စေသည့် အကြောင်းရှိပါက သုံးနှစ်ထက်မလျော့သည့် ထောင်ဒဏ်နှင့် ၁၀ နှစ်ထက်မပိုသည့် ထောင်ဒဏ်နှင့် ငွေဒဏ်တို့ကို ကျခံစေရမည်" ဟု ပြဋ္ဌာန်းထားသည်။

## ၇.၃ (ခ)။ သီတဂူဆရာတော်အား ဝေဖန်သည့်ပြည်သူများအား ဖမ်းဆီးအရေးယူရန် ရန်လှုံ့ဆော်ခြင်း

ဇွန်လ (၁၉) ရက်နေ့၊ ၂၀၂၄ ခုနှစ်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာရွာနှင့် ပန်းချီကမ္မရွာကြားတွင် ဝင်းနိမ္မတာရုံဆရာတော်နှင့် ကံသုံးဆင့်ဆရာတော်တို့ စီးနင်းလိုက်ပါလာသည့် ကားသည် စစ်တပ်၏ ပစ်ခတ်ခြင်းခံခဲ့ရသည်။ ကားဆရာနှင့် ကံသုံးဆင့်ဆရာတော်တို့ ကျည်ထိမှန်ဒဏ်ရာရခဲ့ကြပြီး ဝင်းနိမ္မတာရုံဆရာတော်သည် ပျံလွန်တော်မူသွားခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ သီတဂူဆရာတော်သည် *"သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေ့ပျောက်ခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်တော်မူကြပါ"* ဟု ဝင်းနိမ္မတာရုံကျောင်းတိုက်ရှိ သံဃာတော်များအား စည်းရုံးဟောကြားခဲ့သည်။ ၎င်း၏ ပြောကြားမှုသည် ဆိုရှယ်မီဒီယာပေါ်တွင် ပျံ့နှံ့သွားခဲ့ပြီး ဗဟန်းသိရိမြို့နယ်၊ နေပြည်တော်မှ "အမေရွာပြန်ချင်တယ်" Facebook Account ပိုင်ရှင်မှ *"ဂူဂူရေ ကိုယ့်အလှည့်ကျမှ နောင်တမရပါစေနဲ့၊ ဘုန်းကြီးဖြစ်နေပြီး အမှားအမှန် မခွဲခြားတတ်၊ ငွေမျက်နှာပဲ ကြည့်ပြီး ဒကာဆရာဖြစ်နေတဲ့ ငပုလက်ကိုင်တုတ် ဖြစ်နေပြီ"* ဟု ရေးသားခဲ့ခြင်းကြောင့် ဟန်ငြိမ်းဦးမှ ဖမ်းဆီးရန် လှုံ့ဆော်ခဲ့ပြီး စစ်တပ်လက်ပါးစေများမှ လာရောက်စစ်ဆေးခဲ့သည်။ ထိုအကောင့်ပိုင်ရှင်သည် [ကျော်ဇေယျာထွန်း]ဆိုသူဖြစ်ကြောင်း ပြည်သူအချို့၏ အွန်လိုင်းတွင် တိမ်းရှောင်ရန် တိုက်တွန်းမှုနှင့် စစ်တပ်လော်ဘီပေ့ချ်များ၏ အွန်လိုင်းပို့စ်များအရသိရသည်။ ကျော်ဇေယျာထွန်းကို ဇေယျာသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက် ည (၁၀)နာရီ (၁၀)မိနစ်တွင် သက်ဆိုင်ရာ ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်အရေးယူထားသည်။

ထို့အပြင် ဇွန်လ (၂၃) ရက်နေ့ နေ့လည်ပိုင်းတွင် မန္တလေးမြို့၊ ချမ်းမြေ့သာစည်မြို့နယ်၊ (၄၅)လမ်း (၈၂)လမ်း (၈၃)လမ်းကြား မဟာမုနိဘုရားကြီးအနီးရှိ မန်းရွှေခေတ် နိဗ္ဗာန်ကုန်ဆိုင်မှ [မင်းရွှေခေတ်] ဟု ခေါ်သည့် အမျိုးသားသည် ၎င်း၏ ဖေ့ဘုတ်အကောင့်ဖြင့် သတင်းဌာနတစ်ခုအောက်တွင် "*ငယ်ငယ်ကတည်းက ငွေမက်လို့ မကြိုက်ခဲ့တဲ့ ဘုန်းဘုန်း*" ဟု မှတ်ချက်ရေးသားခဲ့သည်။ ထိုရေးသားမှုသည် သီတဂူဆရာတော်ကို ရည်ရွယ်ချက်ရှိရှိ စော်ကားသည့် နိဗ္ဗာန်ကုန်ရောင်းသူ ဟု စစ်ကောင်စီကို ထောက်ခံသည့် တယ်လီဂရမ်စာမျက်နှာများ၏ ဖမ်းဆီးရန်လှုံ့ဆော်မှုများကြောင့် နာရီပိုင်းအကြာတွင် ၎င်းအမျိုးသားကို သွားရောက်ဖမ်းဆီးခဲ့သော်လည်း ဆိုင်တွင်မရှိသဖြင့် ဆိုင်ကိုသာ ချိတ်ပိတ်သွားခဲ့သည်ဟု သိရသည်။

## ၇.၃ (ဂ)။ ရုပ်ရှင်ဝေဖန်သောကြောင့် ၅၀၅-က ဖြင့် အမှုဖွင့်ခံရခြင်း

ဒါရိုက်တာ ကိုဇော် (အရဏ်ဦး) ရိုက်ကူးထားသော "ဂျစ်ကားစီးဖူးသလား ဂျာကစ် စာဘူးသရီး" ရုပ်ရှင်ဇာတ်ကားသည် မကြာမီ ကျရောက်တော့မည့် ရိုးရာယဉ်ကျေးမှု ဒီပဝလီ (Davpavali)ပွဲတော်နှင့် အချိန်ကိုက် နိဝင်ဘာလတွင် ရုံတင်ရန် ပြန်နှံ့လာသော ရုပ်ရှင်ပိုစတာနှင့် ရုပ်ရှင်ခေါင်းစဉ်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်နှင့် ပတ်သက်၍ ရှိုင်းထက်အောင်မှ "အိန္ဒိယရိုးရာဝတ်စုံနှင့် ယဉ်ကျေးမှုကို ချိုးနှိမ်၍ ဟာသလုပ်ထားသည့် အတွက်ကြောင့် ကန့်ကွက်သည်" ဟု ၎င်း၏ လူမှုစာမျက်နှာပေါ်တွင် ဝေဖန်ခဲ့ပြီး အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ ငါးရက်တာပျောက်ဆုံးနေခဲ့သည်။ မိသားစုမှ ၎င်းဖမ်းဆီးခံရသည်ကို မသိရှိဘဲ လှိုင်နှင့်မရမ်းကုန်းမြို့နယ်တို့တွင် လူပျောက်တိုင်ကြားခဲ့ကြသေးသည်။ ရှိုင်းထက်အောင်အား ရဲစခန်းမှ ဖမ်းဆီးထိန်းသိမ်းခြင်းမဟုတ်ဘဲ စစ်တပ်မှ ဖမ်းဆီးခဲ့ပြီး ရွှေပြည်သာစစ်ကြောရေးသို့ အပို့ခံခဲ့ရပြီး လှိုင်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်ခဲ့ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအား ပျက်ပြားစေရန် ဝါဒဖြန့်သည် ဟူသည့်ခေါင်းစဉ်တပ်ကာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် ကနဦးအမှုဖွင့်ထားကြောင့် DVB သတင်းက ဖော်ပြသည်။

## ၇.၃ (ဃ)။ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နိုင်ငံရေးသမားနှင့် လူမှုရေးတက်ကြွလှုပ်ရှားသူ ဖမ်းဆီးခံရမှု

ဧပြီလ ၁၄ရက် ၂၀၂၄ခုနှစ်တွင် စစ်အုပ်စုသည် လူမှုရေးတက်ကြွလှုပ်ရှားသူနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စောင့်ကြည့်လေ့လာသူ ဦးထွန်းလွင်အား ကျောက်ဖြူမြို့၊ စေတီတောင်ရပ်ကွက်၊ ဓမ္မသုခလမ်းက ၎င်း၏ နေအိမ်၌ လာရောက်ဖမ်းဆီးခဲ့သည်။ ဦးထွန်းလွင်အား ကျောက်ဖြူမြို့ပေါ်ရှိ ခလရ (၃၄) တပ်ရင်းတွင် ဖမ်းဆီးထိန်းသိမ်းထားသည့် အကြောင်းကို မိသားစုဝင်များမှတဆင့် သိရှိခဲ့ရခြင်းဖြစ်သည်။ လက်ရှိတွင် ဦးထွန်းလွင်အား မည်သည့်ဥပဒေပုဒ်မဖြင့် ဖမ်းဆီးချုပ်နှောင်ထားသည်ကိုလည်း မသိရဘဲ မိသားစုဝင်များနှင့်လည်း အဆက်အသွယ်ဖြတ်တောက်ထားသည်။ ဦးထွန်းလွင်သည် ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ALD) တွင် တာဝန်ထမ်းဆောင်ဖူးပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန် စောင့်ကြည့်လေ့လာသူနှင့် လူမှုရေးတက်ကြွလှုပ်ရှားသူအဖြစ် လူသိများသည်။ ၎င်းသည် လက်ရှိနိုင်ငံရေးဖြစ်စဉ်၊ ကုန်ဈေးနှုန်းတက်ခြင်း၊ နိစ္စဓူဝ အကျပ်အတည်းများနှင့် စစ်တပ်၏ အုပ်ချုပ်ရေးယန္တရားနှင့် လုပ်ဟန်အပေါ် ဖေ့စ်ဘွတ်တွင် ထောက်ပြသရော်သည့်အတွက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

## ၇.၃ (င)။ စစ်တပ်ကိုဝေဖန်သဖြင့် အသက်မပြည့်သူကလေးသူငယ်များအား ဖမ်းဆီးထိန်းသိမ်းအမိန့်ချခြင်း

အကြမ်းဖက်စစ်တပ်သည် ၎င်းတို့၏ မတရားအာဏာသိမ်းမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပြည်သူလူထုအား အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများကို ပြောဆိုဝေဖန်ကြသည့် သာမာန်အရပ်သားပြည်သူများကိုသာမက အသက် (၁၈) ရှစ် မပြည့်သေးသည့် ကလေးသူငယ်များအားလည်း မတရားဖမ်းဆီးအရေးယူများများ စနစ်တကျပြုလုပ်လျှက်ရှိသည်ကို တွေ့ရသည်။၂၀၂၃ ခုနှစ် စက်တင်ဘာလ (၂၂) ရက်နေ့ နှင့် အောက်တိုဘာလ (၂၃) ရက်နေ့ တို့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည့် အသက်မပြည့်သေးသည့် ကလေး လေးဦးရှိခဲ့သည်။ ၎င်းတို့ထဲမှာ တဦးမှာ မွန်ပြည်နယ်၊ သထုံမြို့ရှိ ဘင်လိုင်ရက်ကွက်တွင် နေထိုင်သော သန်းသန်းအေး (ခေါ်) အေးချမ်းမေ ဖြစ်သည်။ အေးချမ်းမေသည် သူမ၏ Facebook လူမှုစာမျက်နှာပေါ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် သက်ဆိုင်သည့် အကြောင်းအရာတခုကို ပြန်လည်မျှဝေမိခဲ့သဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် သထုံမြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းချုပ်နှောင်ခြင်းခံခဲ့ရသည်။ အောက်တိုဘာ (၂၃)ရက်နေ့တွင်လည်း စိုင်းသီဟထွန်း၊ ပြည့်ဖြိုးအောင်နှင့် ဇင်ညီညီထွန်းတို့ သုံးဦးကို မုံရွာမြို့အထူးတရားရုံးမှ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် စစ်တပ်ကို ဝေဖန်ရေးသားခြင်းနှင့် အာဏာရှင်ဆန့်ကျင်ရေးဆန္ဒပြပွဲတွင် ပါဝင်ခဲ့သောကြောင့် ကလေးသူငယ်ပုဒ်မ ၈၉(င)နှင့် မန္တလေးလူငယ်သင်တန်းကျောင်း၌ အသက်ပြည့်သည်အထိ ထိန်းသိမ်းထားရန် အမိန့်ချမှတ်ခဲ့သည်။

## ၇.၄။ ညီနောင်မဟာမိတ်သုံးဖွဲ့၏ အီလက်ထရွန်းနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအား ကိုးကားတုန့်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့စွဲဖြင့် MNTJP/MNDAA၊ PSLF/TNLA၊ AA/ULA မြောက်ပိုင်းမဟာမိတ်ညီနောင်သုံးဖွဲ့သည် "နိုင်ငံတော်မှခွဲထွက်ခြင်း" ဆိုသည့် သတင်းတု၊ သတင်းမှားအား ထုတ်ပြန်ချက်တစောင်ဖြင့် တုန့်ပြန်ခဲ့သည်။ ၎င်းထုတ်ပြန်ချက်တွင် နာမည်ဆိုးနှင့်ကျော်ကြားခဲ့သည့် အီလက်ထရွန်းနစ်ဆက်သွယ်ဆောင်ရွက်ရေးအက်ဥပဒေအား ကိုးကားညွှန်းဆိုကာ ဆက်သွယ်ရေးကွန်ရက်မှတဆင့် IP address များကို အခြေခံကာ သတင်းမှားဖန်တီးဖြန့်ကျက်သူများကို ပြင်းပြင်းထန်ထန်ဖော်ထုတ်အရေးယူမည်ဟု ရေးထားသည်။ အဆိုပါ ထုတ်ပြန်ချက်နှင့် စပ်လျဉ်း၍ *"သတင်းမှားပြန့်ပွားလျှင် လုပ်ရမည့်၊ လုပ်ဆောင်သင့်သည့် အရာမှာ သတင်းမှန်ကို လူထုသိရှိလက်ခံနိုင်သည့် ပလက်ဖောင်းဖြင့် အချိန်နှင့်တပြေးညီ ထုတ်ပြန်သင့်ပြီး IP address ဖြင့် ခြေရာခံလိုက်လို့ရသည်ဆိုသည်မှာ သာမန်လူထုအား ခြိမ်းခြောက်ပြောဆိုချက်ဖြစ်သည်"* ဟု Access Now ၏ အာရှပစိဖိတ်မူဝါဒရေးရာလေ့လာသုံးသပ်သူ မဝေဖြိုးမြင့်မှ ဝေဖန်အကြံပြုသည်။ ဤထုတ်ပြန်ချက်၏ အကြီးမားဆုံးသော စိုးရိမ်ချက်မှာ (the most significant concern/risk) နာမည်ဆိုးဖြင့် ကျော်ကြားသည့်

အီလက်ထရွန်းနစ်အက်ဥပဒေအား ကိုးကားခြိမ်းခြောက်ခြင်းပင်ဖြစ်သည်။ အာဏာချုပ်ကိုင်သူ အစိုးရအာဏာရှင်အဆက်ဆက် ယင်းဥပဒေဖြင့် တရားစွဲဆိုထောင်ချခံခဲ့ရသည့် သာဓကအမှုများစွာရှိခဲ့သည်။ သတင်းတု၊ သတင်းမှားပြန့်နှံ့ခြင်းသည် လူထုအတွက် ကောင်းမွန်သည်အရာမဟုတ်သော်လည်း သတင်းတု၊ အမုန်းစကား၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့သည် အလွှာပါးပါးသာခြားသည့် အရာများဖြစ်ပြီး မည်သူမည်ဝါ၊ မည်ကဲ့သို့အကြောင်းအရာနှင့် ၎င်းအကြောင်းအရာသည် မည်မျှထိ သက်ရောက်မှုရှိသည်ကို တိုင်းတာပြီးမှသာ တုန့်ပြန်မှုအဆင့်ဆင့်ကို ပြုလုပ်သင့်သည်။ ထုတ်ပြန်ချက်ပါ အရေးအသားအသုံးအနှုန်းများအား ပြန်ဆန်းစစ်ကြည့်ရာတွင် အင်မတန်ရန်လိုသည့်ပုံစံမျိုးကို မြင်ရပြီး နောက်နောင် အစိုးရနေရာတွင် အာဏာကျင့်သုံးမည့်သူများ၏ နိုင်ငံရေးအရ ရင့်ကျက်မှု၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် တွင် သဘောထားကြီးနိုင်မှုမှာ မေးခွန်းထုတ်စရာဖြစ်နေသည်။

# ၈။ နိဂုံး

## ၈.၁။ အစီရင်ခံစာ၏ ဆွေးနွေးချက်များ

အကြမ်းဖက်စစ်တပ်မှ မတရားအာဏာသိမ်းရန် စတင်ကြိုးပမ်းသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ယနေ့အချိန်ကာလအထိ ဆက်လက်အကောင်အထည်ဖော် လှုပ်ရှားလျက်ရှိသော စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဒေသအသီးသီးရှိ အကြမ်းမဖက် လူထုတော်လှန်ရေးသပိတ်များ၊ ဆန္ဒပြပွဲများ၊ နိုင်ငံရေးကမ်ပိန်းများနှင့် အကြမ်းမဖက်အာဏာဖီဆန်လှုပ်ရှားမှု(စီဒီအမ်)များတွင် အဓိကအားဖြင့် နိုင်ငံရေးရည်မှန်းချက် (၃) ချက်ရှိသည်ကို တွေ့ရှိရသည်။ ၎င်းတို့မှာ (၁) ရွေးကောက်ခံအရပ်သားအစိုးရထံမှ နိုင်ငံတော်အာဏာကို မတရားအင်အားသုံး လုယူသိမ်းပိုက် အုပ်ချုပ်လျက်ရှိသည့် အကြမ်းဖက်စစ်တပ်၏ တရားဝင်မှုကို မည်သည့်နည်းနှင့်မျှ မရရှိစေရန်အတွက် ဆက်လက်ဆန့်ကျင် ဆန္ဒပြခြင်း၊ (၂) အကြမ်းဖက်စစ်တပ်ကို ဆန့်ကျင်လှုပ်ရှားလျက်ရှိသည့် တော်လှန်ရေးအင်အားစုများ၏ လုပ်ဆောင်ချက်များကို အားပေးထောက်ခံခြင်း နှင့် (၃) တော်လှန်ရေးကာလနှင့် အလွန်ကာလများတွင် ပြန်လည်တည်ဆောက်မည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ဒီမိုကရေစီစံချိန်စံနှုန်းများကို ပြည့်ပြည့်ဝဝ ရရှိခံစားပိုင်ခွင့်ရှိရန် တို့ ဖြစ်သည်။

အကြမ်းဖက်စစ်တပ်၏ တရားဝင်မှုကို ဆန့်ကျင်လှုပ်ရှားမှုများဟုဆိုရာ၌ ပြည်တွင်းအဆင့်၌သာမက၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်အထိ ပါဝင်သည်။ မြန်မာပြည်သူလူထုသည် အရပ်သားအစိုးရထံမှ မတရားအာဏာလုယူခဲ့သည့် အကြမ်းဖက်စစ်တပ်က ၎င်းတို့အား ကိုယ်စားပြုမှု မရှိသည့်အကြောင်းနှင့် ထိုသို့အာဏာလုယူမှုကို မည်သည့်နည်းနှင့်မျှ လက်မခံသည့်အကြောင်းကို အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်ကန့်သတ်မှုများအကြားမှ ယနေ့အချိန်ထိ ဆက်လက်ဆန္ဒဖော်ထုတ်လျက်ရှိကြသည်။ ထိုကဲ့သို့ လှုပ်ဆောင်ရာတွင် အာဏာသိမ်းလိုက်သည့်အချိန်မှာစ၍ ဆက်တိုက်ထုတ်ပြန်ခဲ့သည့် အမိန့်စာတမ်းများကို အရေးမစိုက်ခြင်း၊ လက်မခံခြင်းနှင့် အကြမ်းဖက်စစ်တပ်၏ ထောက်တိုင် အရာရှိ၊ အရာခံများနှင့် မပူးပေါင်းခြင်းများပါဝင်သည်။

သဘောအားဖြင့်မူ အကြမ်းဖက်စစ်တပ်မှ အသက်သွင်းပြဌာန်းလိုက်သည့် မတရား စစ်မှုထမ်းဥပဒေကို ကန့်ကွက်ခြင်း၊ ပါဝင်စစ်မှုထမ်းရန်အတွက် ငြင်းဆန်ခြင်းများဖြစ်သည်။ ထို့အပြင် ဆိုးရွားလွန်းလှသည့် အကြမ်းဖက်စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပြည်သူလူထု၏ ပစ္စည်းဥစ္စာအိုးအိမ်များကို ဖောက်ထွင်းခိုးယူခြင်းများနှင့် ဖျက်ဆီးမီးတိုက်ခြင်းများ၊ ပြည်သူလူထုကို ရန်သူသဖွယ် သဘောထား၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းများနှင့် အခြားလူမဆန်သည့် လုပ်ရပ်များအတွက် သက်ဆိုင်သည့် အဖွဲ့အစည်းများမှ အမြန်ဆုံးအရေးယူပေးရန် ဆက်လက်ဆန္ဒထုတ်ဖော် တောင်းဆိုလျက်ရှိသည်။ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တွင်လည်း အကြမ်းဖက်စစ်တပ်၏ တရားဝင်မှုကို သဘောသက်ရောက်စေမည့်

ဒေသတွင်းအစိုးရများနှင့် နိုင်ငံတကာအစိုးရများ၏ အစည်းအဝေးပွဲဖိတ်ကြားခြင်းများ၊ ကိုယ်စားလှယ်စေလွှတ်တွေ့ဆုံစေခြင်းများနှင့် အခြားသောလုပ်ရပ်များကို ပြည်သူလူထုက ယနေ့အချိန်ထိ ဆက်လက်ဆန့်ကျင် ဆန္ဒပြလှုပ်ရှားမှုများစွာ အကောင်အထည်ဖော်လျက်ရှိသည်။

ထို့ကြောင့်လည်း အကြမ်းဖက်စစ်တပ်သည် ၎င်းတို့အား ဆန့်ကျင်တော်လှန်လျက်ရှိသည့် တော်လှန်ရေးအင်းအားစုများနှင့် ပြည်သူလူထုအကြား ထိတွေ့ဆက်ဆံပြောဆိုနိုင်သည့် ဆက်သွယ်ရေးနည်းလမ်းများနှင့် စည်းရုံးရေးနည်းလမ်းများအားလုံးကို ပြတ်တောက်သွားစေရန်အတွက် အာဏာသိမ်းရန်စတင်ကြိုးပမ်းသည့်အချိန်မှာစ၍ အစဉ်တစိုက် စနစ်တကျ လုပ်ဆောင်လာခဲ့သည်။ ထိုကဲ့သို့ လုပ်ဆောင်မှုများထဲတွင် အင်တာနက်နှင့် ဆက်သွယ်ရေးနည်းလမ်းများအားလုံး ၎င်းတို့လက်အောက်သို့ အလုံးစုံထိန်းချုပ်ခွင့်ရရှိနိုင်ရေးအတွက်ကိုလည်း စနစ်တကျအကောင်အထည်ဖော်ဆောင်ခဲ့သည်ကို တွေ့ရပြီး အင်တာနက်ဖြတ်တောက်ခြင်းကို ၎င်းတို့၏ နိုင်ငံရေး၊စစ်ရေးနည်းဗျူဟာ တရပ်အနေဖြင့် အသုံးချနေသည်ကို တွေ့ရသည်။

ထို့အပြင် အကြမ်းဖက်စစ်တပ်သည် ၎င်းတို့ကျူးလွန်လျက်ရှိသည့် စစ်ရာဇဝတ်မှုများ၊ ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများကို သတင်းမီဒီယာအဖွဲ့အစည်းများ၊ သတင်းထောက်များ၏ စုံစမ်းဖော်ထုတ်ရေးသားခြင်းမှ ကာကွယ်နိုင်ရန်အတွက် သတင်းအချက်အလက်စီးဆင်းမှုနှင့် သတင်းစာလွတ်လပ်ခွင့်ကို ဦးတည်တိုက်ခိုက်ခြင်း၊ လုပ်ငန်းလိုင်စင်များကို ပိတ်သိမ်းခြင်းများနှင့် ဖမ်းဆီးအရေးယူခြင်းများကို ယနေ့အချိန်ထိ အစဉ်တစိုက် လုပ်ဆောင်လျက်ရှိသည်ကိုတွေ့ရသည်။ အာဏာသိမ်းပြီးသည့်အချိန်မှစ၍ လေးနှစ်အတွင်းတွင် သတင်းသမားများနှင့် သတင်းရပ်ဝန်းတွင် လုပ်ကိုင်လျက်ရှိသည် အနည်းဆုံး ၂၁၅ ဦး ဖမ်းဆီးထိန်းသိမ်း အရေးယူခြင်းခံခဲ့ရသည်။ ကောက်ယူရရှိထားသော အချက်အလက်များအရ အကြမ်းဖက်စစ်တပ်၏ ရက်စက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသူ သတင်းသမားဦးရေ (၁၁) အထိရှိခဲ့ပြီး ၂၀၂၄ ခုနှစ်သည် သတင်းသမားသေဆုံးမှုဦးရေ (၅) ဦး အထိ ရှိခဲ့ပြီး သတင်းသမားများ၏ လုံခြုံရေးနှင့် အသက်အန္တရာယ်ခြိမ်းခြောက်မှု အဆိုးရွားဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

တချိန်တည်းမှာပင် ၂၀၂၄ ခုနှစ်အတွင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သာမက လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်တို့နှင့်စပ်လျဉ်း၍ လူထုအကြား ဝေဖန်ပြောဆိုဖွယ်ဖြစ်ခဲ့သည့် တော်လှန်ရေးအင်းအားစုများ၏ လုပ်ရပ်အချို့လည်းရှိခဲ့သည်။ ထိုအထဲတွင် အညာဒေသများရှိ အမျိုးသားညီညွတ်ရေးအစိုးရ လက်အောက်ရှိ ပသုံးလုံးဟုခေါ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ)၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) နှင့်၊ ပြည်သူ့လုံခြုံရေးအဖွဲ့ (ပလဖ) တို့၏ လုပ်ရပ်များအား ပြန်လည်ထိန်းကျောင်းပြုပြင်ရန် တောင်းဆိုဆန္ဒထုတ်ဖော်ခဲ့သည့် လှုပ်ရှားမှုများလည်းရှိခဲ့သည် (ဘီဘီစီမြန်မာ၊

၂၀၂၄၊ စက်တင်ဘာ ၂၆)[59]။ ထို့အပြင် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ခဲ့သည့် မီဒီယာကျင့်ဝတ်ဆိုင်ရာညွှန်ကြားချက် နှင့် ကရင်အမျိုးသားအစည်းအရုံးမှ ထုတ်ပြန်ခဲ့သည့် သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ ပေါ်လစီမူဝါဒများနှင့်ကျင့်ဝတ်စည်းကမ်းများ ကြေငြာချက်များကြောင့် လွတ်လပ်သောသတင်းမီဒီယာအဖွဲ့အစည်းများနှင့် သတင်းသမားများအကြား သတင်းစာလွတ်လပ်ခွင့်နှင့် သတင်းစီးဆင်းမှုများ နှေးကွေးသွားနိုင်သည့်အတွက် စိုးရိမ်ပူပန်မှုများ ရှိခဲ့သည်ကိုတွေ့ရသည်။ (အသံ၊ ၂၀၂၄၊ ဧပြီ – ဇူလိုင်၊ စာ ၁၀-၁၂)[60] ဤသို့သော ထုတ်ပြန်ချက်များသည် စစ်ရေးကာလအတွင်း လုံခြုံရေးအကြောင်းပြချက်များကြောင့်ဟုဆိုသော်လည်း ဒီမိုကရေစီစံတန်ဖိုးများဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းစာလွတ်လပ်ခွင့် အပေါ်ထားရှိသည့် တော်လှန်ရေးအင်အားစုများ၏ သဘောထားများကို မေးခွန်းထုတ်ဖွယ်ရာ ဖြစ်စေသည်။ အထူးသဖြင့် အမျိုးသားညီညွတ်ရေးလက်အောက်ရှိ ပသုံးလုံးအဖွဲ့ဝင်များ၏ လုပ်ရပ်များနှင့် လူထုအပေါ် ပြောဆိုဆက်ဆံမှုများသည် ပြန်လည်စစ်ဆေးသုံးသပ်ရန် လိုအပ်လျက်ရှိနေဆဲဖြစ်သည်။

## ၈.၂။ ထည့်သွင်းစဉ်းစားအကောင်အထည်ဖော်ရန် အကြံပြုချက်များ

### အမျိုးသားညီညွတ်ရေးအစိုးရ နှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့်

**၁။** အမျိုးသားညီညွတ်ရေးအစိုးရနှင့် ၎င်းလက်အောက်ရှိ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ)၊ ပြည်သူ့လုံခြုံရေးအဖွဲ့ (ပလဖ) နှင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) များအပါအဝင် ပြည်တွင်းရှိ အခြားသော လက်နက်ကိုင်တော်လှန်ရေးတပ်များအားလုံးအနေဖြင့် အခြေခံလူ့အခွင့်အရေးဖြစ်သည့် ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လေးစားတန်ဖိုးထား၍ ကာကွယ်မြှင့်တင်ရန် လိုအပ်သည်။ ထို့အပြင် အဖွဲ့အစည်းများအတွင်း ဖြစ်ပွားလျက်ရှိသော အာဏာအလွဲသုံးစားပြုလုပ်ခြင်းများနှင့် "ပသုံးလုံး" အား အပြုသဘောဆောင်သည့် ပြောင်းလဲမှုများ လုပ်ဆောင်ရန်နှင့် ထိရောက်သည့်ကိုင်တွယ်ဖြေရှင်းမှုများပြုလုပ်ရန်။

**၂။** မြေပြင်ရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် အာဏာရှိပုဂ္ဂိုလ်အဖွဲ့အစည်းများမှ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့လျှင် ပြည်သူလူထုမှ လက်လှမ်းမီ၍ လွယ်ကူထိရောက်စွာ တိုင်ကြားနိုင်သည့် တိုင်ကြားရေးယန္တရား (complaint mechanism) အား လျှင်မြန်စွာ အကောင်အထည်ဖော် တည်ဆောက်ရန်။

**၃။** လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းလွတ်လပ်ခွင့်ကို အာမခံသည့် မူဝါဒများကိုသာ ပြဋ္ဌာန်းကျင့်သုံးရန်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များက ထိန်းချုပ်ထားသည့် နယ်မြေများရှိ ပြည်နယ် (သို့) ဒေသအစိုးရများမှ ရေးဆွဲပြဋ္ဌာန်းထားသည့် (သို့မဟုတ်) ရေးဆွဲပြဋ္ဌာန်းလျက်ရှိသည့်

---

[59] ဘီဘီစီမြန်မာ (၂၀၂၄၊ စက်တင်ဘာ ၂၆) "NUG ဖြေရှင်းရမယ့် 'ပသုံးလုံး' အာဏာစက်"
https://www.bbc.com/burmese/articles/cnvd3n4gne7o

[60] အသံ (၂၀၂၄၊ ဧပြီ – ဇူလိုင်) "မြန်မာနိုင်ငံ၏ သတင်းသမားများနှင့် သတင်းမီဒီယာလွတ်လပ်မှုအခြေအနေ"
https://athanmyanmar.org/wp-content/uploads/2024/10/Apr-Jun-24_M-J-MMs-1.pdf

သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံဥပဒေမူကြမ်းများတွင် ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းမီဒီယာလွတ်လပ်ခွင့်တို့ကို ပြည့်ပြည့်ဝဝ ကာကွယ်ပေးနိုင်မည့် အခန်းကဏ္ဍများ ထည့်သွင်းရေးဆွဲအတည်ပြုရန်။

## အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့်

၄။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သက်ဆိုင်သည့် အသိပညာများအား ပြည်သူလူထုအနေဖြင့် လွယ်လင့်တကူ လက်လှမ်းမီ၍ လေ့လာဖတ်ရှု သိရှိနားလည်သဘောပေါက်နိုင်ရန်အတွက် အပြုသဘောဆောင်သည့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများ၊ ကမ်ပိန်းများ၊ အသိပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဆောင်ရွက်ရန်။

၅။ ကြုံတွေ့နေရသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းမီဒီယာလွတ်လပ်ခွင့်များနှင့် ပတ်သက်၍ ကန့်သတ်ပိတ်ဆို့မှုများအပါအဝင် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အစဉ်တစိုက် စနစ်တကျ စောင့်ကြည့်မှတ်တမ်းရယူရန်။

၆။ နိုင်ငံရေးတက်ကြွလှုပ်ရှားမှုများနှင့် သတင်းလုပ်ငန်းများကို လုပ်ကိုင်ရင်း ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့်၊ ဖမ်းဆီးထိန်းသိမ်းခံနေရဆဲဖြစ်သည့် သတင်းထောက်များနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို လိုအပ်သည့် ထိရောက်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးအပ်ရန်။

၇။ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့အစည်းများအတွင်း ဖြစ်ပွားလျက်ရှိသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လုပ်အားခေါင်းပုံဖြတ်မှုများအပါအဝင် အခြားသော လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများကို ထိရောက်သည့် စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ခြင်း၊ စနစ်တကျ မှတ်တမ်းတင်ခြင်းများနှင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးမှ အဖွဲ့အစည်းများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျူးလွန်ခံရသူမှ တရားမျှတမှု အမြန်ဆုံးပြန်လည်ရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရန်။



ဤအစီရင်ခံစာတွင် ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အချိန်ကာလအထိ အကြမ်းဖက်စစ်တပ်၏ မတရားအာဏာသိမ်းမှုကို မြန်မာပြည်သူလူထုတရပ်လုံးကမည်ကဲ့သို့ ဆန့်ကျင်ခဲ့ကြသနည်း၊ (သို့မဟုတ်) မည်ကဲ့သို့ ဆက်လက်ဆန့်ကျင် ပါဝင်တိုက်ပွဲဝင်နေကြသနည်း ဆိုသည့်မေးခွန်းကို အခြေခံထားသည်။

ထို့အပြင် မြန်မာလူထု က စစ်တပ် ကို ဆက်လက်တိုက်ပွဲဝင်နေသည့် အကြောင်းအရင်းများ နှင့် ၄င်းတို့မျှော်မှန်းသည့် နိုင်ငံရေး စံတန်ဖိုး၊ နိုင်ငံရေးစနစ်နှင့် ရည်မှန်းချက်များကိုလည်း လေ့လာ တင်ပြထားသည်။